ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၇ ခုနှစ် ၊ တော်သလင်းလဆန်း (၁၄)ရက် ၊ သောကြာနေ့ ၊ (5-9-2025) ၊ အတွဲ (၃၄) ၊ အမှတ် (၁၂၈)

ဒီတာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များအောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ Harbin Institute of Technology နှင့် Harbin Electric Coporationသို့ သွားရောက်ကြည့်ရှုလေ့လာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် Harbin Institute of Technology တက္ကသိုလ်ပြတိုက် အာကာသပြခန်းအတွင်း ခင်းကျင်းပြသထားမှုများကို လှည့်လည်ကြည့်ရှုလေ့လာစဉ်။

နေပြည်တော် စက်တင်ဘာ ၄

တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ အလုပ်သဘောခရီး ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ခရီးစဉ်တွင် လိုက်ပါလာသည့် အဖွဲ့ဝင်များနှင့် အတူ ယနေ့ ဒေသစံတော်ချိန် နံနက် ၈ နာရီတွင် ပေကျင်းမြို့ Beijing Capital International Airport မှ ဟာပင်းမြို့သို့ ထွက်ခွာကြရာ လေဆိပ်တွင် ပေကျင်းမြူနီစီပယ်အစိုးရမှ တာဝန်ရှိသူများက ပို့ဆောင်နှုတ်ဆက်ကြသည်။

ယင်းနောက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော် လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ဒေသစံတော်ချိန်နံနက် ၉ နာရီခွဲတွင် ဟာပင်းမြို့ Taiping International Airport သို့ ရောက်ရှိကြရာ တရုတ်အစိုးရမှ ဒုတိယဝန်ကြီးအဆင့်ရှိသူတစ်ဦးနှင့်တာဝန်ရှိသူများက လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် Harbin Institute of Technology သို့ သွားရောက်ကြည့်ရှုလေ့လာကြသည်။

ဦးစွာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ

စာမျက်နှာ ၁၆ ကော်လံ ၁

ဘိလပ်မြေစက်ရုံ(တန်–၄၀၀၀) မြိုင်ကလေး နှင့် ဘိလပ်မြေစက်ရုံ(တန်–၁၂၀၀) ပြည်ညောင်တို့မှ ထုတ်လုပ်သော

ကြုံ၊ ဆင်နှစ်ကောင် ၊ Blue Diamond နှင့် မြင်းပျံ အမှတ်တံဆိပ် ဘိလပ်မြေများအား

စက်ရုံ နှင့် အရောင်းကိုယ်စားလှယ်များထံမှ စက်ရုံဈေးဖြင့် ဝယ်ယူရရှိနိုင်ပါသည်။

ဘိလပ်မြေစက်ရုံ(တန်–၄၀၀၀)

ပင်ရင်းအရောင်းဌာန – ဖုန်း – ၀၉ ၄၄၉၂၅၂၁၂ ၂

အရောင်းကိုယ်စားလှယ်– ဖုန်း – ၀၉ ၇၇၇၀၀ ၂၇၀၄၊ ၀၉၇၇၇၀၀၄၀၉၇

ဘိလပ်မြေစက်ရုံ(တန်–၁၂၀၀)

ပင်ရင်းအရောင်းဌာန – ဖုန်း – ၀၉ ၇၇၇၀၀၄၇၇၀

အရောင်းကိုယ်စားလှယ်– ဖုန်း – ၀၉ ၇၇၇၀၀ ၂၆၇၀

ရတနာပုံ
၂၀၂၅ ခုနှစ် စက်တင်ဘာ ၅ ရက်
အယ်ဒီတာ့အာဘော်

ထူးချွန်ထက်မြက်သူများကို ဂုဏ်ပြုချီးမြှင့်ခြင်းမင်္ဂလာ

နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရန် အခြေခံအကျဆုံးဖြစ်သည့် အစိတ်အပိုင်းမှာ "ပညာရေး" ပင်ဖြစ်သည်။ ပညာရေးသည် ကျောင်းသား၊ ကျောင်းသူကလေးသူငယ်တစ်ဦးချင်းစီ၏ အနာဂတ်နှင့် နိုင်ငံတော်အတွက် လွန်စွာအရေးကြီးသည်။ ပညာတတ်ပေါများသည့် နိုင်ငံသည် ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံဖြစ်လာမည်ဖြစ်သည်။ ထို့ကြောင့် ပညာတတ်လူသားအရင်းအမြစ်များ မွေးထုတ်ပေးကြရမည်ဖြစ်ပေသည်။

၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သော စစ်မှုထမ်းဆဲ၊ စစ်မှုထမ်းဟောင်းမိသားစုဝင်သား၊ သမီးများ၊ စစ်သည်အစားခန့်(အရပ်သား)ဝန်ထမ်းများ၏သား၊ သမီးများ၊ စစ်သည်များ၊ လူရည်ချွန်ဆုရရှိသူများကို တိုင်းစစ်ဌာနချုပ်တို့၌ ဂုဏ်ပြုချီးမြှင့်ပွဲများ ကျင်းပလျက်ရှိသည်ကို တွေ့ရပေသည်။ ထိုသို့ ဂုဏ်ပြုချီးမြှင့်ခြင်းသည် ဂုဏ်ပြုထိုက်သူကို ဂုဏ်ပြုခြင်းမင်္ဂလာပင်ဖြစ်ပေသည်။

နိုင်ငံတော်စဉ်ဆက်မပြတ် တိုးတက်စေရန်အဓိကမဏ္ဍိုင်တစ်ခုဖြစ်သည့် "အမျိုးသားပညာရေးကဏ္ဍ"ကို ပညာရေးဝန်ကြီးဌာနက တာဝန်ယူဖော်ဆောင်ပေးနေသကဲ့သို့ တပ်မတော်အနေဖြင့်လည်း တပ်မတော်ထဲဝင်ရောက်အမှုထမ်းခဲ့ကြသည့် စစ်သည်များထဲမှ ပညာရေးတစ်ပိုင်းတစ်စနှင့် ဝင်ရောက်လာသူများရှိသည့်အတွက်ကြောင့် အဆိုပါစစ်သည်များ၏ဘဝတိုးတက်မှုနှင့် တပ်မတော်စွမ်းရည်မြင့်မားစေရန် တပ်မတော်ပညာရေးကျောင်းများတွင် အတန်းလိုက်သင်ကြားပို့ချပေးလျက်ရှိသည်။ လက်ရုံးရည်၊ နှလုံးရည်နှင့်ပြည့်ဝသည့် စစ်သည်တော်ကောင်းများပေါ်ထွက်လာအောင် ပညာရေးကိုအားပေးလျက်ရှိသကဲ့သို့ လူ့စွမ်းအားအရင်းအမြစ်ကောင်းများ ရရှိရန်အတွက် "နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့"ဆိုသည့်ဆောင်ပုဒ်နှင့်အညီ ပညာရေးကဏ္ဍကို အလေးထားဆောင်ရွက်ပေးလျက်ရှိသည်။

နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အဆိုပါနိုင်ငံသူ၊ နိုင်ငံသားများ ကျန်းမာကြံ့ခိုင်ပြီး ပညာအရည်အသွေးပြည့်ဝသည့် လူငယ်များ၏အား လိုအပ်ပေသည်။ "ပညာ"ဆိုသည်မှာ အမှားအမှန် အကောင်းအဆိုး၊ အကြောင်းအကျိုးကို သိရှိနားလည်ပြီး စဉ်းစားတွေးခေါ်ဝေဖန်ပိုင်းခြားနိုင်သည့် အသိဉာဏ်ပင်ဖြစ်သည်။ ပညာရေးသည် တစ်ဦးတစ်ယောက်အတွက်သာလျှင် အရေးပါခြင်းမဟုတ်ဘဲ လူ့ပတ်ဝန်းကျင် တည်ဆောက်ခြင်းနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအပိုင်းတွင်လည်း အဓိကအခန်းကဏ္ဍက ပါဝင်နေပေသည်။

မြန်မာနိုင်ငံသည် "အသိပညာ၊ အတတ်ပညာပြည့်စုံသော ပညာတတ်များ မွေးထုတ်ရန်"ဟူသည့် မျှော်မှန်းချက်ဖြင့် နှစ်တို၊ နှစ်ရှည်စီမံကိန်းများ ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ ပညာရေးကို မြှင့်တင်အားပေးခြင်းသည် နိုင်ငံတော်၏အနာဂတ်အတွက် အကောင်းဆုံးနှင့်အရေးကြီးဆုံးသော ရင်းနှီးမြှုပ်နှံမှုဟုဆိုလျှင် မှားမည်မဟုတ်ပေ။ ထို့ကြောင့် အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ဦးတည်ချက်လေးရပ်တွင် "နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး"ဆိုသည့် ဦးတည်ချက်ကို ချမှတ်ဆောင်ရွက်လျက်ရှိပေသည်။

သို့ဖြစ်ရာ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသော ကျောင်းသား၊ ကျောင်းသူများ၊ စစ်သည်များ၊ လူရည်ချွန်ဆုရရှိသူများကို သက်ဆိုင်ရာဌာနများ၊ တိုင်းစစ်ဌာနချုပ်များ၌ ဂုဏ်ပြုချီးမြှင့်ပွဲများ ကျင်းပခြင်းသည် ဂုဏ်ပြုထိုက်သူကို ဂုဏ်ပြုခြင်းမင်္ဂလာဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။

ဓနုဖြူမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ သြဂုတ်လအတွင်း ကွမ်းရွက်ပိသာချိန် အများအပြားတင်ပို့ရောင်းချနိုင်ခဲ့

ဓနုဖြူ စက်တင်ဘာ ၄

ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ သြဂုတ်လအတွင်း ကွမ်းရွက်ပိသာချိန် အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဓနုဖြူမြို့နယ် ကွမ်းရွက်နှင့်ကွမ်းသီးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ညိုညိုက ပြောပြ၍ သိရသည်။

ဓနုဖြူမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဧရိယာလိုင်းတွင်းက ကွမ်းရွက်ပိသာချိန် ၅၀၀၀၀ ထိ သာတင်ပို့ရောင်းချနိုင်ခဲ့ပြီး သြဂုတ်လအတွင်း ကွမ်းရွက်ပိသာချိန် ၆၆၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါဒေသထွက် ကွမ်းရွက်များသည် အရည်အသွေးကောင်းမွန်ပြီး လူကြိုက်များကြောင်း သိရသည်။

"ဓနုဖြူမြို့နယ်ကနေ ရန်ကုန်ဈေးကွက်ကို လယ်ယာထွက်ကုန်တွေနဲ့ ခြံထွက်ကုန်တွေ အဆက်မပြတ် ရောင်းဝယ်တင်ပို့ရောင်းချနေပါတယ်။ ပြီးခဲ့တဲ့တစ်လအတွင်းမှာတော့ ရန်ကုန်ဈေးကွက်ဘက်ကို ကွမ်းရွက်ပိသာချိန် အများအပြား တင်ပို့ရောင်းချခဲ့ရပါတယ်။ ပိသာချိန်အနေနဲ့ဆိုပြီးခဲ့တဲ့တစ်လအတွင်း ကွမ်းရွက်ပိသာချိန် ၆၆၀၀၀ ထိကို ရန်ကုန်ဈေးကွက်ထဲကို တင်ပို့ရောင်းချခဲ့ရတယ်။ ဒေသထွက်ကွမ်းရွက်တွေ ဝယ်လိုအားကောင်းလာတဲ့အတွက် ကွမ်းစိုက်တဲ့လုပ်ငန်းတွေ အဆင်ပြေနေပါတယ်"ဟု ဓနုဖြူမြို့နယ် ကွမ်းရွက်နှင့်ကွမ်းသီး ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ညိုညိုက ပြောပြသည်။

ဓနုဖြူမြို့နယ်မှ ထွက်ရှိသည့် ဒေသထွက်ကွမ်းရွက်များကို စနစ်တကျ ရွေးချယ်သန့်စင်ကာ ရန်ကုန်ဈေးကွက်အပြင် မအူပင်မြို့သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ အဆိုပါဒေသထွက် ကွမ်းရွက် ၁၀ ပိသာလျှင် ငွေကျပ် ၁၇၅၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

ကျော်ကျော်လင်း

မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင် တိုင်းဒေသကြီးဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီ ၁/၂၀၂၅ အစည်းအဝေးသို့ တက်ရောက်

မန္တလေး စက်တင်ဘာ ၄

မန္တလေးတိုင်းဒေသကြီး ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီ ၁/၂၀၂၅ အစည်းအဝေးကို စက်တင်ဘာ ၃ ရက် မွန်းလွဲပိုင်းက မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီးဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်း(မန္တလေး)၊ မြန်မာနိုင်ငံဟိုတယ်လုပ်ငန်းရှင်များအသင်း(မန္တလေးဇုန်)၊ မြန်မာနိုင်ငံဟိုတယ်လုပ်ငန်းရှင်များအသင်း(ပြင်ဦးလွင်ဇုန်)နှင့် သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေး၌ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး မန္တလေးတိုင်းဒေသကြီး ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီဒုတိယဥက္ကဋ္ဌ၊ တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဦးသိန်းဌေးက ခရီးသွားဖွံ့ဖြိုးရေးဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားကာ မန္တလေးတိုင်းဒေသကြီး ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်း ကော်မတီ အတွင်းရေးမှူး တိုင်းဒေသကြီး ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှူး ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဇော်မျိုးလတ်က ခရီးလှည့်လည်ရေး လုပ်ငန်း၊ ဧည့်လမ်းညွှန်လုပ်ငန်း၊ ဒေသဆိုင်ရာ ဧည့်လမ်းညွှန်လုပ်ငန်းများနှင့် ပတ်သက်၍ (၃/၂၀၂၄) အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှု၊ ဆောင်ရွက်ဆဲ၊ ဆက်လက်ဆောင်ရွက်မည့် အစီအမံများကို ရှင်းလင်းတင်ပြသည်။

ၛင်းနောက် တက်ရောက်လာကြသူများက ဟိုတယ်လုပ်ငန်းများ၊ ခရီးသွားလုပ်ငန်းများနှင့် ပတ်သက်၍ လုပ်ငန်းဆောင်ရွက်နေမှုများ၊ ကြုံတွေ့နေရသည့်အခြေအနေများ၊ သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ဆောင်ရွက်မည့်အစီအမံများနှင့်စပ်လျဉ်း၍ ဝိုင်းဝန်းဆွေးနွေး အကြံပြုတင်ပြကြရာ သက်ဆိုင်ဌာနများမှ တာဝန်ရှိသူများက ဖြည့်စွက်ဆွေးနွေးပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က တင်ပြဆွေးနွေး အကြံပြုချက်များအပေါ် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **မျိုးကျော်**

ရွှေဘိုခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲကြီး ၃၄၇၅ ဧက စိုက်ပျိုးမည်

ရွှေဘို စက်တင်ဘာ ၄

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲကြီး ၃၄၇၅ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ရွှေဘိုခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲကြီးစိုက်ပျိုးရန်အတွက် မြို့နယ်အလိုက် လျာထားမှုအနေဖြင့် ခင်ဦးမြို့နယ်တွင် ဧက ၁၃၅၀၊ ဝက်လက်မြို့နယ်တွင် ၂၁၂၅ ဧက စုစုပေါင်း ၃၄၇၅ ဧကဖြစ်ကြောင်း၊ အဆိုပါစိုက်ပျိုးမှုကို ယခုနှစ် အောက်တိုဘာလမှ စ၍ ဒီဇင်ဘာလထိ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ရွှေဘိုခရိုင်မှာ ပဲကြီးဧက ၃၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ ပဲကြီးစိုက်ပျိုးမှုအနေနဲ့ လျာထားဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးသွားပါမယ်။ ပဲကြီးအထွက်နှုန်းနဲ့ အရည်အသွေး ကောင်းမွန်ရေးအတွက် လိုအပ်တဲ့မျိုးကောင်းမျိုးသန့်တွေ၊ သွင်းအားစုတွေကို တောင်သူတွေနဲ့ ပူးပေါင်းပြီး ဆောင်ရွက်ပေး သွားပါမယ်"ဟု ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူး ဒေါ်ဇာဇာမင်းက ပြောပြသည်။

ရွှေဘိုခရိုင်တွင် ပဲကြီးစိုက်တောင်သူများအနေဖြင့် ပဲကြီးစိုက်ဧကများ တိုးချဲ့စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်ရေး၊ GAP နည်းစနစ်ဖြင့်စိုက်ပျိုးရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးရေး၊ အထွက်နှုန်းကောင်းမွန်သည့် မျိုးများကို စိုက်ပျိုးနိုင်ရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ပဲကြီးကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ မြင့်မားလာမည်ဖြစ်သောကြောင့် ပဲကြီးကို တိုးချဲ့စိုက်ပျိုးနိုင်ရန် ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း လက်ထောက် ညွှန်ကြားရေးမှူး ဒေါ်ဇာဇာမင်းက ပြောပြ၍ သိရသည်။ (၂၀၆)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၃၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဇဝရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

ဝမ်းတွင်းမြို့နယ် ထန်းပင်ကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု စစ်ဆေး

ဝမ်းတွင်း စက်တင်ဘာ ၄

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန က ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် စတင်ဆောင်ရွက်ခဲ့သည့် ထန်းပင်ကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ဖြင့် မွေးမြူရေးနှင့် အသက်မွေးဝမ်းကျောင်းအဖွဲ့ လေးဖွဲ့၏ လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို စက်တင်ဘာ ၃ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကို ဦးနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ထန်းပင်ကုန်းကျေးရွာ၌ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို အစုအဖွဲ့စနစ်ဖြင့်အောင်မြင်ကြီးပွားအဖွဲ့၊ ကြွယ်ဝအဖွဲ့၊ ပြည့်စုံအဖွဲ့နှင့် တိုးတက်ချမ်းသာအဖွဲ့ လေးဖွဲ့မှ မွေးမြူရေးလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများ နှင့်လအလိုက် ဖြည့်သွင်းရမည့် ငွေစာရင်းပုံစံများ ပြည့်စုံစွာဖြည့်သွင်းထားမှုရှိ/မရှိ ကြည့်ရှုစစ်ဆေးခဲ့ပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်း မွေးမြူရေးနှင့်ပတ်သက်၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

အဆိုပါကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ခွင့်ပြုငွေကျပ်သိန်း ၃၀၀၊ အစုအဖွဲ့များထည့်ဝင်ငွေကျပ်သိန်း ၁၀၀ တို့ဖြင့် ဆောင်ရွက်ခြင်းဖြစ်ကြောင်း အဆိုပါကျေးရွာရှိ စိုက်ပျိုးရေး၊ မွေးမြူရေး လုပ်ငန်းလုပ်ကိုင်သူများ၊ အသေးစားနှင့် အလတ်စားစီးပွားရေး လုပ်ငန်း လုပ်ကိုင်သူများအတွက် လိုအပ်သောအရင်းအနှီးရရှိစေရန် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို အစုအဖွဲ့စနစ်ဖြင့် ဆောင်ရွက်တက်စေရန်ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်း ဆောင်ရွက်ခြင်း ဖြစ်ကြောင်း ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။ **အောင်ရဲကျော်**

မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် မန္တလေးမြို့ အိမ်အမှတ် (၂၀၃)၊ လမ်း (၃၀) ၈၄ လမ်းနှင့် ၈၅ လမ်းကြားနေ ဒေါက်တာဦးမောင်မောင်-ဒေါ်ခင်ညွန့်မွန်မိသားစုက ဆွမ်း/ဆေးပဒေသာပင်အတွက် အလှူငွေကျပ် ၁၁၀၀၀၀၀ လှူဒါန်းရာ ဆွမ်းကွမ်းဝေယျာဝစ္စ ဆပ်ကော်မတီအတွင်းရေးမှူး ဦးဝဏ္ဏနှင့် ဆွမ်းကွမ်းအဖွဲ့ဝင် ဦးဝင်းမြင့်တို့က လက်ခံရယူစဉ်။

ကလေးခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကြက်သွန်နီ ၃၄၂၅ ဧက စိုက်ပျိုးမည်

ယခင်နှစ်က ကြက်သွန်နီစိုက်ခင်းကို တွေ့ရစဉ်။

ကလေး စက်တင်ဘာ ၄

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကြက်သွန်နီ ၃၄၂၅ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း ကလေးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကလေးခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ကြက်သွန်နီ စိုက်ပျိုးရန်အတွက် မြို့နယ်အလိုက် လျာထားမှု အနေဖြင့် ကလေးမြို့နယ်တွင် ၂၃၁၉ ဧက၊ ကလေးဝမြို့နယ်တွင် ၃၁၃ ဧက၊ မင်းကင်းမြို့နယ်တွင် ၇၉၃ ဧက စုစုပေါင်း ၃၄၂၅ ဧက ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ကလေးခရိုင် ဆောင်းသီးနှံ စိုက်ပျိုးရာသီမှာ ကြက်သွန်နီ ဧက ၃၀၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်သွားမှာပါ။ ကြက်သွန်နီစျေးကွက်တွေ စျေးကောင်းရဖို့လဲ ချိတ်ဆက် ဆောင်ရွက်ပေးတာတွေရှိပါတယ်"ဟု ကလေးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်က ပြောပြသည်။

ကလေးခရိုင်တွင် သက်ဆိုင်ရာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန အနေဖြင့် ကြက်သွန်နီစိုက်တောင်သူများ စျေးကောင်းရစေရန် စျေးကွက်ချိတ်ဆက်မှုများ ဆောင်ရွက်ပေးခြင်း၊ ကြက်သွန်နီကို ကြာရှည်စွာထားခံနိုင်ရန် နည်းပညာပေးခြင်း၊ GAPနည်းစနစ်ဖြင့် စိုက်ပျိုးနိုင်ရန်နှင့် အရည်အသွေးကောင်းမွန်သည့် ကြက်သွန်နီ ဖြစ်စေရန်အတွက် အသိပညာပေးခြင်းများ ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း သိရသည်။

ကြက်သွန်နီကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်း စားသုံးမှု ဖူလုံစေရုံမျှမက ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ မြင့်မားလာမည်ဖြစ်သောကြောင့် ကြက်သွန်နီကို တိုးချဲ့စိုက်ပျိုးနိုင်ရန် ဒေသမရွေးကြိုးပမ်းကြရမည် ဖြစ်ကြောင်း ကလေးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်က ပြောပြ၍ သိရသည်။

(၂၀၆)

ပေါင်းတည်မြို့နယ် ပေါက်တန်း(အလယ်စု)ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

ပေါင်းတည် စက်တင်ဘာ ၄

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် ပေါင်းတည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေဖြင့် ပေါက်တန်း(အလယ်စု)ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ပေါင်းတည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သန္တာဦးရွှေနှင့် ဝန်ထမ်းများက ပေါက်တန်း(အလယ်စု)ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်တွေ့ဆုံကာ လိုအပ်သည်များကို ဆွေးနွေးမှာကြားခဲ့သည်။

အဆိုပါကျေးရွာတွင် အရှည်ပေ ၅၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေကျပ် ၁၂ သန်း၊ ကျေးရွာသူ၊ ကျေးရွာသားများ လုပ်အားထည့်ဝင်၍ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၏ နည်းပညာကူညီပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် သြဂုတ်လဒုတိယပတ်က စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီ ဖြစ်ကြောင်း ပေါင်းတည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ် ဦးစီးမှူး ဒေါ်သန္တာဦးရွှေက ပြောပြ၍ သိရသည်။

သုတ

ညောင်တုန်းမြို့နယ်မှ ရန်ကုန်စျေးကွက်သို့ သြဂုတ်လအတွင်း ငွေတိုးစပါးတင်းရေ ၇၂၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

ညောင်တုန်း စက်တင်ဘာ ၄

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်မှ ရန်ကုန်စျေးကွက်သို့ သြဂုတ်လအတွင်း ငွေတိုးစပါးတင်းရေ ၇၂၀၀၀ ထိတင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ညောင်တုန်းမြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ကေကေခိုင်က ပြောပြ၍ သိရသည်။

ညောင်တုန်းမြို့နယ်မှ ရန်ကုန်စျေးကွက်သို့ ဧရိုင်လအတွင်း ငွေတိုးစပါးတင်းရေ ၅၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး သြဂုတ်လအတွင်း ငွေတိုးစပါးတင်းရေ ၇၂၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ပြီးခဲ့တဲ့ သြဂုတ်လအတွင်း ငွေတိုးစပါးတင်းရေ ၇၂၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ညောင်တုန်းမြို့နယ်ကနေ လယ်ယာထွက်ကုန်တွေကို ရန်ကုန်စျေးကွက်ကို အများဆုံးတင်ပို့ရောင်းချနေပါတယ်။ ငွေတိုးစပါးက ဆန်ကြမ်းအုပ်စုထဲမှာပါတဲ့ စပါးအမျိုးအစားဖြစ်ပါတယ်။ လက်ရှိစပါးစျေးက နည်းနည်းငြိမ်နေပါတယ်။ ငွေတိုးစပါးကို ရန်ကုန်စျေးကွက်က အခုလထဲမှာလဲ အများအပြားဝယ်ယူဖို့ ချိတ်ဆက်မှုတွေရှိနေပါတယ်။ တင်ပို့ရောင်းချတဲ့အခါမှာလဲ အခက်အခဲမရှိပါဘူး"ဟု ညောင်တုန်းမြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ကေကေခိုင်က ပြောပြသည်။

ညောင်တုန်းမြို့နယ်မှ ရန်ကုန်စျေးကွက်သို့ ပြီးခဲ့သည့် သြဂုတ်လအတွင်း ငွေတိုးစပါးတင်းရေ ၇၂၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့သည့်အတွက် တောင်သူများ၊ ကုန်သည်များ၊ ကုန်တင်ကုန်ချ လုပ်သားများ၊ ကုန်တင်ယာဉ်အင်္ဂါ လိုက်သူများ အလုပ်အကိုင်အခွင့်အလမ်း အဆင်ပြေလျက်ရှိကြောင်း၊ အဆိုပါငွေတိုးစပါးတင်းရေ ၁၀၀ လျှင် ငွေကျပ် ၁၅၅၀၀၀ ထိ ပေါက်စျေးရှိကြောင်း ညောင်တုန်းမြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ကေကေခိုင်က ပြောပြ၍ သိရသည်။ **ကျော်ကျော်လင်း**

ပန်းတကာ့ပန်း ဘယ်ပန်းရနုံ့ အသင်းပျုံ့ဆုံးလဲ

မောင်ငြိမ်းသူ(ကြို့ပင်ကောက်)

"သူငယ်ချင်းရေ ငါသိပ်မရှင်းလို့ မင်းကို မေးရအောင် လာတာပါကွာ"

"ဘာမေးမှာလဲ"

"ပထမမေးခွန်းက **"အရိပ်သုံးပါးဆိုတာဘာလဲ"** ငါက သစ်ရိပ်၊ ဝါးရိပ်၊ မိဘရိပ်လို့ ဖြေလိုက်တယ်ကွ။ အဲဒီ အဖြေဟာ မှားသွားသလားကွာ"

"အမှတ်(၁၀၀)ပေးရင် အမှတ်(၄၀)နဲ့ကပ်ပြီး အောင်ရုံအဆင့်တော့မှန်တာပေါ့ကွာ"

"ရာနှုန်းပြည့်အမှန်က ဘာတွေလဲကွ။ ရှင်းပြစမ်းပါအုံးကွာ"

"သေသေချာချာ စဉ်းစားကြည့်ရင် အမေးကိုက ဝေဝါးနေတာကွ။ ဟိုလိုလို ဒီလိုလိုဖြစ်နေတာ။ အရိပ်သုံးပါး ဆိုတာမဟုတ်ဘူး။ ဆုံးမသြဝါဒတွေထဲမှာ **(၁) ဘုရားအရိပ်၊ (၂)တရားအရိပ်၊ (၃) သံဃာအရိပ်၊ (၄) မိဘ ဆွေမျိုးအရိပ်နဲ့ (၅) သစ်ဝါးအရိပ်ဆိုပြီး အရိပ် ငါးပါးပဲရှိတယ်။ အရိပ်သုံးပါးဆိုတာက "အရိပ်သုံးပါး နားမလည်၊ ဂျီ(ချေ)သူငယ်၊ ကျားစာဖြစ်"** ဆိုတဲ့စကားပုံအရ ပြောဆိုနေကြတာ။ ဆိုလိုတာက ကွာ။ ကျားရဲ့အသံ၊ ကျားရဲ့အနုံ့၊ ကျားရဲ့လှုပ်ရှားပြုမှုမှ အရိပ်အခြည်းကို နားမလည်တဲ့ ဂျီ(ချေ)သူငယ်ဟာ ခပ်လွယ်လွယ်နဲ့ ကျားစားခံရသလိုပဲ လူတွေလဲ ကိုယ့်ရည်မှန်းချက်အရ ကိုယ့်လိုအင်ဆန္ဒပြည့်ဝဖို့ ကြိုးစားလှုပ်ရှားကြတဲ့နေရာမှာ ကိုယ်နဲ့ထိတွေ့ ဆက်ဆံရမဲ့ ပတ်ဝန်းကျင်အခြေအနေတွေနဲ့ လူတွေရဲ့ စိတ်နေသဘောထားတွေကို နားလည်သဘောပေါက်မှုမရှိဘဲ၊ လေ့လာစူးစမ်းမှုမရှိဘဲ ချဉ်းကပ်ပူးပေါင်းဆောင်ရွက်မိရင် ကိုယ်ကျိုးနည်းတတ်တယ်။ ဆုံးရှုံးနစ်နာမှုတွေနဲ့ ကြုံတွေ့တတ်တယ်။ မြွေပါလဲဆုံး၊ သားလဲဆုံး၊ ယူကျုံးမရ၊ အပူလုံးကြွ၊ ခံစားကြရတယ်လို့ စကားပုံသာဓကပြပြီး ဆိုးထားတာပဲကွ"

"အေး... ဒါမှ သဘာဝကျတာကွ။ ဒုတိယမေးခွန်းကတော့ **"လောကကြီးထဲမှာ အမွေးပျံ့ဆုံးပန်းရနုံ့ဟာ ဘယ်ပန်းရနုံ့လဲ"**တဲ့။ ငါက **"မဏ္ဍူသကနတ်ပန်း"**လို့ ဖြေပေးလိုက်တော့ ငါ့မြေးရဲ့ဆရာမက မဏ္ဍူသကနတ်ပန်းဟာ မြင်သာထင်သာမရှိဘူးတဲ့။ ပုံပြင်နဲ့ နိပါတ်တော်တွေထဲမှာ ကြားဖူးနားဝဝဲ ရှိကြတာတဲ့။ လူတွေမြင်သာထင်သာရှိတဲ့ပန်း၊ လက်ညှိုးထိုးပြနိုင်တဲ့ပန်းဖြစ်ရမယ်တဲ့ကွာ။ ဒီတော့ ငါက လူတွေမြင်သာထင်သာရှိတဲ့ပန်း၊ လက်ညှိုးထိုးပြနိုင်တဲ့ပန်းတွေကို တန်းစီပြီး စဉ်းစားလိုက်တာ၊ ပိတောက်ပန်း၊ ကံ့ကော်ပန်း၊ စံပယ်ပန်း၊ ညမွှေးပန်း၊ ဆိတ်ဖလူးပန်း၊ ခရေပန်း ပန်းတွေစုံနေတာပဲကွာ။ ဒါပေမဲ့ တိကျတဲ့အဖြေကို မပေးနိုင်ခဲ့ဘူးကွ။ မင်းသိရင် ပြောပြပါလားကွာ"

"ဝါတွင်းကာလမှာ တရားဟော ဓမ္မကထိက ဆရာတော်တစ်ပါးပါး ဟောကြားတော်မူတဲ့ တရားကို နာကြားမိခဲ့ရာက ဒါမှမဟုတ် တရားစာအုပ် တစ်အုပ်အုပ်ကို ဖတ်ရှုမိခဲ့ရာက အဲဒီမေးခွန်းကို မေးတာကွ။ အဲဒီ မေးခွန်းက မြတ်ဗုဒ္ဓဟောကြားတော်မူခဲ့တဲ့ တရားတော်ထဲမှာ ပါခဲ့တာကွ"

"ဟုတ်လား၊ ငါ...သိပ်သိချင်တယ်ကွာ"

"ငါလဲ **ဆရာလယ်တီပဏ္ဍိတဦးမောင်ကြီးရေးသားတဲ့ စာဏာကျနီတိကျမ်း(ဒုတိယတွဲ)စာအုပ်"** ထဲမှာ ဖတ်ရှုမှတ်သားခဲ့ဖူးလို့ သိနေတာကွ။ စာပေရဲ့ အကျိုး၊ စာဖတ်ခြင်းကျေးဇူးတရားပေါ့ကွာ။ တိုက်တိုက်ဆိုင်ဆိုင်ပါပဲကွာ။ ဒီနေ့ဟာ တော်သလင်းလပြည့်နေ့ဆိုတော့ မြတ်ဗုဒ္ဓကို ရည်စူးဖူးမြော်ရာလဲ ရောက်သွားတာပေါ့။ မင်းကို ငါမေးရအုံးမယ်။ တော်သလင်းလရဲ့ထူးခြားချက်ဟာ ဘာလဲ၊ မင်းသိရဲ့လား"

"သိတာပေါ့ကွာ။ **"တော်သလင်းနေ၊ ပုစွန်သေ" "ခွေးတွေမာန်ထ၊ တော်သလင်းလ"**လို့ကလေးလူကြီး ပြောဆိုနေကြတယ်လေ။

"မင်းဟာ ဗုဒ္ဓဘာသာဝင်မြန်မာလူမျိုးမှ ဟုတ်ရဲ့လားကွာ။ တော်သလင်းလနဲ့ပတ်သက်လို့ **"တော်သလင်းမိုး၊ ကန်သင်းကျိုး"**၊ **"တော်သလင်းတိမ်ညို၊ စဖိုဆင်းရဲ မိုးမစဲ"**၊ **"တော်သလင်းမြင်ကွင်း သင်ဖြူးခင်း"**၊ **"သာစွလေ- မြစ်ရေကမ်းပြည့်၊ ထန်းလည်းမှည့်"**လို့ မိုးရွာသွန်းမှုကို ညွှန်းဆိုထားသမျှ ပြုထားတယ်ကွ။ ဒါ့ပြင် မင်းက ဘာသာရေးနဲ့ တော်တော်အလှမ်းဝေးနေပါလား။ အင်း အချို့ကလဲ တော်သလင်းလရဲ့ နေ့ထူးနေ့မြတ်ကို သတိမထားမိကြတာဟာ သိပ်တော့မထူးဆန်းပါဘူးလေ။ မင်းလဲ ဗုဒ္ဓဘာသာဝင်စစ်စစ် မြန်မာလူမျိုးမှန်ရင် စွဲစွဲမြဲမြဲ မှတ်ထား။ ဝါတွင်းသုံးလမှာ ဝါဆိုလပြည့်နေ့ကို "ဓမ္မစကြာနေ့" ဝါခေါင်လပြည့်နေ့ကို "မေတ္တာအခါတော်နေ့"၊ တော်သလင်း လပြည့်နေ့ကို **"ဂရုဓမ္မအခါတော်နေ့"**၊ သီတင်းကျွတ်လပြည့်နေ့ကို **"အဘိဓမ္မာနေ့"**ရယ်လို့ နေ့ထူးနေ့မြတ်တွေ သတ်မှတ်ထားတယ်။ နေ့ထူးနေ့မြတ် လေးရက်ရှိတဲ့အနက် တော်သလင်းလပြည့်နေ့ "ဂရုဓမ္မအခါတော်နေ့"လဲ တစ်ရက်အပါအဝင်မို့ တော်သလင်းလရဲ့ ထူးခြားချက်ပေါ့ကွာ"

"ဓမ္မစကြာနေ့၊ မေတ္တာအခါတော်နေ့၊ အဘိဓမ္မာနေ့တွေကိုတော့ နားယဉ်နေပြီကွ။ အခုမင်းပြောတဲ့ **"ဂရုဓမ္မ အခါတော်နေ့"**ကိုတော့ ငါ သတိမထားမိဘူးကွာ"

"ဘယ်သတိထားမိပါ့မလဲ၊ မင်းက ငါးပါးသီလကို လုံခြုံအောင်ထိန်းနိုင်သူမှ မဟုတ်တာကိုး"

"အောင်မယ်... မင်းကရော၊ လုံခြုံအောင် ထိန်းနိုင်လို့လား။ ဟေ့ကောင် ပေရှည်မနေနဲ့" **ဂရုဓမ္မ အခါတော်နေ့**"နဲ့ ငါးပါးသီလ ဘာဆိုင်လို့လဲ"

"ဆိုင်လို့ပြောနေတာပေါ့ လူ့ငနွားရဲ့။ စကားကို ဆုံးအောင် နားထောင်။ **"ဂရုဓမ္မအခါတော်နေ့"** ဆိုတာက **"ဂရုဓမ္မ မြတ်သီလ ခေါ် ပဏ္ဍသီလငါးပါးကို ခေါ်တာကွ"**။ ပဏ္ဍသီလနေ့၊ ငါးပါးသီလနေ့လို့လဲ ခေါ်ဆိုကြတယ်။ လွန်ခဲ့တဲ့နှစ်ပေါင်း ၂၅၀၀ ကျော်ကာလက အခုလို တော်သလင်းလမှာလဲ မြတ်စွာဘုရားသခင်က **"ပဏ္ဍသီလ ခေါ် ဂရုဓမ္မမြတ်သီလ ဇာတ်နိပါတ်တော်"**ကို ဟောကြားတော်မူခဲ့တယ်ကွ။

"ကုရုတိုင်း၊ ဣန္ဒပတ္ထနဂိုရ်ပြည့်ရှင် ဘုရားအလောင်းတော် ဓနဥယကောရဗျမင်းကြီးနဲ့ မယ်တော်ကြီး၊ မိဖုရားကြီး၊ ညီတော် အိမ်ရှေ့မင်းသား၊ ပုရောဟိတ်ပုဏ္ဏား၊ မြေတိုင်းအမတ်၊ ရထားထိန်း၊ သူဌေးကြီး၊ တင်းတောင်းခြင်တွယ်အမတ်၊ တံခါးစောင့်နဲ့ ပြည့်တန်ဆာမတို့ဟာ ဂရုဓမ္မငါးပါးသီလကို လုံခြုံမြဲမြဲအောင် စောင့်ထိန်းခဲ့ကြတယ်။ ဘုရင်ကြီးဟာ မင်းကျင့်တရား ၁၀ ပါးနဲ့အညီ တိုင်းပြည်ကို အုပ်ချုပ်ခဲ့တဲ့အပြင် နေ့စဉ်အလှူကြီးတွေကို စေတနာသဒ္ဓါတရား ထက်ထက်သန်သန်နဲ့ ပေးလှူနေခဲ့တယ်။ တိုင်းသူပြည်သားတွေလဲ ကျန်းမာရှင်လန်း ကြည်နူးနေခဲ့ကြတယ်။ ဒါကြောင့် ဣန္ဒပတ္ထနဂိုရ်ပြည်ကြီးဟာ ဒုစရိုက်မှုတွေကင်းဝေးပြီး ဆန်ရေစပါးပေါများ ကြွယ်ဝနေခဲ့တယ်။ သဘာဝဘေးအန္တရာယ်တွေလဲ ကင်းဝေးပြီး တိုင်းပြည်ဟာ အေးချမ်းသာယာ နေခဲ့တယ်"

"ဒါဆိုရင် အခုလို သဘာဝဘေးအန္တရာယ်တွေ ထူပြော၊ ဒုစရိုက်မှုတွေပေါများ၊ တိုင်းပြည်ဆင်းရဲတွင်းနက်နေရတာဟာ ငါးပါးသီလမမြဲလို့၊ မင်းကျင့်တရားနဲ့မညီလို့၊ အလှူဒါနမပြုလုပ်ကြလို့ပေါ့ ဟုတ်လား"

"ဟေ့ကောင် ကြားဖြတ်ဝင်မပြောနဲ့။ ငါပြောတဲ့ ဘုရားဟောဇာတ်နိပါတ်တော်ပြီးမှ မင်းဟာ မင်း ဝေဖန်ချင်သလိုဝေဖန်၊ ငါပြောရတာ အောက်တယ်ကွ"

❖ မြတ်စွာဘုရားကို အရှင်အာနန္ဒာက "အမြစ်နုံ့သာ၊ အနှစ်နုံ့သာ၊ အပွင့်နုံ့သာဟူသော နုံ့သာသုံးမျိုးသည် လေအောက်သို့သာသွားပါသည်။ လေညာသို့ မသွားပါ။ လေအောက်လေညာနှစ်နေရာသို့ သွားနိုင်သည့် နုံ့သာ တစ်စုံတစ်ရာရှိပါသလားဘုရား"လို့ လျှောက်ထားခဲ့တယ်။ အဲဒီတော့ကာ မြတ်စွာဘုရားက "အာနန္ဒာ...ထိုကဲ့သို့ ရနုံ့မျိုးရှိသည်။ ရတနာသုံးပါးကို ကိုးကွယ်ခြင်း၊ သီလဆောက်တည်ခြင်းဟူသော ဂုဏ်ရနုံ့ပင်တည်း။ စန္ဒကူး၊ တောင်ဇလပ်၊ ကြက်ရုံးပန်းတို့၏ရနုံ့သည် လေညာသို့မသွားနိုင်။ သူတော်ကောင်းတို့၏ ဂုဏ်ရနုံ့သည်သာ အရပ်ရှစ်မျက်နှာအားလုံးသို့ သင်းပျုံ့မွှေးကြိုင်ပေသည် ချစ်သား"လို့ ဟောတော်မူခဲ့တယ်။ ❖

"အေးပါကွာ၊ ငါ ကြားဖြတ်ဝင်မပြောတော့ပါဘူး။ တောင်းပန်ပါတယ်။ ဆက်ပြောပါ"

"ကုရုတိုင်း၊ ဣန္ဒပတ္ထနဂိုရ်ပြည်ကြီးဟာ သာယာအေးချမ်းနေပေမဲ့ ကလင်္ဂမင်းအုပ်စိုးတဲ့ အိမ်နီးချင်းနိုင်ငံ၊ ကာသီတိုင်း၊ ဒန္ဓပူရတိုင်းပြည်မှာတော့ ငါးပါးသီလမမြဲကြဘဲ ပျက်စီးနေကြလို့ တရားမဲ့ကုန်ကြတယ်။ တရားမဲ့တော့ ရာသီဥတုကဖောက်ပြန်၊ မိုးခေါင်ရေရှားဖြစ်ပွားပြီး စပါးသီးနှံတွေ မဖြစ်ထွန်းတော့ဘဲ ဆင်းရဲငတ်မွတ်ခေါင်းပါးမှုဒဏ်ကို ခံနေခဲ့ကြရတယ်။ ဒီကြားထဲ တစ်နွယ်ငင် တစ်စင်ပါ ဆိုသလိုပဲ၊ ဆင်းရဲမွဲတေမှုရဲ့နောက်ဆက်တွဲ ဒုစရိုက်မှုတွေလဲ ထူပြောလာခဲ့တယ်။

ဒါကြောင့် တိုင်းသူပြည်သားတွေက နန်းတော်ရင်ပြင်မှာ စုရုံးရောက်ရှိလာကြပြီး "အရှင်မင်းမြတ်၊ တရားမစောင့်လို့ မိုးခေါင်ရေရှားဖြစ်ပြီး တိုင်းသူပြည်သားတွေ ဆင်းရဲမွဲတေ ဒုက္ခပင်လယ်ဝေနေကြရပါတယ်"လို့ စွပ်စွဲပြောဆို ဟစ်ကြွေးခဲ့ကြတယ်တဲ့"

"ဟာ အဲဒါဟာ ဘုရင်ကို ပြည်သူတွေက ဆန္ဒပြတာပေါ့ကွာ။ ဘုရင်က အခုခေတ်လို မဖမ်းဘူးလား။ ရှေးနှစ်ပေါင်း ၂၅၀၀ ကျော်ကတည်းက ပြည်သူတွေဟာ မကျေနပ်ချက်ကို ဆန္ဒပြခဲ့ကြတယ်ဆိုတာ ထင်ရှားတဲ့သာဓကပါလားကွ။ ကြိုက်သွားပြီကွာ။ ဆက်ပြောပါအုံး"

"တော်ပြီကွာ ငါဆက်မပြောချင်တော့ဘူး။ မင်းက ဝင်ဖောက်နေတော့ ငါစကားပြောရတာ အရှိန်ပျက်တယ်ကွ။ လေးနက်မှုလဲ လျော့နည်းသွားတယ်ကွ"

"အကြောင်းတိုက်ဆိုင်လွန်းလို့ပါ သူငယ်ချင်းရာ။ ဒေါမကန်ပါနဲ့။ ငါတော်တော်စိတ်ဝင်စားနေတာပါ။ ဆက်ပြောပါ"

"ကလင်္ဂမင်းက ရှေးမင်းတို့ဟာ မိုးရွာအောင် ဘယ်လိုလုပ်ကြသလဲလို့ ပညာရှိအမတ်တွေကို မေးမြန်းခဲ့တယ်။ ပညာရှိအမတ်တွေက မင်းကြီး ရှေးမင်းတွေက အလှူကြီးပေးပြီး သီလဆောက်တည် အဓိဋ္ဌာန်ပြုကာ ကျက်သရေတိုက်ခန်းထဲမှာ မြေစာမြက်ကိုခင်းပြီး အိပ်စက်ကြတာကြောင့် မိုးရွာပါတယ်လို့ ပြန်လည်လျှောက်ထားခဲ့ကြတယ်။ ကလင်္ဂမင်းလဲ ပညာရှိအမတ်တွေ လျှောက်ထားတဲ့အတိုင်း လိုက်နာပြုလုပ်ပေးခဲ့တယ်။ ဒါပေမဲ့ မိုးက လုံးဝ မရွာဘူးတဲ့။

အမတ်တွေက မင်းကြီး ဣန္ဒပတ္ထနဂိုရ်ပြည်မှာ ရှိတဲ့ ဓနဥယကောရဗျမင်းကြီးရဲ့ မင်္ဂလာဆင်ဖြူတော်ကို ဆောင်ယူနိုင်ရင် မိုးရွာပါမယ်လို့ လျှောက်ထားလို့ ဓနဥယကောရဗျ မင်းကြီးထံ လက်ဆောင်ပဏ္ဏာတွေနဲ့အတူ ပုဏ္ဏားနှစ်ယောက်ကို မင်္ဂလာဆင်ဖြူတော် အလှူခံစေလွှတ်ခဲ့တယ်။ ဘုရားအလောင်းတော် ဓနဥယကောရဗျမင်းကြီးကလဲ နှမြောတွန့်တိုခြင်း အလျဉ်းမရှိဘဲ မင်္ဂလာဆင်ဖြူတော်ကို လှူလိုက်တယ်။ အဲဒီ မင်္ဂလာဆင်ဖြူတော် ရောက်လာပေမဲ့ ဒန္တပူရတိုင်းပြည်မှာ မိုးမရွာဘဲ မိုးခေါင်နေမြဲပဲတဲ့။

နောက်ဆုံးမှာတော့ ဂရုဓမ္မငါးပါးသီလလေ့လာရေးအဖွဲ့ကို ဣန္ဒပတ္ထနဂိုရ်ပြည်ကိုစေလွှတ်ပြီး ဘုရားလောင်း မင်းကြီးအပါအဝင် ၁၁ ဦးသောပုဂ္ဂိုလ်တွေထံက ငါးပါးသီလကို ရွေပေလွှာထက်မှာကူးယူမှတ်သား၊ ဆောင်ယူလာခဲ့ကြတယ်။ ကလင်္ဂမင်းကြီးကိုယ်တိုင် စံပြအဖြစ် ငါးပါးသီလကို ခံယူဆောက်တည်ခဲ့တဲ့အပြင် တိုင်းသူပြည်သားတွေကိုလဲ **"ဂရုဓမ္မမြတ်သီလ"**အဖြစ် စောင့်ထိန်းစေခဲ့လို့ ဒန္တပူရတိုင်းပြည်ဟာ မိုးလေဝသမှန်ကန်ပြီး ဆန်စပါးသီးနှံဖြစ်ထွန်း အောင်မြင်လာခဲ့သလို တိုင်းပြည်လဲ စည်ပင်ဝပြောအေးချမ်းသာယာသွားခဲ့တယ်တဲ့။

ဒါကြောင့် မြတ်စွာဘုရားက တော်သလင်းလမှာပဲ ငါးပါးသီလကို အထူးဂရုဓမ္မဖြစ်ဖွယ် ဟောကြားခဲ့တာကို အကြောင်းပြုပြီး တော်သလင်းလကို "ဂရုဓမ္မအခါလ" တော်သလင်းလပြည့်နေ့ကို "ဂရုဓမ္မ အခါတော်နေ့"လို့တင်စားဖော်ကျူး သတ်မှတ်ခဲ့တာကွ။

ငါးပါးသီလနဲ့ပတ်သက်လို့ (၁) ပဏ္ဍသီငါးပါး၊ (၂) ရှေးဟောင်းကမ္ဘာဦးအခါကတည်းက စတင်ပေါ်ပေါက်ခဲ့တဲ့ လူသားစည်းကမ်းကြီး (ပဝေဏီဓမ္မ)၊ (၃) စကြာဝဠာမင်းများက ဓမ္မသတ်သဖွယ် ကျင့်သုံးခဲ့ကြပြီး လေးကျွန်းဒီပါလုံးအား အုပ်ချုပ်ခဲ့ကြခြင်း (စက္ကဝတ္တိဓမ္မသတ်)၊ (၄) ကုရုတိုင်းနေ ပြည်သူတို့ ကျင့်သုံးခဲ့ရာဖြစ်ခြင်း(ကုရုဓမ္မသီ)၊ (၅) မြတ်စွာဘုရားကိုယ်တိုင်လည်း ဟောကြားလမ်းညွှန်ခြင်း (ဝါရိတ္တသီလ)၊ (၆) သူတော်ကောင်းတို့ အလေးဂရုထားပြီး ကျင့်သုံးခြင်း (ဂရုဓမ္မသီလ)၊ (၇) လူသားတို့ အမြဲအစွဲနိစ္စစောင့်ထိန်းအပ်ခြင်း(နိစ္စသီလ)၊ (၈) လူသားတိုင်းလိုက်နာအပ်ရာခြင်း(ဓမ္မတာ သီလ)၊ (၉)လူသားနဲ့တိရစ္ဆာန်လောကနှစ်ခုကို ခွဲခြားထိန်းသိမ်းပေးခြင်း (လောကပါလတရား)၊ (၁၀) ကျင့်သုံးအပ်ခြင်း၊ ကျင့်သုံးသင့်ခြင်း၊ ကျင့်သုံးထိုက်ခြင်း(သိက္ခာပဒသီလ)၊ (၁၁) လူတို့ရဲ့ ကိုယ်ကျင့်တရားဖြစ်ခြင်း (ဂဟဋ္ဌသီလ)၊ (၁၂) အရိယာပုဂ္ဂိုလ်တို့ နှစ်သက်မြတ်နိုးခြင်း (အရိယာကန္တသီလ)ရယ်လို့ ဝိသေသ အထူးထူးအထွေထွေနဲ့ ညွှန်းဆိုကျင့်သုံးခဲ့ကြတယ်။

ဒါ့ပြင် မြတ်စွာဘုရားကို အရှင်အာနန္ဒာက "အမြစ်နုံ့သာ၊ အနှစ်နုံ့သာ၊ အပွင့်နုံ့သာဟူသော နုံ့သာသုံးမျိုးသည် လေအောက်သို့သာ သွားပါသည်။ လေညာသို့ မသွားပါ။ လေအောက်လေညာနှစ်နေရာသို့ သွားနိုင်သည့် နုံ့သာ တစ်စုံတစ်ရာရှိပါသလားဘုရား"လို့ လျှောက်ထားခဲ့တယ်။ အဲဒီတော့ကာ မြတ်စွာဘုရားက "အာနန္ဒာ...ထိုကဲ့သို့ ရနုံ့မျိုးရှိသည်။

စာမျက်နှာ ၅ သို့ á

လမ်းလျှောက်ခြင်းဖြင့် အဆုတ်အားကောင်းစေနိုင်သည်

လမ်းလျှောက်တဲ့အခါမှာ မိမိတို့ရဲ့အဆုတ်က အောက်ဆီဂျင်ကို ပိုမိုရရှိပါတယ်။ ရရှိလာတဲ့ အောက်ဆီဂျင်တွေကို သွေးနီဥတွေကရယူပြီး ခန္ဓာကိုယ်တစ်လျှောက်ကို သယ်ဆောင်သွားပေးပါတယ်။

ဒါ့အပြင် အဆိပ်အတောက်တွေကိုလည်း ဖယ်ရှားပေးနိုင်တဲ့အတွက် အဆုတ်ရဲ့ လုပ်ငန်း လည်ပတ်မှုကို လည်း အားကောင်းစေတာကြောင့် အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါတွေ ဖြစ်ပွားနိုင်မှုကိုလည်း လျှော့ချပေးနိုင်ပါတယ်။

စစ်ကိုင်းတိုင်းဒေသကြီးတွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲကြီး ၂၀၉၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်

မုံရွာ စက်တင်ဘာ ၄

စစ်ကိုင်းတိုင်းဒေသကြီးတွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲကြီး ၂၀၉၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စစ်ကိုင်းတိုင်းဒေသကြီးတွင် ပဲကြီး ၆၄၀၈ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် ဇွန်လ ဒုတိယပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၂၀၉၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ စစ်ကိုင်းတိုင်းဒေသကြီးမှာ ပဲကြီး ဧက ၆၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ဧက ၂၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်။ ပဲကြီး အထွက်နှုန်းနဲ့ အရည်အသွေးကောင်းမွန်ဖို့ လိုအပ်တဲ့ မျိုးကောင်းမျိုးသန့်တွေ၊ သွင်းအားစုတွေ၊ ရိတ်သိမ်းချိန်လွန် နည်းပညာပေးတာတွေကို တောင်သူတွေနဲ့ ပူးပေါင်းပြီး တော့ ဆောင်ရွက်နေပါတယ်"ဟု စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာ တင်မာမာဦးက ပြောပြသည်။

ယခုနှစ် စစ်ကိုင်းတိုင်းဒေသကြီးတွင် ခရိုင်အလိုက် ပဲကြီးစိုက်ပျိုး ပြီးစီးမှုအနေဖြင့် ကလေးခရိုင်တွင် ၄၆၇ ဧက၊ မုံရွာခရိုင်တွင် ၈၇၁ ဧက၊ ရွှေဘိုခရိုင်တွင် ၅၅၉ ဧကနှင့်စစ်ကိုင်းခရိုင်တွင် ၁၉၈ ဧက စုစုပေါင်း ၂၀၉၅ ဧက တို့ဖြစ်ကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီးတွင် ပဲကြီးစိုက်တောင်သူများအနေဖြင့် ပဲကြီးစိုက်ဧကများ တိုးချဲ့စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်ရေး၊ GAP နည်းစနစ်ဖြင့် စိုက်ပျိုးရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ပဲကြီးကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်၍ ပဲကြီးကိုတိုးချဲ့စိုက်ပျိုးနိုင်ရန် ဒေသမရွေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာ တင်မာမာဦးက ပြောပြ၍ သိရသည်။

(၂၀၆)

အားမာန်နဲ့ချီ ပန်းတိုင်ဆီ

- အားမာန်ချီ ရှေ့သို့လှမ်း
ပန်းတိုင်သို့ ရောက်ဖို့ရာ၊
ပျင်းစိတ်တွေ ဘယ်မထား
ဖယ်ရှားစဉ်သာ၊
ဇွဲလုံ့လ ဆောက်တည်ကာ
ဘဝမှာ အောင်မြင်ရေး၊
စိတ်သန္ဓာန် တန်ခိုးလွှမ်း
ကြိုးပမ်းစို့လေး။။

- ရဲရင့်ပြောင် သတ္တိသွေးနဲ့
ကြိုးစားမနေး လူ့ရပ်ထံ၊
စိတ်ဓာတ်ကို မြှင့်တင်သွား
နိုးကြားရှင်သန်၊
ရည်မှန်းချက် ပြည့်ဖို့ရန်
အားမာန်တွေ စိုက်ထူရင်း၊
အခက်ခဲကို မကြောက်တမ်း
လျှောက်လှမ်းပါမင်း။။

- ယခုနောင် အမှန်မပျင်းနဲ့
ဉာဏ်အလင်း တောက်ပစေ၊
ဆိုးကောင်းကို သတိချပ်
သုံးသပ်စဉ်ပေ၊
အောင်မြင်မှု ပန်းတိုင်အခြေ
လှမ်းနိုင်မသွေ ဘယ်မလွဲ၊
ပျော်ရွှင်စွာ အားမာန်သစ်ဖြင့်
ထုဆစ်ဆင်ခဲ့။။

ရဲသွေးနီ(တက်ဝန်)

á စာမျက်နှာ ၄ မှအဆက်

ရတနာသုံးပါးကို ကိုးကွယ်ခြင်း၊ သီလဆောက်တည်ခြင်းဟူသော ဂုဏ်ရနံ့ပင်တည်း။ စန္ဒကူး၊ တောင်ဇလပ်၊ ကြက်ရုံးပန်းတို့၏ရနံ့သည် လေညာသို့မသွားနိုင်။ သူတော်ကောင်းတို့၏ ဂုဏ်ရနံ့သည်သာ အရပ်ရှစ်မျက်နှာအားလုံးသို့ သင်းပျံ့မွှေးကြိုင်ပေသည် ချစ်သား"လို့ ဟောတော်မူခဲ့တယ်။

မြတ်စွာဘုရားရှင်လက်ထက်မှာပဲ မဟာသီဝမထေရ်ကြီးဟာ ခြေမဆေးဘဲနေခဲ့တာ နှစ်ပေါင်း ၃၀ ပြည့်ခဲ့လို့ ခြေဆေးဖို့ပြင်ဆင်နေချိန်မှာ နတ်တို့ရဲ့သနင်း သိကြားမင်းနဲ့ သူဇာနတ်မိဖုရားဟာကြွရောက်လာပြီး မဟာသီဝမထေရ်ကြီးရဲ့ခြေကို ဆေးပေးဖို့ လျှောက်ထားခဲ့တယ်။ ဒီတော့ မထေရ်ကြီးက လူတို့ရဲ့ကိုယ်နဲ့ဟာ နတ်တွေအတွက် စက်ဆုပ်ဖွယ်ဖြစ်ကြောင်း၊ ယူဇနာတစ်ရာအကွာမှာရှိ နတ်တွေဟာ လူတွေရဲ့အနံ့ကိုခံကြရတာ၊ လည်ပင်းမှာချိတ်ဆွဲထားတဲ့ အပုပ်ကောင်လိုပဲ ရွံစရာကောင်းကြောင်း၊ ဒါကြောင့် မိမိ ဘာသာဆေးမည်ဖြစ်ကြောင်း မိန့်ကြားခဲ့တယ်။ ဒီတော့ သိကြားမင်းက "အရှင်ဘုရား၏သီလဟူသော ရနံ့ကောင်းသည်ကား ကာမာဝစရ နတ်ပြည်ခြောက်ထပ်ကိုပင် ကျော်လွန်၍ အထက်ဘဝဂ်တိုင်အောင် တည်နေပါ၏။။ သီလဟူသည့်ရနံ့ထက် သာလွန်သည့်အခြားရနံ့ကောင်းမည်သည် မရှိပါ ဘုရား၊ အရှင်ဘုရားတို့၏ သီလတည်းဟူသောရနံ့ကြောင့် တပည့်တော်များ မနေသာဘဲ လာရောက်ကြရပါသည်ဘုရား"လို့ လျှောက်ထားပြီး မထေရ်ကြီးရဲ့ ခြေဖဝါးပြင်ကို ပွတ်တိုက်ဆေးကြောပေးခဲ့ကြတယ်။ သီလရနံ့ရဲ့ အစွမ်းထက်မှုဟာ ဘယ်လောက်ထိ မြင့်မြတ်တယ်ဆိုတာ သိသာတာပေါ့ကွာ။

ဒီကမ္ဘာက ပြန်ပြီးရေတွက်ရင် တစ်သန်းခဏ်နဲ့ ကမ္ဘာတစ်သိန်းထက်ကာလ၊ အနောမဒဿီမြတ်စွာဘုရား လက်ထက်က စန္ဒဝတီမြို့ရှိ ဆင်းရဲသားတစ်ဦးဟာ ဘုရားရှင်ရဲ့သာဝက နိသဘမထေရ်ထံမှာ လျှုဖွယ်ဝတ္ထုမလျှုဒါန်းနိုင်လို့ ငါးပါးသီလကို နှစ်ပေါင်းတစ်သိန်းတိုင်တိုင် စောင့်ထိန်းခဲ့တာ နတ်ပြည်ရောက်ခဲ့တယ်။ တစ်သန်းခဏ်နဲ့ ကမ္ဘာတစ်သိန်းကာလပတ်လုံး အပါယ်ဘုံကိုမကျရောက်ဖူးဘဲ လူချမ်းသာ၊ နတ်ချမ်းသာ ခံစားခဲ့ရတယ်။ သိကြားမင်းအဖြစ် အကြိမ် ၃၀၊ စကြာမင်းအဖြစ် ၇၅ ကြိမ်၊ ပဒေသရာဇ်ဧကရာဇ်မင်းအဖြစ် မရေမတွက်နိုင်အောင် ခံစားပြီး ဂေါတမမြတ်စွာဘုရားလက်ထက်မှာ ရဟန္တာဖြစ်ခဲ့တယ်လို့ ဘုရားဟောရှိခဲ့တယ်ကွ။

ဒါကြောင့် ဗုဒ္ဓမြတ်စွာက "ပုလဲ၊ ဥဿဖယား၊ ပတ္တမြား၊ ရွှေ၊ ငွေ အထွေထွေသော အဆင်တန်ဆာတို့သည် ပျိုမျစ်နုငယ်၊ ငယ်ရွယ်စဉ် အခါ၌သာလျှင် တင့်တယ်ခြင်းကို ပြုစေနိုင်၏။။ ပဋ္ဌသီလ အဆင်တန်ဆာ သည်ကား အငယ် အလတ် အရွယ်တွင်လည်း ရှုမငြီး၊ အရွယ်ကြီးသူနှင့် လဲ လိုက်ဖက်၊ တစ်သက်လုံးပန်ဆင်၍ တင့်တယ်ပြီး ရှုမငြီးကာ လိုက်ဖက်၍ မဆုံးဘဲ ရှိပါပေ၏။။ စန္ဒကူး၊ တောင်ဇလပ်၊ ကြာညိုနှင့် မြတ်လေးဟူသော ပန်းမြတ်တို့၏ရနံ့သည် မွှေးကြိုင်ကြပါကုန်၏။။ ထိုသည့် ပန်းရနံ့တို့အားလုံးထက် ဤပဋ္ဌသီလအစ၊ သီလဟူသည်၏ ရနံ့သည်ကား၊ အတုမရှိ မွှေးကြိုင်၍မဆုံး၊ မွန်မြတ်လှပါပေ၏။။ သတ္တဝါတို့၏ ကိလေသာအညစ်အကြေးကို စင်ကြယ်အောင် ဂင်္ဂါ၊ ယမုံနာ စသောမြစ်ကြီး ငါးစင်းမှရေတို့က ဆေးကြောမပေးနိုင်ပေ။။ ဤသီလ ရေစင်ကသာ ဆေးကြောပေးနိုင်စွမ်းလေ၏။။ ထိုကိလေသာ မီးအပူကို အေးငြိမ်းသွားအောင် မိုးသက်လေညင်း စန္ဒကူး၊ ရွှေ၊ ပုလဲသွယ်၊ မြ၊ ပတ္တမြားနှင့် စန္ဒာလရောင်တို့ မတတ်စွမ်းနိုင်။။ ဤသီလ အအေးဓာတ် ကသာ တတ်စွမ်းနိုင်လေ၏။။ ဤသီလနှင့်တူသော အမွှေးနံ့သာ မည်သည်မရှိ။ လေအောက်လေထက် နှစ်ဌာနလုံး၌အတူပင် မွှေးကြိုင်ပါစေသတည်း"လို့ မြတ်ဗုဒ္ဓက အကြိမ်ကြိမ် ဟောကြားတော်မူခဲ့တယ်ကွ။

လောဘမီး၊ ဒေါသမီး၊ မောဟမီးတွေ၊ အလျှံညီးညီး တောက်လောင်နေတဲ့ လောကကြီးမှာ နေ့စဉ်လိုလို အနိဋ္ဌာရုံ စက်ဆုပ်ဖွယ်ရာ သတင်းဆိုးတွေကို ကြားသိနေကြရတယ်။ ဒါကြောင့် လောင်မီးကျနေတဲ့ ဒုက္ခတွေ ကကင်းဝေးအောင် လမ်းပြဆောင်နိုင်သူတွေနဲ့ ကယ်တင်နိုင်ကြမယ့် သူတော်စင်သူတော်မြတ်တွေ၊ ပုဂ္ဂိုလ်ထူးတွေ ပေါ်ပေါက်လာကြပါစေလို့ ဆုပန်ခြေပြီး မေတ္တာမျှဝေနေကြသူတွေလဲရှိနေကြတယ်။

တကယ်တော့ လောဘမီး၊ ဒေါသမီး၊ မောဟမီးတွေကို ငြိမ်းသတ်နိုင်တဲ့ လက်နက်က အကျင့်သိက္ခာပဲကွ။ အကျင့်သိက္ခာဆိုတာက ကိုယ်ကျင့်တရားကောင်းမွန်မှုကိုပြောတာ၊ ကိုယ့်ကျင့်တရားကောင်းမွန်မှုဆိုတာ၊ တို့ဗုဒ္ဓဘာသာလူမျိုးတွေအတွက်ကတော့ သာသနာ့အခြေခံ သီလရှိကြဖို့ပဲကွ။ **"သီလ"**ဆိုတာ ပါဠိဝေါဟာရဖြစ်ပြီး မြန်မာလို၊ အနက်အဓိပ္ပာယ်က **"ကောင်းစွာထားတာ၊ ကောင်းစွာဆောင်ရွက်တာ"**ကို ပြောတာကွ။ တစ်နည်းအားဖြင့်ပြောရရင် ကာယကံ၊ ဝစီကံ၊ မနောကံဆိုတဲ့ ကံသုံးပါးနဲ့ ပြောဆိုပြုမူသမျှကိစ္စအဝဝမှာ ရုန့်ရင်းကြမ်းတမ်းမှုမရှိရလေအောင် ကောင်းမွန်စွာ ကျင့်ကြံထိန်းသိမ်းစောင့်ရှောက်နေတာကို ဆိုလိုတာပဲ။

တို့ဗုဒ္ဓဘာသာဝင်တွေရဲ့ အခြေခံငါးပါးသီလကို ထိန်းသိမ်းစောင့်ရှောက်နိုင်ရင် လောဘမီး၊ ဒေါသမီး၊ မောဟမီးတွေကို အလိုလိုကာကွယ်ထားနိုင်တယ်ကွ။ ဒါကြောင့် **"ရွှေဟသ်ာ ဆရာတော်ကြီး"**က **"သီလရှိက ဘေးဒုက္ခ၊ ကင်းပတတ်သည်သာ" "ပါးပါ "ငါးပါးသီလ၊ တည်မြဲက၊ ရှည်ကြသက်တစ်ရာ"**လို့ ဟောကြားခဲ့တယ်ကွ။ သီလကျေးဇူးအဖုံဖုံက ဖော်ပြလို့မကုန်နိုင်အောင် ရှိနေပါတယ်ကွာ။

မင်းစဉ်းစားကြည့်လေ။ မှုခင်းကြီးငယ်အသွယ်သွယ်ကို ကြိုတင်ကာကွယ်နိုင်တဲ့ ကမ္ဘာဥပဒေအားလုံးရဲ့ အနှစ်သာရဟာ ဂရုဓမ္မမြတ်သီလဆိုတဲ့ ငါးပါးသီလပဲကွ။ ငါးပါးသီလရဲ့ အနှစ်ချုပ်က လောကပါလတရားနှစ်ပါးဖြစ်တဲ့ မကောင်းမှုပြောဆိုပြုမူရမှာကို ရှက်ခြင်း၊ ကြောက်ခြင်းဆိုတဲ့ ဟီရိသြတ္တပ္ပပဲကွ။ လောကပါလတရားရဲ့ အနှစ်ချုပ်ကတော့ **"စာနာမှု"**ပဲကွ။ လူသားအချင်းချင်းပဲဖြစ်ဖြစ်၊ သက်ရှိသတ္တဝါတွေကိုပဲဖြစ်ဖြစ် ကိုယ်နဲ့ထပ်တူ၊ ကြည်ဖြူစာနာစိတ်နဲ့ အပြန်အလှန်တုံ့ပြန်ကျေးဇူးပြုနေကြမယ်ဆိုရင် လောကကြီးဟာ သန္တိသုခနဲ့ပြည့်ဝနေတဲ့ ပျော်စရာလောက ဘုံကြီးဖြစ်နေပြီပေါ့ကွာ။ ငြိမ်းချမ်းသာယာတဲ့ အလှကမ္ဘာကြီးဖြစ်နေပြီပေါ့ကွာ"

"အင်း အရပ်ရှစ်မျက်နှာ၊ လေညာလေအောက်၊ နတ်ပြည်ခြောက်ထပ်ကို ထိုးဖောက်ကျော်လွှားပြီး အထက်ဘဝဂ်ထိ သင်းပျံ့မွှေးကြိုင်တဲ့ပန်းဟာ **"သီလပန်း"**ဆိုတာကို ငါသဘောပေါက်နားလည်သွားပါပြီကွာ။ ကျေးဇူးပါပဲ သူငယ်ချင်းရာ"

နိုင်ငံတကာ သတင်းများ

တရုတ်သမ္မတနှင့် မြောက်ကိုရီးယားခေါင်းဆောင် ပေကျင်းမြို့၌ တွေ့ဆုံဆွေးနွေးမည်

ပေကျင်း စက်တင်ဘာ ၄

တရုတ်သမ္မတ ရီကျင့်ဖျင်နှင့် မြောက်ကိုရီးယား ခေါင်းဆောင် ကင်ဂျုံအန်တို့သည် ပေကျင်းမြို့၌ ယနေ့တွင် တွေ့ဆုံဆွေးနွေးရန် စီစဉ်ထားကြောင်း တရုတ်အစိုးရ မီဒီယာများက သတင်းထုတ်ပြန်ထားသည်။

မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်သည် ပြည်ပခရီးစဉ်အဖြစ် တရုတ်နိုင်ငံ ပေကျင်းမြို့သို့ ဒုတိယကမ္ဘာစစ်ပြီးဆုံးမှု နှစ် ၈၀ ပြည့် အထိမ်းအမှတ် စစ်ရေးပြချီတက်ပွဲ တက်ရောက်ရန် ရောက်ရှိနေခြင်းဖြစ်သည်။

တရုတ်အစိုးရ မီဒီယာများ၏ အဆိုအရ သမ္မတ ရီကျင့်ဖျင်နှင့် မြောက်ကိုရီးယား ခေါင်းဆောင် ကင်ဂျုံအန်တို့အနေဖြင့် ယနေ့တွင် သီးခြားတွေ့ဆုံဆွေးနွေးရန် စီစဉ်ထားကြောင်း သိရသည်။

မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်သည် စက်တင်ဘာ ၃ ရက်တွင် ကျင်းပခဲ့သော ဒုတိယကမ္ဘာစစ်ပြီးဆုံးမှု နှစ် ၈၀ပြည့် စစ်ရေးပြချီတက်ပွဲတက်ရောက် ခဲ့ပြီးနောက် ရုရှားသမ္မတ ပူတင်နှင့်လည်း တွေ့ဆုံဆွေးနွေးခဲ့ပြီး ဖြစ်သည်။

တရုတ်နိုင်ငံနှင့် ရုရှားနိုင်ငံတို့သည် မြောက်ကိုရီးယား၏ အဓိက အကျဆုံး မဟာမိတ်နိုင်ငံများဖြစ်ကြောင်း သိရသည်။ **Ref : Xinhua**

Trs : KKO

ရုရှားနိုင်ငံသို့ တရားဝင်ခရီးစဉ်လာရောက်ရန် မြောက်ကိုရီးယားခေါင်းဆောင်ကို သမ္မတပူတင်ဖိတ်ကြား

မော်စကို စက်တင်ဘာ ၄

ရုရှားနိုင်ငံသို့ တရားဝင်ခရီးစဉ်အဖြစ်လာရောက်ရန် ရုရှားသမ္မတပူတင်က မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်ကို စက်တင်ဘာ ၃ ရက်တွင် ဖိတ်ကြားခဲ့ကြောင်း သိရသည်။

တရုတ်နိုင်ငံ ပေကျင်းမြို့၌ တွေ့ဆုံဆွေးနွေးခဲ့ပြီးနောက် ရုရှားသို့လာရောက်ရန် သမ္မတပူတင်က မြောက်ကိုရီးယား ခေါင်းဆောင် ကင်ဂျုံအန်ကို တရားဝင်ဖိတ်ကြားခဲ့ခြင်းဖြစ်သည်။

ရုရှားသမ္မတပူတင်နှင့် မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်တို့သည် ဒုတိယကမ္ဘာစစ်ပြီးဆုံးမှု နှစ် ၈၀ ပြည့် စစ်ရေးပြချီတက်ပွဲ တက်ရောက်ရန် တရုတ်နိုင်ငံ ပေကျင်းမြို့သို့ ရောက်ရှိနေခြင်းဖြစ်သည်။

ရုရှားသမ္မတနှင့် မြောက်ကိုရီးယားခေါင်းဆောင် တို့သည် စက်တင်ဘာ ၃ ရက်တွင် ကျင်းပခဲ့သော ဒုတိယကမ္ဘာစစ် နှစ် ၈၀ ပြည့် အထိမ်းအမှတ် စစ်ရေးပြချီတက်ပွဲတက်ရောက်ခဲ့ပြီးနောက် နှစ်နာရီကျော်ကြာ တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

ရုရှားနှင့် မြောက်ကိုရီးယားတို့ကြား နှစ်နိုင်ငံဆက်ဆံရေးမှာ ယူကရိန်းပဋိပက္ခ စတင်ခဲ့ပြီးနောက်ပိုင်း ပို၍ခိုင်မာလာခဲ့သည်။

ပြီးခဲ့သည့်နှစ် ဇွန်လအတွင်း မြောက်ကိုရီးယားနှင့် ရုရှားနိုင်ငံတို့သည် နှစ်နိုင်ငံမဟာဗျူဟာမြောက်ဘက်စုံဆက်ဆံရေးသဘောတူညီချက်ကို လက်မှတ်ရေးထိုးခဲ့ကြကြောင်း သိရသည်။ **Ref : RT**

Trs : KKO

ပေါ်တူဂီနိုင်ငံ၌ ကြိုးဆွဲရထားတစ်စီး လမ်းချော်တိမ်းမှောက်မှုကြောင့် အနည်းဆုံး ၁၇ ဦးသေဆုံး၍ ၂၁ ဦးဒဏ်ရာရရှိ

လစ္စဘွန်း စက်တင်ဘာ ၄

ပေါ်တူဂီနိုင်ငံ လစ္စဘွန်းမြို့၌ ကြိုးဆွဲရထားတစ်စီး စက်တင်ဘာ ၃ ရက်တွင် လမ်းချော်တိမ်းမှောက်ခဲ့ရာ အနည်းဆုံး လူပေါင်း ၁၇ ဦး သေဆုံးခဲ့ရသည်။

ကြိုးဆွဲရထား လမ်းချော်တိမ်းမှောက်မှုကြောင့် အနည်းဆုံး ၁၇ ဦးသေဆုံး၍ ၂၁ ဦးဒဏ်ရာများ ရခဲ့ပြီး သေဆုံးသူများထဲတွင် နိုင်ငံခြားသားများလည်း ပါဝင်ကြောင်း ပေါ်တူဂီတာဝန်ရှိသူများက ပြောကြားခဲ့ကြောင်း သိရသည်။

အဆိုပါဖြစ်စဉ် ဖြစ်ပွားခဲ့ပြီးနောက်လစ္စဘွန်းမြို့တွင်းရှိ အခြားကြိုးဆွဲရထား လမ်းကြောင်းနှစ်ခုခွဲ ပြေးဆွဲမှုများ ရပ်နားထားကြောင်း လစ္စဘွန်းမြို့ တာဝန်ရှိသူများက သတင်းထုတ်ပြန်ထားသည်။

စက်တင်ဘာ ၃ ရက် ဖြစ်စဉ်အတွင်း ကြိုးဆွဲရထားသည် သံလမ်းမှ ချော်ထွက်ခဲ့ပြီးနောက် အနီးရှိအဆောက်အအုံ တစ်လုံးကို ဝင်တိုက်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ် ပေါ်ပေါက်ခဲ့သည့် ကြိုးဆွဲရထား လမ်းကြောင်းသည် ၁၈၈၅ ခုနှစ်ကပင် စတင်တည်ဆောက်ပြေးဆွဲခဲ့သော လမ်းကြောင်းဖြစ်သည်။

ယင်း လမ်းကြောင်းသည် လစ္စဘွန်းမြို့လယ်နှင့် ဘိုင်အာရှိ အယ်လ်တိုအမည်ရှိ ရပ်ကွက်တစ်ခုကို ချိတ်ဆက်ပေးထားသော လမ်းကြောင်းဖြစ်ကြောင်း သိရသည်။

Ref : RT

Trs : KKO

နိုင်ဂျီးရီးယား၌ ရေယာဉ်တိမ်းမှောက် အနည်းဆုံး လူပေါင်း ၆၀ သေဆုံး

အာဘူဂျာ စက်တင်ဘာ ၄

နိုင်ဂျီးရီးယားနိုင်ငံ နိုင်ဂျာပြည်နယ် မြစ်တစ်စင်းအတွင်း ခရီးသည်တင် ရေယာဉ်တစ်စီး တိမ်းမှောက်ခဲ့ရာ အနည်းဆုံး လူပေါင်း ၆၀ သေဆုံးခဲ့ရကြောင်း နိုင်ဂျီးရီးယား တာဝန်ရှိသူများက စက်တင်ဘာ ၃ ရက်တွင် သတင်းထုတ်ပြန်ထားသည်။

အဆိုပါရေယာဉ်သည် မာလာလီခရိုင် တန်ဂန်းမြို့မှ ဒူဂါးအမည်ရှိမြို့သို့ ဦးတည်ခုတ်မောင်းနေစဉ် တိမ်းမှောက်ခဲ့ရခြင်းဖြစ်သည်။

ယင်းရေယာဉ်သည် မြစ်ရေအောက်တွင်မြုပ်နေသော သစ်လုံးတိုင်တစ်ခုကို ဝင်တိုက်ခဲ့ပြီးနောက် နှစ်မြုပ်ခဲ့ခြင်းဖြစ်ကြောင်း နိုင်ဂျာပြည်နယ် တာဝန်ရှိသူများက ပြောကြားခဲ့သည်။

တာဝန်ရှိသူများ၏ အဆိုအရ တိမ်းမှောက်ခဲ့သည့် ရေယာဉ်သည် ခရီးသည်များကို သတ်မှတ်ချက်ထက်ပို၍တင်ဆောင်ထားကြောင်း သိရသည်။

ရေယာဉ် တိမ်းမှောက်ပြီးနောက် လိုက်ပါလာသူ ခရီးသည် ၁၀၀ ကျော်အနက် ဦးရေ ၅၀ ကို ကယ်တင်နိုင်ခဲ့ပြီး အချို့ပျောက်ဆုံးလျက်ရှိကြောင်း တာဝန်ရှိသူများက ပြောကြားခဲ့သည်။

ဘေးကင်းလုံခြုံရေးစည်းမျဉ်းများမလိုက်နာမှု၊ ခရီးသည်နှင့် ကုန်စည်ကို သတ်မှတ်ချက်ထက်ပိုမိုတင်ဆောင်မှု၊ ရေယာဉ်များ ပြုပြင်ထိန်းသိမ်းမှုမရှိခြင်းကြောင့် နိုင်ဂျီးရီးယားနိုင်ငံ၌ မိုးရာသီအတွင်းရေယာဉ်မတော်တဆမှုများ ဖြစ်ပွားတတ်ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

ထိုင်းအောက်လွှတ်တော်က ဝန်ကြီးချုပ်သစ် မဲခွဲရွေးချယ်ပွဲကျင်းပရန် စီစဉ်

ဗန်ကောက် စက်တင်ဘာ ၄

ဝန်ကြီးချုပ်သစ်တစ်ဦးမဲခွဲရွေးချယ်ရေးအတွက် အထူးအစည်းအဝေးတစ်ခုကို စက်တင်ဘာ ၅ ရက်တွင် ကျင်းပရန် ထိုင်းအောက်လွှတ်တော်က စီစဉ်ထားကြောင်း သိရသည်။

အောက်လွှတ်တော်ဝန်ကြီးချုပ်သစ် မဲခွဲရွေးချယ်ပွဲအတွက် ပါတီကိုယ်စားပြု ဝန်ကြီးချုပ်လောင်းအဖြစ် ကွန်ဆာဗေးတစ်နိုင်ငံရေးပါတီဖြစ်သော ဘမ်ဂျိုင်ထိုင်းပါတီက စီးပွားရေးလုပ်ငန်းရှင် ချန်ဝီချာကူးလ်ကို အမည်စာရင်းပေးသွင်းထားသည်။

အလားတူ ပွေထိုင်းပါတီကလည်း ဝန်ကြီးချုပ်သစ်မဲခွဲရွေးချယ်ပွဲအတွက် ပါတီကိုယ်စားပြုဝန်ကြီးချုပ်လောင်းတစ်ဦးကို အမည်စာရင်း ပေးသွင်းမည်ဖြစ်ကြောင်း ကြေညာထားသည်။

တစ်ချိန်တည်းမှာပင် ပွေထိုင်းပါတီသည် ပြိုင်ဘက်ပါတီများ အစိုးရအဖွဲ့ ဖွဲ့စည်းမည့်အရေးကို တားဆီးရေးအတွက် လွှတ်တော်ကို ဖျက်သိမ်း၍ ရွေးကောက်ပွဲသစ်များ ကျင်းပနိုင်ရေးအတွက်လည်း ကြိုးပမ်းလျက်ရှိသည်။

ဘမ်ဂျိုင်ထိုင်းပါတီက အမည်စာရင်းသွင်းထားသည့် ဝန်ကြီးချုပ်လောင်းချန်ဗီရာကူးလ်ကို ထောက်ခံမှုပေးမည်ဖြစ်ကြောင်း အင်အားအကြီးဆုံး အတိုက်အခံပါတီဖြစ်သည့် ပြည်သူ့ပါတီက ကြေညာထားသည်။

ထိုင်းဖွဲ့စည်းပုံ အခြေခံဥပဒေတရားရုံးက ဝန်ကြီးချုပ်ဟောင်း ပေထုန်တန်ရှင်နာဝပ်ကို ကျင့်ဝတ်ဖောက်ဖျက်မှုဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေတရားရုံးက ရာထူးမှဖယ်ရှားခဲ့ပြီးနောက် ထိုင်းနိုင်ငံကို ပွေထိုင်းပါတီ အိမ်စောင့်အစိုးရအဖွဲ့က ယာယီ တာဝန်ယူထားကြောင်း သိရသည်။ **Ref : Xinhua**

Trs : KKO

SCIENCE AND TECHNOLOGY

စပေ့အိတ်ကုမ္ပဏီက စတားလင့်ခ်အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တု ၂၄ စင်းကို စက်တင်ဘာ ၃ ရက်တွင် အောင်မြင်စွာ လွှတ်တင်ခဲ့

ဝါရှင်တန် စက်တင်ဘာ ၄

အမေရိကန်နိုင်ငံ အခြေစိုက် စပေ့အိတ်ကုမ္ပဏီသည် စက်တင်ဘာ ၃ ရက်တွင် စတားလင့်ခ်အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တု ၂၄ စင်းကို အောင်မြင်စွာလွှတ်တင်ခဲ့ကြောင်း သိရသည်။

အဆိုပါ စတားလင့်ခ်ဂြိုဟ်တုများ သယ်ဆောင်ထားသော ဖယ်လ်ကွန်-၉ ဒုံးပျံကို ကယ်လီဖိုးနီးယားပြည်နယ် ဗင်ဒန်ဘာ့ဂ် အာကာသစခန်းမှတစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

စပေ့အိတ်ကုမ္ပဏီသည် အဆိုပါ စတားလင့်ခ်ဂြိုဟ်တုများကို လွှတ်တင်ရာတွင် ဖယ်လ်ကွန်-၉ ဒုံးပျံ ပထမအဆင့်ဒုံးယာဉ်အသစ်ကို အသုံးပြုခဲ့သည်။

လွှတ်တင်ပြီး ၈ ဒသမ ၅ မိနစ်အကြာတွင် အဆိုပါဖယ်လ်ကွန်-၉ ဒုံးပျံ ပထမအဆင့်ပင်မဒုံးယာဉ်သည် ပစိဖိတ်သမုဒ္ဒရာအတွင်း စောင့်ဆိုင်းနေသည့် မောင်းသူမဲ့တွဲရေယာဉ်ပေါ်သို့ အောင်မြင်စွာ ပြန်လည်ဆင်းသက်နိုင်ခဲ့သည်။

လွှတ်တင်ပြီး ၆၂ ဒသမ ၅ မိနစ် အကြာတွင် ဖယ်လ်ကွန်-၉ ၏ ထိပ်ဖူးအဆင့် ဒုံးယာဉ်သည် သယ်ဆောင်ထားသော စတားလင့်ခ်ဂြိုဟ်တုများကို သတ်မှတ်ပတ်လမ်းပေါ်သို့ ပို့ဆောင်ပေးနိုင်ခဲ့ကြောင်း သိရသည်။

စက်တင်ဘာ ၃ ရက် မစ်ရှင် အောင်မြင်မှုကြောင့် စပေ့အိတ်ကုမ္ပဏီ၏ စတားလင့်ခ်အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တုကွန်ရက်တွင် ဝန်ဆောင်မှုပေးနေသော ဂြိုဟ်တုစင်းရေမှာ ၈၃၀၀ ခန့် ရှိလာခဲ့ပြီဖြစ်ကြောင်း သိရသည်။

Ref : Russia Today
Trs : KKO

နာဆာ၏ တက်ခ်ဂြိုဟ်တုက TOI 2322 ကြယ်တစ်စင်းကို ဗဟိုပြုလှည့်ပတ်နေသည့် ကျောက်သားဂြိုဟ်နှစ်စင်းကို ရှာဖွေတွေ့ရှိထား

ဝါရှင်တန် စက်တင်ဘာ ၄

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)၏ တက်ခ်ဂြိုဟ်တုသည် TOI 2322 အမည်ရှိ ကြယ်တစ်စင်းကို ဗဟိုပြုလှည့်ပတ်နေသည့် ကျောက်သားဂြိုဟ်နှစ်စင်းကို ရှာဖွေတွေ့ရှိထားကြောင်း စက်တင်ဘာ ၃ ရက် သတင်းများအရ သိရသည်။

အဆိုပါ ကျောက်သားဂြိုဟ်နှစ်စင်း၏ အရွယ်အစားမှာ ကမ္ဘာဂြိုဟ်၏အရွယ်အစားနှင့် အတူတူခန့်ပင်ရှိကြောင်း နာဆာသိပ္ပံပညာရှင်များက ပြောကြားသည်။

အထက်ပါ ကျောက်သားဂြိုဟ်နှစ်စင်းအနက် TOI-2322 b အမည်ရှိ ဂြိုဟ်သည် မိခင်ကြယ်ကို ကမ္ဘာမြေရက်အားဖြင့် ၁၁ ဒသမ ၃ ရက်လျှင် တစ်ပတ်ကျ လှည့်ပတ်နေကြောင်း သိရသည်။

TOI-2322 c အမည်ရှိ ဂြိုဟ်ကမူ ကမ္ဘာမြေရက်အားဖြင့် ၂၀ ဒသမ ၂ ရက်လျှင် တစ်ပတ်ကျ လှည့်ပတ်နေကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

TOI-2322 ကြယ်စနစ်သည် ကမ္ဘာမြေနှင့်အလင်းနှစ် ၁၉၅ နှစ်အကွာတွင် တည်ရှိကြောင်းနာဆာ သိပ္ပံပညာရှင်များ၏ အဆိုအရ သိရသည်။

တက်ခ်ဂြိုဟ်တုသည် နေအနီးရှိ ကြယ်အစင်းပေါင်း ၂၀၀၀၀၀ ကျော်ကို လေ့လာ၍ဂြိုဟ်သစ်များ ရှာဖွေနေသော ဂြိုဟ်တုဖြစ်ကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO

အိန္ဒိယအာကာသအေဂျင်စီက ဂါဂန်ယန်း အာကာသလူသယ်ယာဉ်အတွက် လေထီးစနစ်ကို အောင်မြင်စွာစမ်းသပ်နိုင်ခဲ့

နယူးဒေလီ စက်တင်ဘာ ၄

အိန္ဒိယ အာကာသအေဂျင်စီသည် ဂါဂန်ယန်းအမည်ရှိ အာကာသလူသယ်ယာဉ်အတွက် လေထီးစနစ်ကို အောင်မြင်စွာစမ်းသပ်နိုင်ခဲ့ကြောင်း စက်တင်ဘာ ၃ ရက် သတင်းများအရ သိရသည်။

အိန္ဒိယ အာကာသအေဂျင်စီသည် ဂါဂန်ယန်း အာကာသလူသယ်ယာဉ်ကို ရဟတ်ယာဉ်တစ်စင်းဖြင့် ချိတ်တွဲသယ်ဆောင်၍ အမြင့် ၁ ဒသမ ၈ မိုင်အကွာမှ တစ်ဆင့်ဖြုတ်ချခဲ့ပြီး လေထီးစနစ်ကို စမ်းသပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဂါဂန်ယန်းအာကာသလူသယ်ယာဉ် လေထီးစနစ်စမ်းသပ်မှုမှာ အပြည့်အဝအောင်မြင်ခဲ့သည်ဟု အိန္ဒိယအာကာသအေဂျင်စီတာဝန်ရှိသူများက ပြောကြားထားကြောင်း သိရသည်။

စမ်းသပ်မှုအတွင်း ဂါဂန်ယန်း အာကာသ လူသယ်ယာဉ်သည် လေထီးစနစ်ကို အောင်မြင်စွာဖြန့်ထုတ်၍ ရေပြင်အတွင်း ချောမွေ့စွာ ဆင်းသက်နိုင်ခဲ့သည်။

အိန္ဒိယနိုင်ငံသည် ၂၀၂၇ ခုနှစ်တွင် ဂါဂန်ယန်း အာကာသလူသယ်ယာဉ်ဖြင့် အိန္ဒိယအာကာသယာဉ်မှူးများကို ကမ္ဘာပတ်လမ်းပေါ်သို့ ပထမဆုံးအကြိမ် ပို့ဆောင်ရန် ရည်ရွယ်ထားသည်။

လက်ရှိအချိန်တွင် ဂါဂန်ယန်း မစ်ရှင်အတွက် မြေပြင်အထောက်အကူပြု အခြေခံအဆောက်အအုံများနှင့် ဒုံးပျံယာဉ်တည်ဆောက်မှုတို့မှာ ၉၀ ရာခိုင်နှုန်းထိ ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

Ref : Russia Today
Trs : KKO

HEALTH

သွေးတိုးရောဂါအတွက် သောက်ဆေးသစ်တစ်မျိုးကို ဗြိတိန်သုတေသနပညာရှင်များ စမ်းသပ်နေ

လန်ဒန် စက်တင်ဘာ ၄

သွေးတိုးရောဂါကို ထိရောက်စွာကုသနိုင်မည့် ဆေးဝါးသစ်တစ်မျိုးကို ဗြိတိန်သုတေသနပညာရှင်များက စမ်းသပ်နေကြောင်း စက်တင်ဘာ ၃ ရက် သတင်းများအရ သိရသည်။

လက်ရှိအချိန်တွင် ဗြိတိန်နိုင်ငံ လန်ဒန်ကောလိပ်မှ သုတေသနပညာရှင်များသည် Baxdrostat အမည်ရှိ အထက်ပါသောက်ဆေးသစ်ကို ပထမအဆင့် စမ်းသပ်မှုများ ပြုလုပ်နေပြီဖြစ်ကြောင်း သိရသည်။

ကနဦး ပေါ်ထွက်လာသည့် ရလဒ်များအရ Baxdrostat ဆေးသည် အာနိသင်ထက်မြက်မှုရှိပြီး သွေးဖိအားကို ထိရောက်စွာ လျှော့ချပေးနိုင်သည်ကို တွေ့ရကြောင်း ဗြိတိန်သုတေသနပညာရှင်များက ပြောကြားသည်။

အထူးသဖြင့် Baxdrostat ဆေးသည် လက်ရှိသွေးတိုးရောဂါ ဆေးဝါးများကို တုံ့ပြန်မှုမရှိသည့် လူနာများ၏ သွေးဖိအားအဆင့်ကို ထိထိရောက်ရောက် လျှော့ချပေးနိုင်ကြောင်း သိရသည်။

Baxdrostat ဆေးသည် သွေးကျဆေးနှစ်မျိုးမှ သုံးမျိုးထိရောစပ်သောက်သုံးနေသော်လည်း သွေးဖိအားကို ပုံမှန်အဆင့်သို့ ပြန်လျှော့ချနိုင်မှုမရှိသည့် လူနာများအတွက် မျှော်လင့်ချက်ဖြစ်လာနိုင်ကြောင်း ဗြိတိန်သုတေသနပညာရှင်များက ပြောကြားသည်။

လက်ရှိအချိန်တွင် ဗြိတိန်သုတေသန ပညာရှင်များသည် Baxdrostat ဆေးကို ကမ္ဘာတစ်ဝန်းလုံးမှ လူနာ ၈၀၀ တို့ဖြင့် စမ်းသပ်လျက်ရှိကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO

ဟော်မုန်းအစားထိုးကုထုံးများကြောင့် အကြားအာရုံဆုံးရှုံးနိုင်ခြေ မြင့်မားလာနိုင်

ပေကျင်း စက်တင်ဘာ ၄

ဟော်မုန်းအစားထိုး ကုထုံး (HRT) ကြောင့် အမျိုးသမီးများ၌ အကြားအာရုံ ဆုံးရှုံးနိုင်ခြေမြင့်မားလာနိုင်ကြောင်း သုတေသနပညာရှင်များ၏အဆိုကိုကိုးကား၍ စက်တင်ဘာ ၃ ရက် သတင်းများအရ သိရသည်။

တရုတ် သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ ဟော်မုန်းအစားထိုး ကုထုံးရယူထားသူ အမျိုးသမီးများသည် ၎င်းကုထုံးမရယူသူ အမျိုးသမီးများနှင့် နှိုင်းယှဉ်ပါက အကြားအာရုံဆုံးရှုံးနိုင်ခြေ ၂၅ ရာခိုင်နှုန်းပိုမြင့်မားကြောင်း သိရသည်။

ဓမ္မတာရာသီကုန်ဆုံးပြီးဖြစ်သည့် အမျိုးသမီးများအနေဖြင့် နောက်ဆက်တွဲ ကျန်းမာရေးပြဿနာကို ကာကွယ်ရန် ဟော်မုန်းအစားထိုးကုထုံးများ ရယူရတတ်သည်။

သို့ရာတွင် ဟော်မုန်းအစားထိုးကုထုံးရယူမှု ကာလရှည်ကြာပါက အကြားအာရုံပျက်စီးနိုင်ခြေမြင့်တက်လာနိုင်ကြောင်း တရုတ်သုတေသန ပညာရှင်များက ပြောကြားသည်။

သို့ရာတွင် ဟော်မုန်းအစားထိုးကုထုံးရယူမှုနှင့် အကြားအာရုံဆုံးရှုံးနိုင်ခြေတို့ကြား မည်သို့မည်ပုံ ဆက်စပ်နေသည်ကို မသိရသေးကြောင်း သိရသည်။

တရုတ် သုတေသနပညာရှင်များသည် အမျိုးသမီး ၂၀၀၀၀၀ ကျော်တို့၏ အချက်အလက်များကို စိစစ်လေ့လာပြီးနောက် ၎င်းတို့၏ တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်း ဖြစ်ကြောင်း သိရသည်။

Ref : Xinhua News
Trs : KKO

တူကီယဲကလပ် ထရာဇွန်စပေါ်အသင်းက ဂိုးသမား အိုနာနာကို အငှားစာချုပ်ဖြင့် ခေါ်ယူရန်ကမ်းလှမ်း

မန်ချက်စတာ စက်တင်ဘာ ၄

မန်ယူအသင်း ဂိုးသမားအိုနာနာသည် အပြောင်းအရွှေ့ကာလ နောက်ဆုံးချိန်တွင် အန့်ဝပ်အသင်းမှ ဂိုးသမား လမ်မန်းရောက်ရှိလာခဲ့ပြီးနောက် အသင်းမှထွက်ခွာရန် ဆုံးဖြတ်ခဲ့သဖြင့် တူကီယဲကလပ် ထရာဇွန်စပေါ်အသင်းက တစ်ရာသီ အငှားစာချုပ်ဖြင့် ကမ်းလှမ်းခဲ့ခြင်းဖြစ်သည်။

ဂိုးသမားအိုနာနာကို မန်ယူအသင်းက အပြောင်းအရွှေ့ကာလ စတင်ကတည်းက အရောင်းစာရင်းတင်သွင်းခဲ့သော်လည်း ကမ်းလှမ်းလာသည့်အသင်း မရှိခဲ့သည့်အပြင် ဂိုးသမားသစ်ခေါ်ယူရန် ကြိုးပမ်းခဲ့ရာတွင် ခေါ်ယူနိုင်ခြင်းမရှိခဲ့သောကြောင့် အိုနာနာကို အသင်းတွင် ဆက်လက် ကစားခွင့်ပေးရန် ဆုံးဖြတ်ခဲ့သည်။

သို့သော် နည်းပြအာမိုရင်သည် အိုနာနာကို ပရီးမီးယားလီဂ်ပွဲစဉ်သုံးပွဲတွင် အရန်ကစားသမား စာရင်းတွင် ထည့်သွင်း၍ ဘာရင်ဒီယာကိုသာ ပွဲထွက်ခွင့်ပေးခဲ့ပြီး အိုနာနာကို ကွာရာဘောင်းဖလား ပြိုင်ပွဲတွင် ထည့်သွင်းအသုံးပြုခဲ့ရာ အသင်းအနေဖြင့် ပင်နယ်တီ အဆုံးအဖြတ်တွင်ရှုံးနိမ့်၍ ပြိုင်ပွဲမှ အစောဆုံး ထွက်ခွာခဲ့ရပြီးနောက် အိုနာနာအနေဖြင့် နည်းပြအာမိုရင်၏ စီမံကိန်းတွင် ပါဝင်ခဲ့ခြင်းမရှိတော့ကြောင်း သိရသည်။

ထို့ပြင် နည်းပြအာမိုရင်က အပြောင်းအရွှေ့ နောက်ဆုံးချိန်တွင် ဂိုးသမားလမ်မန်းကို ထပ်မံခေါ်ယူခဲ့သောကြောင့် အိုနာနာ အနေဖြင့် ပထမ အသင်းလူစာရင်းတွင် ပွဲကစားခွင့်ရရှိရန် မသေချာတော့သဖြင့် ထရာဇွန်စပေါ် အသင်းက ကမ်းလှမ်းလာချိန်တွင် ထွက်ခွာရန်ဆုံးဖြတ်ခဲ့ပြီး လုပ်ခလစာအတွက် ညှိနှိုင်းမှုများ ပြုလုပ်ခဲ့သည်။

တူကီယဲစူပါလီဂ်၏ အပြောင်းအရွှေ့မှာ လာမည့် စက်တင်ဘာ ၁၂ ရက်မှသာ ပိတ်သိမ်းမည်ဖြစ်သောကြောင့် ဂိုးသမားအိုနာနာ အနေဖြင့် ထရာဇွန်စပေါ်အသင်းသို့ ပြောင်းရွှေ့ရန် သေချာနေကြောင်း သိရသည်။ **Ref : Givemesports**

Trs : ML

ချဲလ်ဆီးအသင်းနှင့် ဖူလ်ဟမ်အသင်းတို့ပွဲစဉ်တွင် ဒိုင်ဆုံးဖြတ်ချက်မှားယွင်းခဲ့ဟု ဒိုင်အဖွဲ့ချုပ် ဟောင်းဝပ် ဝန်ခံ

လန်ဒန် စက်တင်ဘာ ၄

ချဲလ်ဆီးအသင်းနှင့် ဖူလ်ဟမ်အသင်းတို့ ကစားခဲ့သည့်ပွဲစဉ်တွင် တာဝန်ယူကြီးကြပ်ခဲ့သည့် ဒိုင်လူကြီးများ၏ ဆုံးဖြတ်ချက်များမှားယွင်းခဲ့သည်ဟု ပရီးမီးယားလီဂ် ကွင်းလယ်ဒိုင်လူကြီး အဖွဲ့ချုပ် အကြီးအကဲ ဟောင်းဝပ်က ဝန်ခံခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် ချဲလ်ဆီးအသင်းက လန်ဒန်မြို့ခံ ဖူလ်ဟမ်အသင်းကို နှစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သော်လည်း ဒိုင်လူကြီးများ၏ ဆုံးဖြတ်ချက်များမှာ အငြင်းပွားဖွယ်ဖြစ်ခဲ့ပြီး ဖူလ်ဟမ်အသင်း ပရိသတ်များကလည်း ပြင်းပြင်းထန်ထန် ဝေဖန်မှုများလုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။

အဆိုပါပွဲစဉ်တွင် ဖူလ်ဟမ်အသင်းက ဒ့ီးဆောင်ဂိုး အရင်သွင်းယူနိုင်ခဲ့သော်လည်း ကွင်းလယ်ဒိုင်လူကြီးက ခွင့်မပြုခဲ့သည့်အတွက် ဖူလ်ဟမ်အသင်း နစ်နာခဲ့ရပြီး ချဲလ်ဆီးအသင်း ပင်နယ်တီသွင်းဂိုးနှင့်အတူ နှစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ကာ အမှတ်ပေးဇယား အဆင့်(၂)နေရာတွင် ရပ်တည်နိုင်ခဲ့သည်။

အဆိုပါပွဲစဉ်အပြီး ကွင်းလယ်ဒိုင်၏ ဆုံးဖြတ်ချက်များအတွက် ဖူလ်ဟမ်အသင်းနှင့် ပရိသတ်များက ပြင်းပြင်းထန်ထန် ဝေဖန်ခဲ့ပြီး ပြန်လည် စစ်ဆေးပေးရန်အတွက် ပင် တောင်းဆိုခဲ့ပြီးနောက် ပရီးမီးယားလီဂ်ဒိုင်အဖွဲ့ချုပ် အကြီးအကဲ ဟောင်းဝပ်က ဝန်ခံခဲ့ခြင်းဖြစ်သည်။

ဟောင်းဝပ်က "ချဲလ်ဆီးအသင်းနဲ့ ဖူလ်ဟမ်အသင်းပွဲစဉ်က တာဝန်ယူခဲ့ကြတဲ့ဒိုင်တွေ မှားယွင်းခဲ့ကြတယ်ဆိုတာ ဝန်ခံပါတယ်။ သူတို့ကျွန်တော်တို့ ချမှတ်ထားတဲ့ လမ်းညွှန်ချက်တွေကို တိတိကျကျ မလုပ်ဆောင်နိုင်ခဲ့ပါဘူး" ဟု ဝန်ခံပြောကြားခဲ့ကြောင်း သိရသည်။

Ref : Goal.com

Trs : STA

လာလီဂါ တစ်လတာအကောင်းဆုံးဆုအတွက် ရီးရဲလ်မက်ဒရစ်အသင်းမှ အမ်ဘက်ပီ၊ အဒါဂူလာနှင့် နည်းပြအလွန်ဆိုတို့ ဆန်ခါတင်စာရင်း၌ပါဝင်

မက်ဒရစ် စက်တင်ဘာ ၄

သြဂုတ်လအတွက် ပေးအပ်ချီးမြှင့်မည့် လာလီဂါတစ်လတာ အကောင်းဆုံး ဆုများအတွက် အကောင်းဆုံးကစားသမားစာရင်းနှင့် အကောင်းဆုံးနည်းပြ စာရင်းတွင် ရီးရဲလ်မက်ဒရစ်အသင်းမှ တိုက်စစ်မှူး အမ်ဘက်ပီ၊ တိုက်စစ်မှူး အဒါဂူလာနှင့် နည်းပြအလွန်ဆိုတို့ ပါဝင်ခဲ့သည်။

အဆိုပါ တစ်လတာအကောင်းဆုံး ဆန်ခါတင်ကစားသမားစာရင်းတွင် လာလီဂါပွဲစဉ် သုံးပွဲကစားခဲ့ရာ၌ သွင်းဂိုး နှစ်ဂိုးနှင့် ဂိုးဖန်တီးမှုနှစ်ကြိမ် ပြုလုပ်ခဲ့သည့် ဘာစီလိုနာအသင်း တိုက်စစ်မှူး ယာမယ်၊ သွင်းဂိုး သုံးဂိုးသွင်းယူနိုင်ခဲ့သည့် တိုက်စစ်မှူး အမ်ဘက်ပီ၊ သွင်းဂိုး တစ်ဂိုးနှင့် ဂိုးဖန်တီးမှု တစ်ကြိမ် ပြုလုပ်ခဲ့သည့် တိုက်စစ်မှူး နစ်ကိုးဝီလျံ၊ သွင်းဂိုး နှစ်ဂိုး သွင်းယူခဲ့သည့် အက်စ်ပန်ညိုတိုက်စစ်မှူး မယ်လ်ဟာ၊ သွင်းဂိုး နှစ်ဂိုးနှင့် တစ်ဂိုးဖန်တီးခဲ့သည့် ဗီလာရီးရဲလ် တိုက်စစ်မှူး ပီပီတို့က အကောင်းဆုံး ကစားသမားစာရင်းတွင် ရပ်တည်နိုင်ခဲ့သည်။

တစ်လတာ အကောင်းဆုံးဆုအတွက် တိုက်စစ်မှူး ယာမယ်နှင့် တိုက်စစ်မှူး အမ်ဘက်ပီတို့က ဆွတ်ခူးနိုင်ရန် အပြိုင်ရေပန်းစားနေသကဲ့သို့ တစ်လတာ လူငယ် အကောင်းဆုံး ကစားသမားဆုအတွက် သွင်ဂိုး တစ်ဂိုးနှင့် ဖန်တီးမှုတစ်ကြိမ် ပြုလုပ်ခဲ့သည့် အဒါဂူလာက ဆုရရှိရန် ရေပန်းစားလျက်ရှိသည်။

ထို့ပြင် တစ်လတာအကောင်းဆုံး နည်းပြဆုအတွက် ရီးရဲလ်မက်ဒရစ်အသင်းကို လာလီဂါသုံးပွဲ စလုံးနိုင်ပွဲရယူပေးခဲ့သည့် နည်းပြ အလွန်ဆို၊ နှစ်ပွဲသရေ၊ တစ်ပွဲနိုင် ရရှိခဲ့သည့် ဘီလ်ဘာအိုနည်းပြ ဗယ်ဗာဒီနှင့် နှစ်ပွဲနိုင်၊ တစ်ပွဲသရေ ရရှိခဲ့သည့် အက်စ်ပန်ညိုနည်းပြ ဂွန်ဇာလက်ဇ်တို့က အကောင်းဆုံး စာရင်းတွင် ပါဝင်လာသော်လည်း နည်းပြ အလွန်ဆိုက ဆုရရှိရန် ဦးစားပေး သတ်မှတ်ခံထားရကြောင်း သိရသည်။

Ref : Laliga.com

Trs : ML

ဖီနာဘာချီအသင်းမှထွက်ခွာခဲ့သည့် နည်းပြမော်ရင်ဟိုကိုခန့်အပ်ရန် ဝက်စ်ဟမ်းအသင်းကြိုးပမ်း

လန်ဒန် စက်တင်ဘာ ၄

နည်းပြမော်ရင်ဟိုသည် တူကီယဲစူပါလီဂ်ဘောလုံးရာသီ အဖွင့်ပွဲစဉ် မတိုင်မီ ဖီနာဘာချီအသင်းက ထုတ်ပယ်ခဲ့သောကြောင့် ဝက်စ်ဟမ်းအသင်းက နည်းပြမော်ရင်ဟိုကို ပရီးမီးယားလီဂ်သို့ ပြန်လည်ခေါ်ယူရန် ကြိုးပမ်းနေကြောင်း သိရသည်။

လက်ရှိတွင် ဝက်စ်ဟမ်းအသင်းနည်းပြ ပေါ်တာအနေဖြင့် ပရီးမီးယားလီဂ် အဖွင့်ပွဲစဉ်တွင် ဆန်းဒါလန်းအသင်းနှင့် ဒုတိယပွဲစဉ်တွင် ချဲလ်ဆီးအသင်းတို့ကို ဂိုးပြတ်ရှုံးနိမ့်ခဲ့ပြီးနောက် အသင်းတာဝန်ရှိသူများက နည်းပြရာထူးမှ ထုတ်ပယ်ရန်စီစဉ်နေကာ နည်းပြသစ်အဖြစ် မော်ရင်ဟိုနှင့် အစားထိုးရန် ဆွေးနွေးမှုပြုလုပ်လျက်ရှိသည်။

နည်းပြပေါ်တာသည် နောက်ဆုံးကစားခဲ့သည့် ပရီးမီးယားလီဂ်ပွဲစဉ်တွင် နော်တင်ဟမ်အသင်းကို အဝေးကွင်းမှ သုံးဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့သော်လည်း အသင်းတာဝန်ရှိသူများက ၎င်း၏ နည်းစနစ်ပိုင်းကို သံသယရှိလာသောကြောင့် နည်းစနစ်ပိုင်း ကောင်းမွန်၍ အတွေ့အကြုံကောင်းများရှိသည့်မော်ရင်ဟိုနှင့် အစားထိုးရန် ဆုံးဖြတ်ထားသည်။

မော်ရင်ဟိုသည် ပရီးမီးယားလီဂ်တွင် ချဲလ်ဆီးအသင်းကို တာဝန်ယူစဉ်က စိတ်လှုပ်ရှားစရာ ကောင်းသည့် နည်းစနစ်ပိုင်းများဖြင့် အသင်းကို အောင်မြင်မှုရယူပေးနိုင်ခဲ့ပြီးနောက် နည်းပြလောကတွင် ထိပ်တန်းစာရင်းဝင်ခဲ့သူ ဖြစ်သည်။

နည်းပြ မော်ရင်ဟိုကလည်း ဝက်စ်ဟမ်းအသင်း အနေဖြင့် ကမ်းလှမ်းမှု ပြုလုပ်လာပါက တာဝန်ယူရန် ဆုံးဖြတ်ထားသောကြောင့် ဝက်စ်ဟမ်းအသင်းက နည်းပြပေါ်တာ၏ အနာဂတ်နှင့် ပတ်သက်၍လာမည့် ပွဲစဉ်များ ဖြစ်သည့် စပါးအသင်း၊ ပဲလေ့စ်နှင့် အဲဗာတန်အသင်းတို့ ပွဲစဉ်တွင် ဆက်လက် စောင့်ကြည့်မည်ဖြစ်ကြောင်း သိရသည်။

Ref : Givemesports

Trs : ML

အားကစားသတင်းအတိုအထွာများ

- ❑ လီဗာပူးအသင်းသည် ချန်ပီယံလီဂ်ပြိုင်ပွဲ အုပ်စုအဆင့်တွင် ပါဝင်ကစားမည့် ကစားသမားစာရင်း မှတ်ပုံတင်ရာတွင် အသင်းတိုက်စစ်ပိုင်းတွင် တိုက်စစ်မှူး အစ်ဆက်ခ်၊ တိုက်စစ်မှူး ဆာလာဟ်၊ တိုက်စစ်မှူး ဂတ်ပို၊ လူငယ်ကစားသမား နူမိုဟာတို့ပါဝင်ခဲ့သော်လည်း တိုက်စစ်မှူး ချီဆာကို ချန်လှပ်ခဲ့ကြောင်း သိရသည်။
- ❑ ဂျူဗင်တပ်အသင်းက လူငယ်တိုက်စစ်မှူး ရဲလ်ဒိဇ်ကိုအသင်းတွင် ဆက်လက်ထိန်းသိမ်းရန် ကြိုးပမ်းခဲ့ပြီး ၂၀၃၀ ပြည့်နှစ်ထိ စာချုပ် ချုပ်ဆိုရန်ပြင်ဆင်လျက်ရှိကြောင်း သိရသည်။
- ❑ ဘရိုက်တန်အသင်းကို ရှုံးခဲ့သည့်ပွဲစဉ်တွင် မန်စီးတီးအသင်းအတွက် သွင်းဂိုး တစ်ဂိုးသွင်းယူခဲ့သည့် တိုက်စစ်မှူး ဟာလန်းသည် ပရီးမီးယားလီဂ်ပြိုင်ပွဲ ၁၀၀ တွင် သွင်းဂိုး ၈၈ ဂိုးထိ သွင်းယူနိုင်ခဲ့သည့် မှတ်တမ်းကောင်းကို ပိုင်ဆိုင်ခဲ့သည်။ **ML**

Golf Channel Games ဂေါက်သီးရိုက်ပြိုင်ပွဲတွင် စကော့တီရှက်ဖလာနှင့် မက်အီလ်ရွိုင်းတို့ အသင်းခေါင်းဆောင်များအဖြစ် တာဝန်ယူမည်

ဖလော်ရီဒါ စက်တင်ဘာ ၄

အမေရိကန်နိုင်ငံ ဖလော်ရီဒါပြည်နယ်ရှိ အမေရိကန်သမ္မတ ဒေါနယ်ထရမ့် ပိုင်ဆိုင်သည့် Trump National Golf Club တွင်ကျင်းပပြုလုပ်သွားမည့် Golf Channel Games ဂေါက်သီးရိုက်ပြိုင်ပွဲတွင် အမေရိကန် ဂေါက်သီးရိုက်ကစားသမား စကော့တီရှက်ဖလာနှင့် မြောက်အိုင်ယာလန် ဂေါက်သီးရိုက်ကစားသမား မက်အီလ်ရွိုင်းတို့က အသင်းခေါင်းဆောင်များအဖြစ် တာဝန်ယူကာ ယှဉ်ပြိုင်သွားကြမည်ဖြစ်ကြောင်း ယနေ့တွင် ထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါပြိုင်ပွဲကို ဒီဇင်ဘာ ၁၇ ရက်တွင် ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး အသင်းနှစ်သင်း ယှဉ်ပြိုင်သွားမည် ဖြစ်သလို အသင်းတစ်သင်းလျှင် ပြိုင်ပွဲဝင် လေးဦး ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

ကမ္ဘာ့အဆင့်(၁) နေရာတွင် ရပ်တည်နေသည့် စကော့တီရှက်ဖလာနှင့် ကမ္ဘာ့အဆင့်(၂)နေရာတွင် ရပ်တည်နေသည့် မက်အီလ်ရွိုင်းတို့က အသင်းတစ်သင်းစီကို တာဝန်ယူယှဉ်ပြိုင်သွားရန် Golf Channel က ကမ်းလှမ်းခဲ့ခြင်းလည်းဖြစ်သည်။

ယင်းပြိုင်ပွဲများကို Golf Channel နှင့် USA Network ရုပ်သံလိုင်းများမှ တိုက်ရိုက်ထုတ်လွှင့် ပြသသွားမည်ဖြစ်ပြီး စကော့တီရှက်ဖလာ အသင်းတွင် ပါဝင်ခွင့်ရမည့် ကစားသမားစာရင်းနှင့် မက်အီလ်ရွိုင်းအသင်းတွင် ပါဝင်ခွင့်ရမည့် အသင်းသားစာရင်းကိုလည်း Golf Channel က မကြာခင် ထုတ်ပြန်ကြေညာပေးသွားမည်ဖြစ်ကြောင်း သိရသည်။

Golf Channel ၏ အမှုဆောင်ချုပ်ဖြစ်သူတွမ်ကနပ်က "ပြိုင်ဆိုင်မှုပြင်းထန်တဲ့ ဂေါက်သီးရိုက်ပြိုင်ပွဲတစ်ရပ်ကို ထူထောင်ကျင်းပပေးသွားချင်တယ်။ ကမ္ဘာ့အကောင်းဆုံးကစားသမားအဖြစ် စွမ်းဆောင်ပြနေသည့် ကစားသမားတွေကို သီးသန့်ရွေးချယ်ပြီး ကျင်းပပေးသွားမယ်။ ကစားသမားတွေအနေနဲ့ ပြိုင်ပွဲကြီးတွေနဲ့ ပွဲချိန်မတိုက်အောင် စီစဉ်သွားမှာ ဖြစ်ပါတယ်။ အသင်းနှစ်သင်း ယှဉ်ပြိုင်သွားမှာ ဖြစ်ပြီးတော့ ကမ္ဘာ့အဆင့်(၁) နေရာမှာရပ်တည်နေတဲ့ စကော့တီရှက်ဖလာနဲ့ ကမ္ဘာ့အဆင့်(၂) နေရာမှာရပ်တည်နေတဲ့ မက်အီလ်ရွိုင်းတို့ကို အသင်းခေါင်းဆောင်အဖြစ် ရွေးချယ်ထားပါတယ်။ ပါဝင်ခွင့်ရမဲ့ ပြိုင်ပွဲဝင်စာရင်းကိုလဲ မကြာမီ ထုတ်ပြန်ပေးသွားပါမယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : RT
Trs : AZL

US Open အမျိုးသမီးတစ်ဦးချင်းတင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်သို့ အိုဆာကာ တက်ရောက်

နယူးယောက် စက်တင်ဘာ ၄

အမေရိကန်နိုင်ငံ နယူးယောက်မြို့တွင် ကျင်းပနေသည့် US Open အမျိုးသမီးတစ်ဦးချင်း တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ် အဆင့် ပွဲစဉ်တစ်ပွဲအဖြစ် ဂျပန် တင်းနစ်မယ်အိုဆာကာက ချက် တင်းနစ်မယ်မူချိုဗာနှင့် ယှဉ်ပြိုင်ကစားခဲ့ပြီး အိုဆာကာက (၆-၄ ၊ ၇-၆) ရလဒ်ဖြင့် အနိုင်ရရှိကာ ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ဂရန်းစလန်းချန်ပီယံဆုဖလားလေးလုံးထိ ဆွတ်ခူးထားသည့် အိုဆာကာသည် ယခုနှစ်အတွင်း ဂရန်းစလန်း တင်းနစ်ပြိုင်ပွဲတွင် ဆီမီးဖိုင်နယ်အဆင့်သို့ ပထမဆုံး အကြိမ်တက်ရောက်ခွင့်ပြန်လည် ရရှိလာခဲ့ခြင်းဖြစ်သည်။

အိုဆာကာအနေဖြင့်ကစားသမား ဘဝ သက်တမ်းတစ်လျှောက် ဂရန်းစလန်း တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်နိုင်ခဲ့ရာတွင် ရှုံးပွဲလုံးဝ မရှိသေးသည့် တင်းနစ်မယ်တစ်ဦး လည်းဖြစ်သည်။

အိုဆာကာသည် ယခုနှစ် အတွင်း ပုံစံကောင်းပျောက်ဆုံးခဲ့သော်လည်း US Open တင်းနစ်ပြိုင်ပွဲတွင် ချန်ပီယံလက်စွမ်းမျိုးပြန်လည်ပြသလာနိုင်ခဲ့ပြီး စတုတ္ထ အဆင့်၌ အိမ်ရှင်ကစားသမား ကိုကိုဂတ်ဖ်အား အနိုင်ရခဲ့ခြင်းသည် အိုဆာကာအတွက် ယုံကြည်မှု ပြန်လည်တည်ဆောက်လာနိုင်ခဲ့ခြင်းလည်းဖြစ်သည်။

အိုဆာကာက "ကျွန်မအတွက် အရမ်းကို ခက်ခဲတဲ့ ကွာတားဖိုင်နယ်အဆင့် ပွဲစဉ်တစ်ပွဲဖြစ်ခဲ့ပါတယ်။ မူချိုဗာဟာ အရမ်းကို ခက်ခဲတဲ့ ပြိုင်ဘက်ကောင်းတစ်ယောက်ပါ။ သူနဲ့ပြိုင်ပွဲတော်တော်များများမှာ ဆုံတွေ့ခဲ့ဖူးတယ်။ သူနဲ့ယှဉ်ပြိုင်ကစားရတိုင်း အမြဲတမ်းအခက်တွေ့ခဲ့ရပါတယ်။ ခက်ခဲတဲ့ ပြိုင်ဘက်ကောင်းတစ်ယောက်ကို အနိုင်ရပြီးတော့ ဆီမီးဖိုင်နယ်အဆင့်ကို တက်ရောက်နိုင်ခဲ့လို့ ဝမ်းသာဂုဏ်ယူပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : RT
Trs : AZL

ထိုင်းနိုင်ငံက အိမ်ရှင်အဖြစ်ကျင်းပမည့် ဖိတ်ခေါ်ဘော်လီဘောပြိုင်ပွဲကို မြန်မာ့လက်ရွေးစင်ဘော်လီဘောအသင်း ဝင်ရောက်ယှဉ်ပြိုင်မည်

ရန်ကုန် စက်တင်ဘာ ၄

ထိုင်းနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပမည့် ထိုင်းဖိတ်ခေါ်ဘော်လီဘောပြိုင်ပွဲကို မြန်မာ့လက်ရွေးစင်ဘော်လီဘောအသင်း ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်သည်။

အဆိုပါထိုင်းဖိတ်ခေါ်ဘော်လီဘောပြိုင်ပွဲကို အိမ်ရှင်ထိုင်းနိုင်ငံမှ ကလပ်အသင်းနှစ်သင်း၊ ဖိလစ်ပိုင်နိုင်ငံမှ ကလပ်အသင်း တစ်သင်းနှင့်အတူ မြန်မာနိုင်ငံမှ မြန်မာ့လက်ရွေးစင်ဘော်လီဘောအသင်းတို့ ပါဝင်ကစားသွားမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲကို ထိုင်းနိုင်ငံ နာခွန်ရက်ချာဆီမာ မြို့တွင် စက်တင်ဘာ ၅ ရက်မှ ၇ ရက်ထိ သုံးရက်ကြာ ကျင်းပသွားမည်ဖြစ်ပြီး ပြိုင်ပွဲကို အုပ်စုပတ်လည် ကစားသည့်စနစ်ဖြင့် ကျင်းပသွားမည်ဖြစ်သည်။

လက်ရှိပြိုင်ပွဲဝင်အသင်းများမှ ထိုင်းကလပ် နာခွန်ရင်ချာဆီခရိုင် အသင်းသည် ထိုင်းပရော်ဖက်ရှယ်နယ်ထိပ်တန်းလီဂ်၏ ချန်ပီယံ အသင်းဖြစ်ပြီး ဖိလစ်ပိုင်ကလပ် စစ်နယ်အိုက်ဒီစပီကာ အသင်းသည်လည်း ဖိလစ်ပိုင်ပရီးမီးယားလိဂ်ဘော်လီဘောပြိုင်ပွဲ၏ ချန်ပီယံ အသင်းတစ်သင်းဖြစ်သည်။

အဆိုပါ ပြိုင်ပွဲတွင် မြန်မာ့လက်ရွေးစင် ဘော်လီဘော အသင်းသည် အုပ်စုပွဲစဉ်များအဖြစ် စက်တင်ဘာ ၅ ရက်တွင် ထိုင်းကလပ် နာခွန်ရက်ချာဆီမာ ခရိုင် အသင်း၊ စက်တင်ဘာ ၆ ရက်တွင် ဖိလစ်ပိုင်ကလပ် စစ်နယ်အိုက်ဒီ စပီကာအသင်း၊ စက်တင်ဘာ ၇ ရက် တွင် နာခွန် ရက်ချာကာလိပ် အသင်းတို့နှင့် ကစားသွားရမည် ဖြစ်ကြောင်း သိရသည်။ **STA**

ဘယ်လ်ဂျီယံအသင်းခေါင်းဆောင်အဖြစ် ကွင်းလယ်ကစားသမားတိုင်လီမန်း ခန့်အပ်ခံရ

ဘရပ်ဆဲလ် စက်တင်ဘာ ၄

ဘယ်လ်ဂျီယံ အသင်းခေါင်းဆောင်သစ်အဖြစ် အေဗီလာ အသင်း ကွင်းလယ်ကစားသမား တိုင်လီမန်း ပြောင်းလဲခန့်အပ်ခံခဲ့ရကြောင်း သိရသည်။

ဘယ်လ်ဂျီယံ အသင်းခေါင်းဆောင်အဖြစ် အစောပိုင်းနှစ်များက မန်စီးတီးအသင်းကစားသမားဟောင်းဒီဘရိုင်းက တာဝန်ယူခဲ့သော်လည်း ဒီဘရိုင်းအနေဖြင့် အသက်အရွယ် ရလာသောကြောင့် ဒဏ်ရာရရှိမှုများ၊ မန်စီးတီး အသင်းမှ နာပိုလီအသင်းသို့ ပြောင်းရွှေ့ခဲ့မှုများနှင့်အတူဘယ်လ်ဂျီယံအသင်းတွင်လည်း အသင်းခေါင်းဆောင်အသစ် ပြောင်းလဲ

ခဲ့ခြင်းဖြစ်သည်။

အစောပိုင်းက ဘယ်လ်ဂျီယံ အသင်းတွင် အသင်းခေါင်းဆောင်အဖြစ် ဒီဘရိုင်းနောက်တွင် ဂိုးသမား ကော့တွိုက်၊ တိုက်စစ်ကစားသမားလူကာကူတို့ တာဝန်ယူခဲ့သော်လည်း ယခုအခါ အသင်းခေါင်းဆောင်သစ်အဖြစ် တိုင်လီမန်းက တာဝန်ယူသွားမည်ဖြစ်သည်။

တိုင်လီမန်းသည် လက်စတာ အသင်းမှ အေဗီလာအသင်းသို့ ပြောင်းရွှေ့ ကစားခဲ့ပြီးနောက် အကောင်းဆုံး ခြေစွမ်းပြသနိုင်ခဲ့ကာ ပရီးမီးယားလိဂ်ပြိုင်ပွဲ၏ အကောင်းဆုံး ကွင်းလယ်ကစားသမားများမှ တစ်ဦးအပါအဝင်ဖြစ်ပြီး ဘယ်လ်ဂျီယံအသင်းတွင်လည်း အရေးပါသည့်ကစားသမားအဖြစ် ခြေစွမ်းပြသလျက်ရှိနေသည့်အတွက် ဘယ်လ်ဂျီယံ အသင်းက အသင်းခေါင်းဆောင်သစ်အဖြစ် ခန့်အပ်ခဲ့ကြောင်း သိရသည်။

Ref : Fabrizio Romano
Trs : STA

စီးရီးအေတစ်လတာ အကောင်းဆုံးဆုအတွက် ဆန်ခါတင်ကစားသမားစာရင်းထုတ်ပြန်

ရောမ စက်တင်ဘာ ၄

အီတလီစီးရီးအေ ပြိုင်ပွဲ၏ သြဂုတ်လအတွက် တစ်လတာ အကောင်းဆုံး ကစားသမားဆု ဆန်ခါတင်စာရင်း ခြောက်ဦး ထုတ်ပြန်ခဲ့ရာတွင် နာပိုလီအသင်းမှ တိုက်စစ်မှူး တွန်မီနေး ပါဝင်ခဲ့ကြောင်း သိရသည်။

တစ်လတာ အကောင်းဆုံးဆု အတွက် ဆန်ခါတင်ကစားသမား စာရင်းတွင် အူဒီးနီးစ်အသင်းမှ ခရစ်စတန်ဆန်၊ နာပိုလီအသင်းမှ တွန်မီနေး၊ ကိုမိုအသင်းမှ နီကို ပက်ဇ်၊ ရိုးမားအသင်းမှ ဆူလီ၊ အင်တာမီလန်အသင်းမှ သူရမ်နှင့် ဂျူဗင်တပ်အသင်းမှ ရဲလ်ဒိဇ်တို့ ပါဝင်ခဲ့သည်။

အူဒီးနီးစ်အသင်းမှ ခံစစ်ကစားသမား ခရစ်စတန်ဆန်သည် အဖွင့်ပွဲစဉ်တွင် ဗီရိုနာအသင်းကို သွင်းဂိုး တစ်ဂိုးသွင်းယူ၍ သရေရမှတ် တစ်မှတ် ရယူပေးခဲ့သည့်အပြင် အင်တာမီလန်အသင်းနှင့်ပွဲစဉ်တွင် ပြိုင်ဘက်တိုက်စစ်ကိုအကောင်းဆုံး ထိန်းချုပ်ကစားနိုင်ခဲ့၍ လည်းကောင်း၊နာပိုလီအသင်းမှ တွန်မီနေးက ဆက်ဆူအိုလို အသင်းနှင့် ပွဲစဉ်တွင် တစ်ဂိုးသွင်းယူပေးခဲ့သည့်အပြင် ကက်ဂလီယာရီ အသင်းနှင့်ပွဲစဉ်တွင်လည်း အသင်းကို နိုင်ပွဲရရှိအောင်ကူညီပေးခဲ့သောကြောင့် ဆန်ခါတင်စာရင်းတွင် ပါဝင်ခဲ့သည်။

တိုက်စစ်မှူး ဆူလီကလည်း အသင်းအတွက်တစ်ဂိုးသွင်းယူ၍ ရိုးမားအသင်းကို နှစ်ပွဲစလုံးနိုင်ပွဲ ရရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့၍ လည်းကောင်း၊ တိုက်စစ်မှူး နီကို ပက်ဇ်က လာဇီယိုအသင်းကို အနိုင်ရခဲ့သည့်ပွဲစဉ်တွင် တစ်ဂိုးသွင်းယူ၍ တစ်ဂိုး ဖန်တီးနိုင်မှုကြောင့် လည်းကောင်း၊ အင်တာမီလန် အသင်းတိုက်စစ်မှူးသူရမ်က တိုရိနို အသင်းကို ငါးဂိုးပြတ်အနိုင်ရသည့် ပွဲစဉ်တွင်နှစ်ဂိုးသွင်းယူ၍ ဖန်တီးမှု တစ်ကြိမ် ပြုလုပ်နိုင်မှုကြောင့် လည်းကောင်း၊ ဂျူဗင်တပ်အသင်း တိုက်စစ်မှူး ရဲလ်ဒိဇ်က အသင်းကို နှစ်ပွဲစလုံး နိုင်ပွဲရရှိအောင် ဂိုးဖန်တီးမှုနှစ်ကြိမ် ပြုလုပ်နိုင်ခဲ့၍ လည်းကောင်း အကောင်းဆုံးကစား သမားစာရင်းတွင် ပါဝင်ခဲ့ကြောင်း သိရသည်။ **Ref : Sempreinter**
Trs : ML

နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့

ထက်ဝေအောင်(စစ်ကိုင်း)

မြို့ပြဝန်းကျင်တွင် ဆေးရုံ၊ စာသင်ကျောင်း၊ ရုံးအဆောက်အအုံ၊ လမ်း၊ တံတား အစရှိသည်တို့ ပါဝင်သကဲ့သို့ ကျေးလက်ဒေသဝန်းကျင်တွင် လယ်၊ ယာ၊ ကိုင်း၊ ကျွန်း၊ ဥယျာဉ်ခြံမြေများ အချိုးကပါဝင်လျက်ရှိသည်။ သူ့နေရာနှင့်သူ နေသားတကျ တည်ရှိနေခြင်းသည် သာယာလှပမှုကိုဖြစ်စေသည်။ စိမ်းစိုသောလယ်ကွင်းများ၊ ရှုမဆုံးနိုင်သည့် တောတန်းများနှင့် ကျေးငှက်တိရစ္ဆာန်လေးများ၏ သာယာသော အသံကလေးများသည်သက်ဝင်ပန်းချီကားတစ်ချပ် ပမာတူညီလှပါသည်။ စိမ်းလန်းသော တောအုပ်နှင့် ရေတံခွန်စီးကျသံတို့သည်လည်း နှလုံးရွှင်လန်းသန်စွမ်းကျန်းမာ၊ မျက်စိအေးချမ်း စိတ်အစဉ်လန်းရွှင်နိုင်စေသည့် သဘာဝအလှ၊သဘာဝကုထုံးများသဖွယ်ဖြစ်သဖြင့် မပျောက်ကွယ်အောင် ထိန်းသိမ်းကြရမည်ဖြစ်သည်။

နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်မှု အင်္ဂါရပ်များတွင် သန့်ရှင်းသပ်ရပ်မှု၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုလုပ်ငန်းများပါဝင်ပေသည်။ သန့်ရှင်းသောသဘာဝပတ်ဝန်းကျင်တစ်ခု အဖြစ် အခွန့်ရှည်တည်တံ့ရေးမှာ လူသားတိုင်း၏ တာဝန်ပင်ဖြစ်သည်။ သဘာဝပတ်ဝန်းကျင် သာယာလှပရေး စီးဆင်းနေသည့် မြစ်ချောင်းများ မပိတ်ဆို့ရန်လိုသည်။ ရေစီးရေလာ ကောင်းမွန်မှု၏ အတားအဆီးဖြစ်စေသည့် မြစ်ချောင်း၊ ပင်လယ်ပြင်အတွင်း ပလတ်စတစ်စွန့်ပစ်သည့် အလေ့အကျင့်ကို ဖျောက်ပစ်ရမည်ဖြစ်သည်။ ပလတ်စတစ်အန္တရာယ်သည် တဖြည်းဖြည်းကြီးထွားလာပြီး ပလတ်စတစ်အမှုန်များကြောင့် လူနှင့်သက်ရှိသတ္တဝါများ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများကို ဖြစ်ပွားတတ်သည်။ ရေနေသတ္တဝါများ မသေဆုံးစေရေး၊ မျိုးသုဉ်းမပျောက်ကွယ်စေရေး ပလတ်စတစ်စွန့်ပစ်မှုကို စည်းကမ်းတကျ ဆောင်ရွက်သွားကြရမည်ဖြစ်သည်။

လူသုံးကုန်ပစ္စည်းအမျိုးမျိုးမှ ထွက်ရှိသည့် စွန့်ပစ်ပစ္စည်းများနှင့် စက်ရုံထွက် စွန့်ပစ်အညစ်အကြေးများစည်းကမ်းမဲ့စွန့်ပစ်ခြင်းကို ဆင်ခြင်သင့်သည်။ နိုင်ငံတစ်ဝန်းလုံး ထင်းအစားထိုးလောင်စာသုံးစွဲခြင်းကို အားပေးကြရမည်။ လောင်စာအတွက် သစ်ပင်များအဆမတန်ခုတ်လှဲခြင်း၊ ပရိဘောဂနှင့် အိမ်ဆောက်ပစ္စည်းများအတွက် သစ်ပင်များအလုံးအရင်းခုတ်လှဲခြင်းတို့ကို ထိန်းညှိသင့်သည်။ သစ်တစ်ပင်၏ရှင်သန်မှုအလိုက် အစားထိုးသစ်ပင်စိုက်ပျိုးခြင်းကို တွန်းအားပေးလုပ်ဆောင်ကြရပါမည်။ စည်းကမ်းမဲ့ အမှိုက်စွန့်ပစ်ခြင်း၊အမှိုက် များမီးရှို့ခြင်း၊ တောမီးရှို့ခြင်း အပြုအမူများကို ကိုယ်စီသတိပြုဆင်ခြင်ကြရမည်ဖြစ်သည်။ ထို့အတူ လျှပ်စစ်မီးချွေတာသုံးစွဲခြင်း၊ တန်ဖိုးရှိသောရေကို ချွေတာသုံးစွဲခြင်း၊ အမှိုက်များကို စနစ်တကျစွန့်ပစ်ခြင်း၊ ပလတ်စတစ်အမှိုက်သုံးစွဲမှု လျှော့ချခြင်း၊ တောမီးရှို့ခြင်း မှရှောင်ရှားခြင်း၊ သစ်ပင်စိုက်ပျိုးခြင်း၊ အလေ့အကျင့်ကောင်းများ မွေးမြူကြရမည်။

ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံအများစုသည် မြေထု၊ ရေထုမှသယံဇာတ၊ လျှပ်စစ်နှင့်စွမ်းအင် အမျိုးမျိုးထုတ်ယူသုံးစွဲကြသည်။ ကျောက်မီးသွေး၊ ရေနံနှင့် ဓာတ်ငွေ့များအသုံးပြု လျှပ်စစ်ထုတ်လုပ်မှုများ ရှိလာသည်။ စက်မှုဖွံ့ဖြိုးတိုးတက်ရေးအတွက် လျှပ်စစ်သည် မရှိမဖြစ်စွမ်းအင်တစ်ခုဖြစ်လာသော်လည်း စက်မှုအခန်းကဏ္ဍဖွံ့ဖြိုးခြင်း၏ နောက်ကွယ်တွင် လေထု၊ ရေထု ဗဟိုပြုသော သဘာဝပတ်ဝန်းကျင်ညစ်နွမ်းမှုကိုဖြစ်ပေါ်စေနိုင်သည်။ ဓာတုစွန့်ပစ်ပစ္စည်းများ ရေထုအတွင်း ပျော်ဝင်ရာမှ ရေထု အဆိပ်သင့်လျှင် ရေနေသတ္တဝါများစွာ သေဆုံးနိုင်သကဲ့သို့ သောက်သုံးရေအတွက်လည်း ညစ်ညမ်းသွားစေနိုင်သည်။ အစိမ်းရောင်နယ်မြေတစ်ခုဖြစ်စေရန် အစိမ်းရောင်စွမ်းအင် ထုတ်လုပ်ခြင်းနည်းလမ်းများ ကျယ်ကျယ်ပြန့်ပြန့်သုံးစွဲ ကြရမည်ဖြစ်သည်။ နေစွမ်းအင်၊ လေစွမ်းအင်များမှတစ်ဆင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းကဲ့သို့နည်းလမ်းများဖြင့် သဘာဝကပေးစွမ်းသည့် စွမ်းအင်များကို ရယူသုံးစွဲရမည်ဖြစ်သည်။

မြေမျက်နှာပြင်နှင့် လေထုအတွင်း အပူရှိန်မြင့်မားလာ ခြင်းများသည် ကမ္ဘာကြီးပူနွေးလာမှုကို ပြဆိုနေခြင်းဖြစ်သည်။ မြေမျက်နှာပြင်တွင် စုပ်ယူထားသည့် အပူလှိုင်းများနှင့် လေထုအတွင်းမှ များပြားသော ဓာတ်ငွေ့များသည်ကမ္ဘာကြီးကို ပိုမိုပူနွေးစေသည်။စက်ရုံ အလုပ်ရုံနှင့် စက်တပ်ယာဉ်များ တိုးပွားလာခြင်းမှာလည်း လေထုအတွင်း မှန်လုံအိမ် ဓာတ်ငွေ့များဖြစ်ပေါ်စေသည်။ လေထု၏ အရည်အသွေးပိုင်းကျဆင်းခြင်းနှင့် အပူစုပ်ယူထုတ်လွှင့်မှု အားကောင်းလာသည်ကို တွေ့ရှိရသည်။ ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များသည် ကမ္ဘာကြီးပူနွေးမှု၏ လက္ခဏာဖြစ်သည်။ အဆိုပါလက္ခဏာများမှ တစ်ဆင့် ရရှိနိုင်သည့် နောက်ဆက်တွဲဆိုးကျိုးများ မှာလည်း ပင်လယ်ရေမျက်နှာပြင် မြင့်တက်ခြင်း၊ မုန်တိုင်းဖြစ်ပေါ်ခြင်း၊ ရေကြီးခြင်း၊ မိုးခေါင်ခြင်း၊ ငလျင်လှုပ်ခတ်ခြင်းများပင် ဖြစ်သည်။ ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များသည် လူနှင့်သက်ရှိသတ္တဝါ အားလုံးအတွက် အကြီးမားဆုံးစိန်ခေါ်မှုတစ်ရပ်ဖြစ်ပြီး သဘာဝဘေးအန္တရာယ် အသွယ်သွယ် အိုးအိမ်စည်းစိမ်ဆုံးရှုံးမှု ကြီးမားစေနိုင်သည်။ လျှပ်တစ်ပြက်ရေကြီးခြင်း ဖြစ်စဉ်တွင်မူ ဆိုင်ကလုန်းဝင်ရောက်ရာမှ ရေလွှမ်းမိုးမှုဖြစ်သဖြင့် ရေများ အလျင်အမြန်မြင့်တက်ခြင်း၊ မိုးရွာသွန်းခြင်း၊ ရုတ်ခြည်း ရေအလျင်အမြန်ပြန်ကျခြင်းများ ဖြစ်ပေါ်လေ့ရှိပြီး အသက်အန္တရာယ်ဆုံးရှုံးမှုအများဆုံး ဖြစ်ပေါ်စေနိုင်သည်။

ကမ္ဘာ့လူဦးရေသည် တစ်နေ့တခြားတိုးပွားလျက်ရှိပေသည်။ တိုးပွားလာသောလူဦးရေနှင့်အတူ လိုအပ်လျက်ရှိသည့် အခြေခံစားသောက်ကုန်၊ လူသုံးပစ္စည်းအမျိုးမျိုး၊ လောင်စာ၊ သဘာဝဓာတ်ငွေ့၊ ကျောက်မီးသွေး အစရှိသည်တို့ကို အဆမတန် ထုတ်လုပ်လာကြသည်။ နိုင်ငံစီးပွားရေးမှ ကမ္ဘာ့စီးပွားရေးမျက်နှာစာတွင် အလေးသာအောင်မြင်မှုရရှိစေရေး သူ့ထက်ငါ ကြိုးစားလာခြင်းဖြစ်သော်လည်း ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ထုတ်လွှတ်မှုသိသိသာသာမြင့်မားလာခဲ့သည်။ သို့ဖြစ်၍ ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ထုတ်လွှတ်မှု အနည်းဆုံး အညွှန်းကိန်းတစ်ခုဆီသို့ ဦးတည်သွားနိုင်မည်ဆိုပါက ကမ္ဘာကြီးဘေးကင်း လုံခြုံစေမည်ဖြစ်သည်။ ဆိုးရွားသော အပူလွန်ကဲမှုပြဿနာ၊ အအေးလွန်ကဲမှုပြဿနာများကိုလည်း လျော့ပါးစေနိုင်မည်ဖြစ်သည်။

ပတ်ဝန်းကျင်ကောင်းသည် နေ့စဉ် လူမှုဘဝ အတွက် မရှိမဖြစ်လိုအပ်လှသည်။ သဘာဝအလှတရားများသည် ရုပ်ပိုင်းဆိုင်ရာဖွံ့ဖြိုးမှု၊ စိတ်ပိုင်းဆိုင်ရာဖွံ့ဖြိုးမှုကိုဖြစ်စေပြီး ကျန်းမာရေးကို များစွာအထောက်အကူပြုနိုင်သည်။ သို့ဖြစ်ရာ လူနှင့်သက်ရှိသတ္တဝါများ၏ အနာဂတ်ကမ္ဘာလှပရေး၊ ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များ လျော့နည်းရေး၊ ဇီဝမျိုးစုံမျိုးကွဲများ မဆုံးရှုံးရေး၊ မြေယာမပျက်စီးရေး၊ သဘာဝတရားနှင့်အညီ ရေရှည်တည်တံ့ခိုင်မြဲစွာ နေထိုင်ရေး၊ စိမ်းလန်းသောနေထိုင်မှုပုံစံဖြင့် အသွင်ကူးပြောင်းရေးအတွက် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး လုပ်ငန်းများတွင် လူတိုင်းပါဝင်ရမည်ဖြစ်သည်။ သစ်တောသစ်ပင် ရှင်သန်ရေးအတွက် အားလုံး ကူညီထိန်းသိမ်းပေးရမည်ဖြစ်သည်။ သစ်ပင်စိုက်ပျိုးရသည့် ရည်ရွယ်ချက်များစွာရှိသည်။

သစ်ပင်စိုက်ပျိုးခြင်းမှတစ်ဆင့် ရာသီဥတုကောင်းမွန်ရေးအတွက် အထောက်အကူဖြစ်စေသည့်အပြင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကို အကျိုးပြုခြင်း၊ ဂေဟစနစ်များကို ပိုမိုကောင်းမွန်စေခြင်း တို့ကို ဖြစ်စေသည်။ ထို့အတူ ရာသီဥတုပြောင်းလဲမှု ဒဏ်ကို ကောင်းစွာအန်တုနိုင်သည်။ လေထုအတွင်းတည်ရှိနေသည့် ကာဗွန်ဒိုင်အောက်ဆိုဒ်များကို စုပ်ယူပြီးနောက် လူနှင့်သက်ရှိတိရစ္ဆာန်များကို အကျိုးပြုစေမည့် အောက်ဆီဂျင်ကို ပြန်လည်ထုတ်ပေးနိုင်စွမ်းရှိသည်။ ထို့ပြင် သဘာဝဘေးအန္တရာယ်မှ အကာအကွယ်ပေးခြင်း၊လေကောင်းလေသန့်ထုတ်လုပ်ပေးခြင်း၊အေးမြသည့်အရိပ်များ ဖန်တီးပေးခြင်းနှင့် ထင်းအဖြစ်သုံးစွဲနိုင်ခြင်း အစရှိသည့် လူသားအကျိုးပြုနိုင်စွမ်းရှိပေသည်။

သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် စွမ်းအင်ချွေတာခြင်း၊သဘာဝပြည့်ဖြိုးမြဲစွမ်းအင်များကို အသုံးပြုခြင်းနှင့် မီးခိုးငွေ့ထွက်နိုင်သောပစ္စည်းများကို လျှော့ချသုံးစွဲခြင်းများ ပြုလုပ်ရမည်ဖြစ်သည်။ အချက်ပြသတိပေးနေသည့်သဘာဝဘေးအန္တရာယ်ခေါင်းလောင်းသံများကို သင်ခန်းစာရယူလျက် သဘာဝပတ်ဝန်းကျင်မပျက်စီးရေး၊ ဥတုရာသီ ကောင်းမွန်စေရေး အလေးထားဆောင်ရွက်ကြရပါမည်။ စက်မှုနည်းပညာခေတ်တွင် ယာဉ်စက်ပစ္စည်းများ ပိုမိုထုတ်လုပ်ခြင်းသည်မျက်မှောက်ခေတ်၏ လိုအပ်ချက်ဖြည့်ဆည်းခြင်းဖြစ်သော်လည်း ကာဗွန်ထုတ်လွှတ်မှုပမာဏလျှော့ချရေးကိုလည်း ဦးစားပေးစဉ်းစားကြရမည်ဖြစ်သည်။

နိုင်ငံတစ်နိုင်ငံ ရေရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်ရေး၊ လူမှုစီးပွားဘဝများစွာဖွံ့ဖြိုးရေးနှင့် သာယာလှပစေရေးအတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးအခန်းကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရမည်ဖြစ်သည်။ အလားတူ နိုင်ငံ၏ရင်းနှီးမြှုပ်နှံမှုအခန်းကဏ္ဍတိုင်းတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးအခန်းကဏ္ဍတစ်ရပ် ဦးစားပေးထည့်သွင်းဖော်ဆောင်လျက် အနာဂတ်ရာသီဥတုနှင့် သဘာဝပတ်ဝန်းကျင်ကို ညီညွတ်မျှတ လှပစေရေး ပေါင်းစပ်ဆောင်ရွက်မှုဖြင့် "နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့"ဟု တိုက်တွန်းရေးသားလိုက်ရပါသည်။

❖ ကမ္ဘာ့လူဦးရေသည် တစ်နေ့တခြားတိုးပွားလျက်ရှိပေသည်။ တိုးပွားလာသောလူဦးရေနှင့်အတူ လိုအပ်လျက်ရှိသည့် အခြေခံစားသောက်ကုန်၊ လူသုံးပစ္စည်းအမျိုးမျိုး၊ လောင်စာ၊ သဘာဝဓာတ်ငွေ့၊ ကျောက်မီးသွေး အစရှိသည်တို့ကို အဆမတန်ထုတ်လုပ်လာကြသည်။ နိုင်ငံ့စီးပွားရေးမှ ကမ္ဘာ့စီးပွားရေးမျက်နှာစာတွင် အလေးသာအောင်မြင်မှုရရှိစေရေး သူ့ထက်ငါ ကြိုးစားလာခြင်းဖြစ်သော်လည်း ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ထုတ်လွှတ်မှုသိသိသာသာမြင့်မားလာခဲ့သည်။ သို့ဖြစ်၍ ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ထုတ်လွှတ်မှု အနည်းဆုံး အညွှန်းကိန်းတစ်ခုဆီသို့ ဦးတည်သွားနိုင်မည်ဆိုပါက ကမ္ဘာကြီးဘေးကင်း လုံခြုံစေမည်ဖြစ်သည်။ ဆိုးရွားသော အပူလွန်ကဲမှုပြဿနာ၊ အအေးလွန်ကဲမှုပြဿနာများကိုလည်း လျော့ပါးစေနိုင်မည်ဖြစ်သည်။

ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်မည့်သူများအနေဖြင့် မလိုလားအပ်သော ဆုံးရှုံးမှုများမဖြစ်ပေါ်စေရေး သတ်မှတ်ချက်များနှင့်အညီဆောင်ရွက်ရန် တိုက်တွန်းနှိုးဆော်ခြင်း

၁။ ပြည်ပတွင် သွားရောက်လုပ်ကိုင်မည့်သူများအနေဖြင့် ဥပဒေနှင့်အညီမှတ်ပုံတင်ခြင်း၊ ပြည်ပအလုပ်အကိုင်အတွက် နိုင်ငံကူးလက်မှတ် (Passport for Job-PJ) လျှောက်ထားရယူခြင်း၊ ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ်(OWIC) လျှောက်ထားရယူခြင်းတို့မရှိဘဲ ပြည်ပအလည်အပတ်နိုင်ငံကူးလက်မှတ်(Passport for Visit-PV)ကိုသာ လျှောက်ထားရယူထားပြီး ပြည်ပအလုပ်အကိုင်ဗီဇာများရယူကာ လေကြောင်းခရီးဖြင့် ပြည်ပထွက်ခွာရန်ဆောင်ရွက်လျက်ရှိကြသဖြင့် သက်ဆိုင်ရာက လေဆိပ်တွင်စိစစ်သည့်အခါ သတ်မှတ်ချက်များနှင့်မကိုက်ညီသည့်အတွက် ပြည်ပသို့ထွက်ခွာခွင့်မရခြင်းများကြောင့် လေယာဉ်လက်မှတ်ခအပါအဝင် အခြားသောကုန်ကျစရိတ်များ ဆုံးရှုံးရသည့်ဖြစ်စဉ်များ ဖြစ်ပေါ်လျက်ရှိပါသည်။

၂။ သို့ပါ၍ ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်လိုသူများအနေဖြင့် မလိုလားအပ်သည့် ဆုံးရှုံးနစ်နာမှုများမဖြစ်ပေါ်စေရေးအတွက် ဥပဒေနှင့်အညီမှတ်ပုံတင်ခြင်း၊ ပြည်ပအလုပ်အကိုင်အတွက် နိုင်ငံကူးလက်မှတ်(Passport for Job-PJ)လျှောက်ထားရယူခြင်း၊ ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ်(OWIC)လျှောက်ထားရယူခြင်းတို့အား ဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။ **အလုပ်သမားဝန်ကြီးဌာန**

နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

တရုတ်နိုင်ငံက အောင်ပွဲနေ့စစ်ရေးပြအခမ်းအနားတွင် ဒရုန်းရန်တိုက်ဖျက်ရေးစနစ်များ ထုတ်ဖော်ပြသ

တရုတ်နိုင်ငံ၏ ဂျပန်ခုခံတော်လှန်ရေးစစ်ပွဲနှင့် ကမ္ဘာ့ဖက်ဆစ်ဆန့်ကျင်ရေးစစ်ပွဲအောင်နိုင်ခြင်း နှစ် ၈၀ ပြည့် အထိမ်းအမှတ် စစ်ရေးပြအခမ်းအနားတွင် ခေတ်သစ်စစ်မြေပြင်၏ ဒရုန်းတိုက်ခိုက်မှုများကို ကာကွယ်ခြင်းအရေးပါမှုကို ဖော်ညွှန်းသည့်အနေဖြင့် ဒရုန်းရန် တိုက်ဖျက်ရေးစနစ်များစွာကို အုပ်စုဖွဲ့ထုတ်ဖော်ပြသခဲ့ကြောင်း Global Times သတင်းဌာနက စက်တင်ဘာ ၃ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

စစ်ရေးပြပွဲတွင် ထုတ်ဖော်ပြသွားသည့် ဒရုန်းရန်တိုက်ဖျက်ရေးစနစ်များ မှာ ဒုံးကျည်နှင့် အမြောက်စနစ်များ၊ စွမ်းအင်မြင့် လေဆာလက်နက်များနှင့် စွမ်းအင်မြင့် မိုက်ခရိုဝေ့ဖ် လက်နက်များဖြစ်ကြပြီး အင်အားကြီးမားသော သံမဏိတြိဂံတစ်ခုအဖြစ်ပေါင်းစပ်ကာ ဒရုန်းများကို နည်းပညာအရ ပျက်စီးအောင်လုပ်ခြင်းနှင့် ရုပ်ပိုင်းဆိုင်ရာအရ ဖျက်ဆီးခြင်း နှစ်မျိုးစလုံးနဲ့ ထိရောက်စွာ တိုက်ခိုက်နိုင်ကြောင်း သိရသည်။

"ဒရုန်းရန်တိုက်ဖျက်ရေး လက်နက်တစ်မျိုးစီတိုင်းမှာ သူ့ရဲ့ကန့်သတ်ချက်တွေ ရှိပါတယ်။ ဒါပေမဲ့ တရုတ်နိုင်ငံဟာ ဒီလက်နက်သုံးမျိုးလုံးကို ပြသခဲ့ပါတယ်။ ဒါက တရုတ်နိုင်ငံရဲ့ ဒရုန်းတန်ပြန်တိုက်ခိုက်ရေးသုံး လက်နက်ကိရိယာတွေကို ပြည့်စုံတဲ့စနစ်တစ်ခုအနေနဲ့တည်ဆောက်ထားကြောင်း ဖော်ပြပါတယ်။ အဲဒီလက်နက်တွေကို ပေါင်းစပ်အသုံးချခြင်းအားဖြင့် ဒရုန်းရန်တန်ပြန်စစ်ဆင်ရေးရဲ့ ထိရောက်မှုကို အများကြီး မြှင့်တင်နိုင်ပါတယ်"လို့ စစ်ရေးကျွမ်းကျင်သူ Zhang Xuefeng က Global Times သတင်းဌာနသို့ ပြောကြားခဲ့ကြောင်း သိရသည်။

ဒရုန်းရန် တိုက်ဖျက်ရေးလက်နက်သုံးမျိုးစလုံးတွင် အားသာချက်ကိုယ်စီရှိကြကြောင်း၊ ဒုံးကျည်နှင့် အမြောက်လက်နက်စနစ်များသည် ဒုံးကျည်များ၏ တာဝေးပစ်ခတ်နိုင်စွမ်း၊ တိကျမှုအားသာချက်၊ လေယာဉ်ပစ်အမြောက်များ၏ ပစ်အားကောင်းမွန်မှုတို့ ပေါင်းစပ်၍ တရစပ်ဝင်ရောက် တိုက်ခိုက်မှုများအား ခုခံတန်ပြန်နိုင်စွမ်းမြင့်မားကြောင်း၊ ၎င်းစနစ်များသည် တိုက်ခိုက်ရေးဒရုန်းများ၊ အသေခံ ဒရုန်းများနှင့် ဘက်ပေါင်းစုံကနေ ပျံသန်းဝင်ရောက်လာနိုင်သည့် ဒရုန်းများကို ကြားဖြတ်ပစ်ချရန် အထူးသင့်လျော်ကြောင်း Zhang က ပြောကြားခဲ့သည်။

"စစ်ရေးပြပွဲမှာ ပထမဆုံးအကြိမ် ပြသနိုင်တယ်ဆိုတာက လက်တွေ့လေ့ကျင့်၊ စမ်းသပ်၊သရုပ်ပြသမှုတွေမှာ စွမ်းဆောင်ရည်တွေကို အပြည့်အဝ ပြသနိုင်ခဲ့ပြီလို့ ဆိုလိုပါတယ်။ ဒါ့ပြင် ဒီအချက်က တရုတ်နိုင်ငံရဲ့ လေဆာနဲ့ မိုက်ခရိုဝေ့ဖ် ဒရုန်းရန်တန်ပြန်တိုက်ဖျက်ရေး နည်းပညာတွေဟာ ကမ္ဘာ့အဆင့်မီနေပြီဆိုတာကိုလဲ သက်သေပြနေခြင်း ဖြစ်ပါတယ်" ဟု Wang Yunfei က ထောက်ပြပြောကြားခဲ့သည်။

Anti-drone laser, microwave, missile and artillery weapons appear at China's V-Day military parade ကို ဘာသာပြန်ဆိုထားပါသည်။

အမေရိကန် Shield AI ကုမ္ပဏီက Hivemind နည်းပညာဆော့ဖ်ဝဲလ်ကို အိန္ဒိယစစ်ဘက်သို့ရောင်းချရန် ကြိုးပမ်းခဲ့

အမေရိကန် ကာကွယ်ရေးကုမ္ပဏီ Shield AI က V-BAT မောင်းသူမဲ့လေယာဉ်တွင် အလိုအလျောက်လုပ်ဆောင်နိုင်သည့် Hivemind နည်းပညာဆော့ဖ်ဝဲလ်ကို အိန္ဒိယကာကွယ်ရေးဝန်ကြီးဌာန (MoD) ကိုရောင်းချရန် ကြိုးပမ်းခဲ့ကြောင်း The Defense Post သတင်းဌာနက စက်တင်ဘာ ၂ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ဤသရုပ်ပြသမှုသည် V-BAT မောင်းသူမဲ့ လေယာဉ်စနစ်ကို အိန္ဒိယကြည်းတပ်နှင့် လေတပ်တို့ထံ ရောင်းချပေးနိုင်ရေး ကြိုးပမ်းမှုစီမံချက် ၏ တစ်စိတ်တစ်ပိုင်း ဖြစ်သည်။ ဤစီမံချက်တွင် အမေရိကန် ကာကွယ်ရေးဝန်ကြီးဌာနအနေဖြင့် V-BAT မောင်းသူမဲ့လေယာဉ်များတွင် Hivemind ဆော့ဖ်ဝဲလ်စနစ်ကို မည်သို့ပေါင်းစပ်အသုံးပြုနိုင်မည်ဆိုသည်ကို အကဲဖြတ်ဆန်းစစ်နိုင်ရန် ကူညီပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

အိန္ဒိယနိုင်ငံ Himachal Pradesh ပြည်နယ် တောင်တန်းဒေသ၌ ပြုလုပ်ခဲ့သောသရုပ်ပြသမှုတွင် Shield AI ကုမ္ပဏီက Nova 2 ဒရုန်းကို Hivemind ဆော့ဖ်ဝဲလ်စနစ် ထည့်သွင်းပျံသန်းပြသခဲ့ကြောင်း သိရသည်။

အဆိုပါသရုပ်ပြသမှုတွင် GPS နှင့် ဆက်သွယ်ရေးစနစ်များ လုပ်ဆောင်နိုင်ခြင်းမရှိသည့် နေရာများတွင်ပင် ဒရုန်း၏ ကိုယ်ပိုင်လုပ်ဆောင်နိုင်စွမ်းနှင့် AI နည်းပညာအကူအညီဖြင့် စစ်ဆင်ရေးတာဝန်များကို ကျေပွန်စွာထမ်းဆောင်နိုင်ခဲ့မှုကို ပြသနိုင်ခဲ့သည်။

"အနာဂတ် ကာကွယ်ရေးမှာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ နည်းပညာဟာ အဆုံးအဖြတ်ပေးမဲ့ အချက်တစ်ခု ဖြစ်လာမှာဖြစ်ပြီး အိန္ဒိယက ဒီနယ်ပယ်မှာ ဦးဆောင်ဖို့ ရည်ရွယ်ထားတယ်ဆိုတာ ရှင်းလင်းစွာပြသနေပါတယ်"လို့ Shield AI ကုမ္ပဏီ၊ အိန္ဒိယဆိုင်ရာ မန်နေဂျင်း ဒါရိုက်တာ Sarjan Shah က ပြောကြားခဲ့သည်။

"Hivemind နည်းပညာဆော့ဖ်ဝဲလ်နဲ့အတူ Shield AI ကုမ္ပဏီက အခက်ခဲဆုံး စစ်ဆင်ရေးပတ်ဝန်းကျင်တွေမှာပါ အလုပ်လုပ်နိုင်တဲ့၊ သက်သေပြပြီးသား၊ တာဝန်တွေအတွက် အသင့်ဖြစ်နေတဲ့ ကိုယ်ပိုင်လုပ်ဆောင်နိုင်တဲ့စနစ်တွေကို ပေးအပ်နေတာပါ။ ဒီသရုပ်ပြမှုတွေဟာ အိန္ဒိယရဲ့ အမျိုးသားလုံခြုံရေးကို မြှင့်တင်ဖို့နဲ့ ပြည်တွင်း ကာကွယ်ရေးဆန်းသစ်တီထွင်မှုတွေကို ပံ့ပိုးပေးနိုင်မဲ့ နောက်မျိုးဆက် နည်းပညာတွေကို လျင်မြန်စွာ လက်ခံကျင့်သုံးနိုင်ဖို့အတွက် အရေးပါတဲ့ လုပ်ဆောင်ချက်တစ်ရပ်ပဲ ဖြစ်ပါတယ်" ဟု ၎င်းကထပ်လောင်းပြောကြားခဲ့သည်။

Hivemind ဆော့ဖ်ဝဲလ်စနစ်မှာ Shield AI ကုမ္ပဏီမှ တီထွင်ထုတ်လုပ်ထားသော ဉာဏ်ရည်တုစနစ်လုပ်ငန်းတာဝန်အမျိုးမျိုးအတွက် လေ့ကျင့်ပေးနိုင်အောင် အထူးပြုလုပ်ထားသည်။

အဆိုပါ လုပ်ငန်းတာဝန်များတွင် လေကြောင်းရန် ကာကွယ်ရေးစနစ်များကို ဖောက်ထွင်း ဝင်ရောက်ခြင်း၊ ရန်သူ့အခြေအနေများထောက်လှမ်းခြင်း၊ ရန်သူ့လေယာဉ်များကို တန်ပြန်တိုက်ခိုက်ခြင်း၊ မျက်မြင်နယ်ပယ်ထက် ကျော်လွန်တိုက်ခိုက်ခြင်းနှင့် ပင်လယ်ပြင်အခြေအနေများကို ထောက်လှမ်းခြင်း စသည်တို့ ပါဝင်သည်။ ဂြိုဟ်တုဆက်သွယ်ရေး သို့မဟုတ် လူသား၏ ထိန်းချုပ်မှုမရှိဘဲ မောင်းသူမဲ့လေယာဉ်များ၊ ဒရုန်းများကို ထိန်းချုပ်မောင်းနှင်နိုင်သည်။

ထို့ကြောင့် GPS စနစ်များကို နှောင့်ယှက်နိုင်သည့်အခြေအနေ သို့မဟုတ် ဆက်သွယ်ရေး ပြတ်တောက်သွားနိုင်သည့် ပတ်ဝန်းကျင်အခြေအနေမျိုးတွင်ပါ ထိထိရောက်ရောက် တာဝန်ထမ်းဆောင်နိုင်ရန် ဖန်တီးပေးထားခြင်းဖြစ်သည်။ Hivemind နည်းပညာဆော့ဖ်ဝဲလ်ကို ပုံစံအမျိုးမျိုးနှင့် ပေါင်းစပ်အသုံးပြုနိုင်အောင်နှင့် တပ်ဆင်အသုံးပြုနိုင်အောင် ပုံစံမျိုးရည်ရွယ်၍ ဒီဇိုင်းထုတ်ထားသည်။

သို့ဖြစ်၍ မိတ်ဖက်အဖွဲ့အစည်းများ၊ ဝယ်ယူသူများအနေဖြင့် အမျိုးမျိုးသော ဒရုန်းများတွင် လျင်မြန်စွာဖန်တီး၊ စမ်းသပ်၊ တပ်ဆင်အသုံးပြုနိုင်ကြောင်း သိရသည်။

Shield AI Pitches Hivemind-Powered Drone Autonomy to Indian Military ကို ဘာသာပြန်ဆိုထားပါသည်။

မင်းမျိုး

Acting President of the Republic of the Union of Myanmar Chairman of the State Security and Peace Commission Senior General Min Aung Hlaing holds meeting with Secretary of the Heilongjiang Provincial Party Committee

Senior General Min Aung Hlaing holds a meeting with Secretary of the Heilongjiang Provincial Party Committee Mr. Xu Qin.

Nay Pyi Taw September 4

Senior General Min Aung Hlaing, Acting President of the Republic of the Union of Myanmar Chairman of the State Security and Peace Commission, who is on a working visit to the People's Republic of China, met and held discussions with Mr. Xu Qin, Secretary of the Heilongjiang Provincial Committee of the Communist Party of China, at 6:00 p.m. local time today.

Attending the meeting from the Myanmar side were the Senior General, along with Commission Member Joint Executive Chief General Ye Win Oo, other Commission Members, Union Ministers, and the Myanmar Ambassador to the People's Republic of China. From the Chinese side, the Secretary of the Heilongjiang Provincial Party Committee was accompanied by members of the Heilongjiang Provincial Government, H.E. Ms. Ma Jia, Ambassador of the People's Republic of China to Myanmar, and other responsible officials.

During the meeting, they frankly and openly exchanged views on various topics. These included the successful hosting of the Shanghai Cooperation Organisation (SCO) Summit 2025 and the military parade commemorating the 80th anniversary of the victory in the Chinese People's War of Resistance Against Japanese Aggression and the World Anti-Fascist War. They also discussed how diplomatic relations between Myanmar and China have surpassed 75 years, highlighting the fraternal and friendly cooperation between the two nations. Further discussions covered the successful agricultural and livestock farming operations within Heilongjiang Province, the establishment and operation of its higher education universities and colleges, and the attendance of Myanmar students there. Other points included the potential for exporting Myanmar agricultural produce to Heilongjiang Province, conducting technological exchanges in the agriculture and livestock sectors, enhancing cooperation in education and culture, and the state of trade and multifaceted cooperation between Heilongjiang Province and Myanmar.

100

Acting President of the Republic of the Union of Myanmar, Chairman of State Security and Peace Commission of the Republic of the Union of Myanmar, Senior General Min Aung Hlaing meets scholarship students learning in Harbin of China

Senior General Min Aung Hlaing meets scholarship students learning in Harbin of China.

Nay Pyi Taw September 4

Acting President of the Republic of the Union of Myanmar, Chairman of State Security and Peace Commission of the Republic of the Union of Myanmar, Senior General Min Aung Hlaing, who is currently in Harbin of the People's Republic of China during his working visit, met scholarship students who are learning at universities in Harbin, at Shangri-La Hotel in Harbin at 5:30 pm Chinese standard time today.

Also, present at the meeting were Commission Secretary and Joint Executive Chief General Ye Win Oo, commission members and Union ministers who accompanied the Acting President of the Republic of the Union of Myanmar, Chairman of State Security and Peace Commission of the Republic of the Union of Myanmar, Myanmar Ambassador to the People's Reublic of China U Tin Maung Swe, and students.

See Page 14

Acting President of the Republic of the Union of Myanmar, Chairman of State Security and Peace Commission of the Republic of the Union of Myanmar, Senior General Min Aung Hlaing and high-level Myanmar delegation visit Harbin Institute of Technology and Harbin Electric Corporation

Senior General Min Aung Hlaing leaves Beijing Capital International Airport for Harbin.

Senior General Min Aung Hlaing receives a bouquet on arrival at Taiping International Airport in Harbin.

Nay Pyi Taw September 4

Acting President of the Republic of the Union of Myanmar, Chairman of State Security and Peace Commission of the Republic of the Union of Myanmar, Senior General Min Aung Hlaing, who is on a working visit in the People's Republic of China, accompanied by the high-level Myanmar delegation, left Beijing Capital International Airport for Harbin by air at 8 am local time, and was seen off at the airport by officials of Beijing municipality.

On arrival at Taiping International Airport in Harbin at 9.30 am local time, the Senior General and delegation were welcomed by an official with the rank of a deputy minister of Chinese government and other officials at the airport.

The Senior General and high-level Myanmar delegation then visited the Harbin Institute of Technology. *See Page 14*

Senior General Min Aung Hlaing views apparatus on display.

Senior General Min Aung Hlaing receives briefing by an official.

Senior General Min Aung Hlaing watches a missile display.

Senior General Min Aung Hlaing visits the moon landing exhibition room.

Senior General Min Aung Hlaing watches an introductory video clip.

Senior General Min Aung Hlaing signs the guestbook of Harbin Institute of Technology.

Senior General Min Aung Hlaing exchanges gifts with the chairman of Harbin Institute of Technology.

From Page 13

They were welcomed by Chairman of Harbin Institute of Technology Mr. Han Jie Cai and officials there.

The Senior General and delegation watched the introductory video clip of the university. Later, they were conducted round the displays on production of missiles, invention of new rockets and satellites through research, success in inventing and testing nuclear bombs for national defence, sector-wise invention and launching of satellites, achievements in space exploration, moon landing exhibition room, launching of spacecraft, and the exhibition room on Chinese space technicians of the successive periods at the space exposition.

Regarding the reports, the Senior General asked for more information, and discussed means to share space technology between Harbin Institute of Technology and Myanmar.

He then signed the visitor's book of the institute.

The chairman of Harbin Institute of Technology presented a scale model of a space station to the Acting President of the Republic of the Union of Myanmar, Chairman of State Security and Peace Commission of the Republic of the Union of Myanmar, who in return presented gifts to him, followed by a group documentary photo session.

In the evening, the Senior General and delegation visited Harbin Electric Corporation, where they were welcomed by officials of the corporation.

They watched the introductory video clip of the corporation and later, were conducted round the displays on installation and production of generators and accessories for hydropower plants, wind power plants, solar power plants, nuclear power plants, and cold-fired power plants, generation of green power energy, manufacturing of electronic apparatus at the exhibition hall.

The Senior General and delegation observed production of machines with AI technology. Regarding the reports, the Senior General identified the areas where the corporation could render cooperation in hydropower generation in Myanmar.

The Senior General exchanged commemorative gifts with officials of the factory.

100

From Page 12

First, students learning at universities in Harbin introduced themselves to the Senior General.

In his speech, the Acting President of the Republic of the Union of Myanmar, Chairman of State Security and Peace Commission of the Republic of the Union of Myanmar said that as those students are attending training courses in the People's Republic of China, it much benefits the State. Myanmar-China relation is the best at present. The Acting President and SSPC Chairman of the Republic of the Union of Myanmar attended the shanghai Cooperation Organization-SCO Summit 2025 Plus and the parade to mark the 80th anniversary of the victory in the Chinese People's War of Resistance against Japanese Aggression and the World Anti-Fascist War. The SCO is playing a key role in peace, stability and development of the world, and Myanmar is expected to become a member of SCO.

During the training period, those students need to learn relevant subjects with their best efforts. At a time when they arrived back in Myanmar, they have to share their experiences and knowledge their learned with those from their departments. If so, their actions will benefit the State. Likewise, they need to share learning experiences, improvement of living standard of Chinese people and their societies with members of relevant workplaces. Trainees need to learn proficiency of Chinese languages as much as possible.

Preparations are being made in Myanmar to hold a free and fair election in coming December. So, management is being conducted for enabling all eligible voters to cast votes at the election. Myanmar Electronic Voting Machines will be used to prevent errors of voter list and voting frauds. Trainees need to take acre of health conditions while learning and must try hard to complete learning process.

The Acting President and SSPC Chairman of the Republic of the Union of Myanmar fulfilled the requirements of trainees, presented foodstuffs and financial support and cordially greeted them. 100

Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၁၅၇၄၂ ဧက စိုက်ပျိုးမည်

ယခင်နှစ်က နှမ်းစိုက်ခင်းကို တွေ့ရစဉ်။

ပွင့်ဖြူ စက်တင်ဘာ ၄

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၁၅၇၄၂ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၁၅၇၄၂ ဧက စိုက်ပျိုးရန်လျာထားပြီး သတ်မှတ်ဧကပြည့်မီအောင် စိုက်ပျိုးနိုင်ရန် ယခုနှစ် အောက်တိုဘာလမှ စတင် စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ်ဆောင်းသီးနှံ စိုက်ပျိုးရာသီ ပွင့်ဖြူမြို့နယ်မှာ နှမ်းဧက ၁၅၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ သတ်မှတ်ဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် တောင်သူတွေကို ပံ့ပိုးကူညီဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။ စိုက်ဧကတွေ တိုးချဲ့စိုက်ပျိုးနိုင်ဖို့နဲ့ အထွက်နှုန်းကောင်းတဲ့ နှမ်းမျိုးတွေ စိုက်ပျိုးနိုင်ဖို့ကိုလဲ သက်ဆိုင်ရာဌာနတွေနဲ့ ပူးပေါင်းဆောင်ရွက်သွားမှာပါ ဖြစ်ပါတယ်" ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြသည်။

ပွင့်ဖြူမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဆီထွက်သီးနှံစိုက်တောင်သူများကို လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းများ ကောင်းမွန်စေရေး၊ ပိုးမွှားရောဂါကင်းရှင်းစေရေး၊ GAP နည်းစနစ်ဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေးစသည့် စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေး လုပ်ငန်းများကို ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း သိရသည်။

နှမ်းကို အထွက်နှုန်းတိုးတက်အောင်စိုက်ပျိုးနိုင်ပါက ဒေသတွင်းဆီစားသုံးမှုကို ဖူလုံစေရုံမျှမက ပိုလျှံမှုကိုပါရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် ဆီထွက်သီးနှံများဖြစ်သည့်နှမ်းကို ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွှေးကြိုးပမ်းကြရမည် ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြ၍ သိရသည်။

ရဲဝင်းနိုင်(ညောင်ဦး)

ဒေးဒရဲမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ သြဂုတ်လအတွင်း ခုံးပိသာချိန် ၇၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

ဒေးဒရဲ စက်တင်ဘာ ၄

ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် သြဂုတ်လအတွင်း ခုံးပိသာချိန် ၇၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဒေးဒရဲမြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ကြူကြူက ပြောပြသည်။

ဒေးဒရဲမြို့နယ်မှ ဒေသထွက်ရေထွက်ကုန်များကို ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိပြီး ယခုနှစ် ပြီးခဲ့သည့် ဇူလိုင်လအတွင်းက ခုံးပိသာချိန် ၅၀၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး သြဂုတ်လအတွင်း ခုံးပိသာချိန် ၇၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ တင်ပို့ရောင်းချခဲ့သည့် ခုံး ၁၀ ပိသာလျှင် ငွေကျပ် ၁၉၅၀၀၀ ထိ ဈေးပေါက်နေကြောင်း သိရသည်။

''ဒေသကထွက်တဲ့ခုံးတွေ တင်ပို့ရောင်းချအား ကောင်းနေပါတယ်။ ဒေသထွက် ရေထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကိုပဲ တင်ပို့ရောင်းချခဲ့တာပါ။ ပြီးခဲ့တဲ့ တစ်လအတွင်းက ခုံးပိသာချိန် ၇၀၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ လက်ရှိမှာလဲ ခုံးတွေအပါအဝင် ဒေသထွက်ရေထွက်ကုန်တွေကို ရန်ကုန်ဘက်က အဝယ်လိုက်နေပါတယ်'' ဟု ဒေးဒရဲမြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ကြူကြူက ပြောပြသည်။

ဒေးဒရဲမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ခုံးပိသာချိန်အများအပြား တင်ပို့ရောင်းချနိုင်ခဲ့သည့် အတွက် ရေလုပ်သားများ၊ကုန်တင်ကုန်ချလုပ်သားများ၊ အရောင်းအဝယ်လုပ်ကိုင်သူများ အဆင်ပြေလျက်ရှိကြောင်း၊ အဆိုပါ ဒေသမှ ရန်ကုန်ဈေးကွက်သို့ ခုံးများအပါအဝင် အခြားရေထွက်ကုန်နှင့် လယ်ယာ ထွက်ကုန်များလည်း တင်ပို့ ရောင်းချလျက်ရှိကြောင်း သိရသည်။

ကျော်ကျော်လင်း

စလင်းမြို့နယ် မင်းကန်ကျေးရွာ၌ တတိယအကြိမ် မြစိမ်းရောင်ကျေးရွာစိမံကိန်းရန်ပုံငွေ ထုတ်ချေး

စလင်း စက်တင်ဘာ ၄

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်၊ အခြားမိသားစုဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများ ပိုမိုတိုးပွားလာစေရန် ရည်ရွယ်၍ ရုံးပင်ကန်ကျေးရွာအုပ်စု မင်းကန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စိမံကိန်းရန်ပုံငွေ တတိယအကြိမ် ထုတ်ချေးခြင်းကို စက်တင်ဘာ ၃ ရက်က အဆိုပါ ကျေးရွာမမ္မာရုံ၌ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ စလင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်က အမှာစကားပြောကြားပြီး မြစိမ်းရောင်ကျေးရွာစိမံကိန်း၏ ရည်ရွယ်ချက်နှင့်အကျိုးကျေးဇူးများ၊ စိမံကိန်းလက်စွဲစာစောင်ပါ စည်းမျဉ်း၊စည်းကမ်းများကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မင်းကန်ကျေးရွာ၌ ရန်ပုံငွေကျပ်သန်း ၃၀ ကို မြစိမ်းရောင်ကျေးရွာစိမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစိမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက မြို့နယ်မှတာဝန်ရှိသူများ၏ ကြီးကြပ်မှုနှင့်အတူ စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ် လုပ်ငန်းလုပ်ကိုင်ကြသော စုစုပေါင်း အသင်းသား ၊အသင်းသူ ၈၃ ဦးအတွက် ငွေကျပ် သန်း၃၀ ကို အတိုးနှုန်းသက်သာစွာဖြင့် ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

သန်းသန်းစိုး

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

နိုင်ငံခေတ်မီဖွံ့ဖြိုးရေးအတွက်

အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို

- ဝန်နင့်အား မှုတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။

ကြံခင်းမြို့နယ် ပြည့်စင်ကွင်းကျေးရွာ၌ ချောင်းကျောက်လမ်းခင်းခြင်းလုပ်ငန်း စစ်ဆေး

ကြံခင်း စက်တင်ဘာ ၄

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်ခရိုင် ကြံခင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၅-၂၀၂۶ ဘဏ္ဍာနှစ်တွင် ပြည့်စင်ကွင်း ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း(VDP) ပံ့ပိုးရန်ပုံငွေဖြင့် ကျေးရွာတွင်း ချောင်းကျောက်လမ်း ခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြန်အောင်ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနခရိုင်ဦးစီးမှူး ဦးမောင်တင်အောင်၊ ကြံခင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မူမူသင်းနှင့် တာဝန်ခံဝန်ထမ်းများက ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းအဖွဲ့ဝင်များနှင့် အတူ ပြည့်စင်ကွင်းကျေးရွာ၌ ကျေးရွာတွင်း ချောင်းကျောက်လမ်းခင်းခြင်း လုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ကျေးရွာရှိ ရပ်မိရပ်ဖများ၊ကျေးရွာသူ၊ ကျေးရွာသားများနှင့်တွေ့ဆုံကာ လုပ်ငန်းများသတ်မှတ် စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးရေး လိုအပ်သည်များကို ဆွေးနွေးမှာကြားသည်။

ကြံခင်းမြို့နယ် ပြည့်စင်ကွင်း ကျေးရွာ၌ အရှည် ပေ ၁၆၇၀၊ အကျယ် ၁၈ ပေ၊ အမြင့်ခြောက်လက်မရှိ ချောင်းကျောက်လမ်းခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP) ပံ့ပိုးရန်ပုံငွေကျပ် ၁၅ သန်း၊ ကျေးရွာနေ ပြည်သူထည့်ဝင်ငွေကျပ် ၁၀ သန်းဖြင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ဝန်ထမ်းများ၏ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် ယခုနှစ် ဇူလိုင်လပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၈၅ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီ ဖြစ်ကြောင်း သိရသည်။

သံသာ

ကိုဗစ်-၁۹ ရောဂါကူးစက်ခံရမှုမှ ကာကွယ်နိုင်ရန်

လေဝင်လေထွက်ကောင်းမွန်စေရန် လေကောင်းလေသန့်နှင့် နေရောင်ခြည်အလင်းရောင် ရရှိစေရေးတို့အတွက် အိမ်ရှိတံခါးများကိုဖွင့်ထားပါ။

ရှေ့ဖုံးမှအဆက်

နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် Harbin Institute of Technology သို့ ရောက်ရှိကြရာHarbin Institute of Technology ၏ ဥက္ကဋ္ဌ Mr. Han Jie Cai နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် တက္ကသိုလ်ပြတိုက်အတွင်း၌ တက္ကသိုလ်၏ မိတ်ဆက်ဗီဒီယိုအား ကြည့်ရှုကြသည်။ ထို့နောက် အာကာသပြခန်းအတွင်း ခင်းကျင်းပြသထားသည့် မစ်ဆိုင်းများ ထုတ်လုပ်ခဲ့မှု၊ ဒုံးပျံများ၊ ဂြိုဟ်တုများ သုတေသနပြုတီထွင်ထုတ်လုပ်ခဲ့မှု၊နိုင်ငံတော် ကာကွယ်ရေးအတွက် နျူကလီးယားဗုံးနှင့် ဟိုက်ဒရိုဂျင်ဗုံးများ စမ်းသပ်တီထွင်အောင်မြင်ခဲ့မှု၊ ကဏ္ဍအလိုက် ဂြိုဟ်တုများတီထွင်ထုတ်လုပ်လွှတ်တင်ခဲ့မှု၊ အာကာသပိုင်းဆိုင်ရာ အောင်မြင်မှုများ၊ လကမ္ဘာသို့ ဆင်းသက်မှုပြခန်း၊ အာကာသယာဉ်များ လွှတ်တင်ခဲ့မှု၊ တရုတ်နိုင်ငံမှ ပေါ်ထွန်းခဲ့သည့် အာကာသပညာရှင်များ ပြခန်းတို့ကို လှည့်လည်ကြည့်ရှုလေ့လာကြရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းပြသမှုများအပေါ် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ ပေကျင်းမြို့ Beijing Capital International Airport မှ ဟာပင်းမြို့သို့ထွက်ခွာကြရာ လေဆိပ်တွင် ပေကျင်းမြို့နီစီပယ်အစိုးရမှ တာဝန်ရှိသူများက ပို့ဆောင်နှုတ်ဆက်စဉ်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် Harbin Institute of Technology တက္ကသိုလ်ပြတိုက်အတွင်း ခင်းကျင်းပြသထားသည့် ပြခန်းများကို လှည့်လည်ကြည့်ရှုလေ့လာစဉ်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် Harbin Institute of Technology တက္ကသိုလ်ပြတိုက်အတွင်း ခင်းကျင်းပြသထားသည့် ပြခန်းများကို လှည့်လည်ကြည့်ရှုလေ့လာစဉ်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ ဟာပင်းမြို့ Taiping International Airport သို့ရောက်ရှိကြရာ တရုတ်အစိုးရမှ ဒုတိယဝန်ကြီးအဆင့်ရှိသူတစ်ဦးနှင့် တာဝန်ရှိသူများက လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်စဉ်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ Harbin Institute of Technology ၏ ဥက္ကဋ္ဌက အာကာသစခန်းပုံစံငယ်အား အမှတ်တရလက်ဆောင်အဖြစ် ပေးအပ်စဉ်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် Harbin Institute of Technology တက္ကသိုလ်ပြတိုက်အတွင်း ခင်းကျင်းပြသထားသည့် ပြခန်းများကို လှည့်လည်ကြည့်ရှုလေ့လာစဉ်။

ကော်မရှင်ဥက္ကဋ္ဌက သိရှိလိုသည်များ မေးမြန်းဆွေးနွေးပြောကြားပြီး Harbin Institute of Technology နှင့် မြန်မာနိုင်ငံ အကြား အာကာသဆိုင်ရာ နည်းပညာများ မျှဝေနိုင်မှုနှင့်ပတ်သက်၍ ဆွေးနွေးပြောကြားသည်။

ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌက Harbin Institute of Technology ၏ ဧည့်သည်တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုးသည်။

ယင်းနောက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌထံ Harbin Institute of Technology ၏ ဥက္ကဋ္ဌက အာကာသစခန်းပုံစံငယ်အား အမှတ်တရလက်ဆောင်အဖြစ် ပေးအပ်ပြီး ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌက လက်ဆောင်ပစ္စည်းများ ပြန်လည်ပေးအပ်ကာ မှတ်တမ်းတင်စုပေါင်းဓာတ်ပုံရိုက်ခဲ့ကြသည်။

စာမျက်နှာ ၁၈ သို့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် Harbin Electric Corporation စက်ရုံအတွင်း လှည့်လည်ကြည့်ရှုလေ့လာစဉ်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် Harbin Electric Corporation စက်ရုံအတွင်း လှည့်လည်ကြည့်ရှုလေ့လာစဉ်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် Harbin Electric Corporation စက်ရုံမှ တာဝန်ရှိသူတို့ အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်စဉ်။

စာမျက်နှာ ၁၇ မှအဆက်

ဆက်လက်ပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ညနေပိုင်းတွင် Harbin Electric Corporation သို့ သွားရောက်လေ့လာကြရာ Harbin Electric Corporation မှ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ကုမ္ပဏီပြခန်းအတွင်း ကုမ္ပဏီ၏ မိတ်ဆက်ဗီဒီယိုကိုကြည့်ရှုကြပြီး ပြခန်းအတွင်း ခင်းကျင်းပြသထားသည့် ရေအားလျှပ်စစ်သုံးဓာတ်အား ထုတ်လုပ်ခြင်းလုပ်ငန်း၊ လေအားလျှပ်စစ်သုံးဓာတ်ထုတ်လုပ်ခြင်းလုပ်ငန်း၊ နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်းလုပ်ငန်း၊ နျူကလီးယားစွမ်းအင်သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းလုပ်ငန်း၊ ကျောက်မီးသွေးစွမ်းအင်သုံး လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်း လုပ်ငန်းများအတွက် လိုအပ်သည့် ဂျင်နရေတာများနှင့်ဆက်စပ်ပစ္စည်းကိရိယာများ ထုတ်လုပ်လျက်ရှိမှု၊ Green Power Energy ထုတ်လုပ်ခြင်းများ ဖြစ်အောင်ဆောင်ရွက်လျက်ရှိမှု၊ အီလက်ထရောနစ်ပစ္စည်းများ ထုတ်လုပ်ခြင်း လုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှုများကို လှည့်လည်ကြည့်ရှုလေ့လာကြရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် စက်ရုံအတွင်း Ai စနစ်အသုံးပြု၍ စက်ပစ္စည်းကိရိယာများ ထုတ်လုပ်နေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုလေ့လာကြပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက မြန်မာနိုင်ငံတွင် ရေအားလျှပ်စစ်ထုတ်လုပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်မှုတွင် ပူးပေါင်းဆောင်ရွက်နိုင်မှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် စက်ရုံမှတာဝန်ရှိသူတို့သည် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)

ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ လျှော့ပေါ့ခွင့်ရသူများ

လျှော့ပေါ့ခွင့်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှု ထမ်းဆောင်ရမည့်တာဝန်မှ လျှော့ပေါ့ခွင့်ပြုသူများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) လျှောက်ထားသူ၏ မိဘနှစ်ပါးစလုံးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ တစ်ဝက်အထိ လျှော့ပေါ့ပေးနိုင်သည်။

(ခ) လျှောက်ထားသူ၏ မိဘနှစ်ပါးအနက် တစ်ဦးဦးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ သုံးပုံတစ်ပုံအထိ လျှော့ပေါ့ပေးနိုင်သည်။

(ဂ) ပြည်သူ့စစ်မှုထမ်းတစ်ဦးဦးသည် တာဝန်ထမ်းဆောင်နေသည့်ကာလအတွင်း ထိခိုက်ဒဏ်ရာရရှိခြင်းများရှိခဲ့ပါက ထိခိုက်ဒဏ်ရာရရှိသည့်နေ့နောက်ပိုင်း ဆက်လက်တာဝန်ထမ်းဆောင်ရန် ကျန်ရှိသည့်ကာလအား လျှော့ပေါ့ပေးနိုင်သည်။

မိမိပိုင်နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဟေလုံကျန်းပြည်နယ် ပါတီအတွင်းရေးမှူး Mr.Xu Qin တို့ ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

☆ ကျောဖိုးမှအဆက်

ဟေလုံကျန်းပြည်နယ်အစိုးရ အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံအမတ်ကြီး H.E. Ms. Ma Jia နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံဆွေးနွေးရာတွင် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့ ထိပ်သီးအစည်းအဝေး (Shanghai Cooperation Organisation – SCO SUMMIT 2025) နှင့် တရုတ်ပြည်သူများ၏ ဂျပန်ခုခံတော်လှန်ရေးစစ်ပွဲနှင့် ကမ္ဘာ့ဖက်ဆစ်ဆန့်ကျင်ရေး စစ်ပွဲအောင်နိုင်ခြင်း နှစ် ၈၀ ပြည့် အထိမ်းအမှတ်စစ်ရေးပြအခမ်းအနားများကို အောင်မြင်စွာကျင်းပဆောင်ရွက်နိုင်ခဲ့မှု၊ မြန်မာနိုင်ငံနှင့်တရုတ်နိုင်ငံတို့၏ သံတမန်ဆက်ဆံမှုသည် ၇၅ နှစ်တာကာလကိုကျော်လွန်ခဲ့ပြီဖြစ်ပြီး ဆွေမျိုးပေါက်ဖော်ချစ်ကြည်ရင်းနှီးသည့် ပူးပေါင်းဆောင်ရွက်မှုများရှိမှု၊ ဟေလုံကျန်းပြည်နယ်အတွင်း စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အောင်မြင်အောင်ဆောင်ရွက်လျက်ရှိမှု၊ အဆင့်မြင့်တက္ကသိုလ်၊ ကောလိပ်များ ဖွင့်လှစ်သင်ကြားလျက်ရှိမှုနှင့် မြန်မာနိုင်ငံမှ ပညာတော်သင်များ တက်ရောက်သင်ကြားလျက်ရှိမှု၊ မြန်မာနိုင်ငံမှထွက်ရှိသည့် သီးနှံများကို ဟေလုံကျန်းပြည်နယ်သို့ တင်ပို့နိုင်မှု၊ လယ်ယာစိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများတွင် နည်းပညာဖလှယ်မှုများဆောင်ရွက်နိုင်မှု၊ ပညာရေးကဏ္ဍ၊ ယဉ်ကျေးမှုကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်အောင်ဆောင်ရွက်နိုင်မှု၊ ဟေလုံကျန်းပြည်နယ်နှင့် မြန်မာနိုင်ငံတို့အကြား ကုန်သွယ်မှုလုပ်ငန်းများနှင့် အခြားကဏ္ဍပေါင်းစုံတွင် ပူးပေါင်းဆောင်ရွက်နိုင်မှုအခြေအနေများကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(၅၀၁)

လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့အစည်းအဝေး(၁/၂၀၂၅) ကျင်းပ

နေပြည်တော် စက်တင်ဘာ ၄

လူကုန်ကူးမှု တားဆီးကာကွယ်ရေးဗဟိုအဖွဲ့အစည်းအဝေး(၁/၂၀၂၅)ကို ယနေ့မွန်းလွဲပိုင်းတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဌာနချုပ် အရိန္ဒမာခန်းမ၌ ကျင်းပရာ လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဗဟိုအဖွဲ့ အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက လူကုန်ကူးမှုပြဿနာများကို တိုက်ဖျက်နိုင်ရေးအတွက် လူကုန်ကူးမှု တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့၏ ဦးဆောင်မှုဖြင့် လုပ်ငန်းကော်မတီ လေးရပ်နှင့် အဆင့်ဆင့်သောလူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့များကို စနစ်တကျဖွဲ့စည်းပြီး အမျိုးသားရေး တာဝန်တစ်ရပ်အဖြစ် သတ်မှတ်ကာ အလေးထားဆောင်ရွက်လျက်ရှိကြောင်း၊ ပြောင်းလဲလာသော လူကုန်ကူးမှုပုံစံများအရ အိမ်နီးချင်းနိုင်ငံမှ လူငယ်များသည် မြန်မာနိုင်ငံသို့ အကြောင်းအမျိုးမျိုးဖြင့် ဝင်ရောက်လာကြပြီး မြန်မာအမျိုးသမီးများကို ချစ်ကြိုက်၍ လက်ထပ်ခြင်းမဟုတ်ဘဲ လှည့်ဖြားလိုသောသဘောဖြင့် ငွေကြေးပေးကာ လက်ထပ်ခြင်း၊ တရားရုံးတွင် ထိမ်းမြားမင်္ဂလာ ကျမ်းကျိန်လွှာပြုလုပ်၍ ၎င်းတို့နိုင်ငံသို့ တရားဝင်ခေါ်ဆောင်နေခြင်းများကို စိစစ်ဖော်ထုတ်အရေးယူဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ပြင် ဒေသတွင်းနိုင်ငံများမှ နိုင်ငံသားအချို့သည် မြန်မာနိုင်ငံသို့ အလည်အပတ်ဗီဇာဖြင့် ရောက်ရှိလာခဲ့ပြီး ဘာသာစကား သင်တန်းအမည်ခံဖွင့်လှစ်၍ မြန်မာအမျိုးသမီးများကို ၎င်းတို့၏နိုင်ငံသားများနှင့် ထိမ်းမြားလက်ထပ်စေရန် စည်းရုံးဆောင်ရွက်ခဲ့သည့် ဖြစ်စဉ်များကိုလည်း ဖော်ထုတ်နိုင်ခဲ့ကြောင်း။

လူကုန်ကူးသူများသည် လိမ်လည်စည်းရုံးသွေးဆောင်ရန်အတွက် အင်တာနက်ကို တွင်ကျယ်စွာအသုံးပြုလျက်ရှိကြောင်း၊ လူမှုကွန်ရက်စာမျက်နှာများ ဖြစ်သော Facebook၊ Tiktok နှင့် Telegram များကို အသုံးပြု၍ စီးပွားရေးကြော်ငြာများမှတစ်ဆင့် လူစုဆောင်းခြင်း၊ အကျိုးအမြတ် လွဲပြောင်းပေးခြင်းများ ပြုလုပ်ပြီး မြန်မာအမျိုးသမီးငယ်များကို အတင်းအဓမ္မ ထိမ်းမြားလက်ထပ်ရန်နှင့် လင်ပိုင်းဆိုင်ရာ ခေါင်းပုံဖြတ်မှုများလုပ်ဆောင်လျက်ရှိကြောင်း၊ လူကုန်ကူးမှု တိုက်ဖျက်ရာတွင် လုပ်ငန်းစဉ် သုံးရပ်ဖြစ်သော **သတင်းလက်ဦးမှုရယူခြင်း၊ တားဆီးကာကွယ်ခြင်း၊ အရေးယူဆောင်ရွက်ခြင်း**များနှင့်အညီ ဆောင်ရွက်သွားရန်လိုအပ်ကြောင်း၊ ၎င်းလုပ်ငန်းစဉ် သုံးရပ်နှင့်အညီ ဆောင်ရွက်ရာတွင် သက်ဆိုင်ရာဌာနများ အနေဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်သွားကြရန်လိုအပ်ကြောင်း။

လက်ရှိဖြစ်ပွားလျက်ရှိသော အွန်လိုင်းလိမ်လည်မှု၊ အွန်လိုင်းလောင်းကစားမှုများနှင့် ဆက်စပ်ဖြစ်ပွားသော လူကုန်ကူးမှု၊ အဓမ္မစေခိုင်းမှုများအပါအဝင် အတင်းအကျပ်ရာဇဝတ်မှု ကျူးလွန်စေခြင်းတို့ကို တားဆီးနှိမ်နင်းနိုင်ရန်၊ အသိပညာပေးခြင်းများ မြှင့်တင်ဆောင်ရွက်နိုင်ရန်နှင့် နယ်စပ်ဖြတ်ကျော်တရားမဝင် ဝင်ရောက်မှုမရှိစေရေး တားဆီးထိန်းချုပ်နိုင်ရန် ရည်ရွယ်၍ အွန်လိုင်းလိမ်လည်မှုနှင့် ဆက်နွယ်ဖြစ်ပွားသော လူကုန်ကူးမှု တိုက်ဖျက်ရေးစီမံချက်ကို Pilot Project အဖြစ် သက်တမ်းကာလတစ်နှစ်ဖြင့် ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံ အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်မှု (Online Scam) လုပ်ငန်းများကို ထိထိရောက်ရောက် တားဆီးနှိမ်နင်းလျက်ရှိပြီး အဆိုပါလုပ်ငန်းများတွင် အတင်းအကျပ်ခိုင်းစေခံရသူများကို ကယ်တင်၍ မိခင်နိုင်ငံများသို့ ပြန်လည်စေလွှတ်ပေးလျက်ရှိကြောင်း၊ အဆိုပါဖြစ်စဉ်များတွင် ဒေသတွင်းမဟုတ်သည့် အခြားနိုင်ငံများမှ နိုင်ငံခြားသားများလည်း ပါဝင်နေကြောင်း တွေ့ရှိရသည့်အတွက် နိုင်ငံပေါင်းစုံ ပူးပေါင်းပါဝင်မှုဖြင့် တိုက်ဖျက်နိုင်ရေး တိုးမြှင့်ဆောင်ရွက်လျက် ရှိကြောင်းဖြင့် ပြော ကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် လူကုန်ကူးမှု တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ အဖွဲ့ဝင်များနှင့် ကိုယ်စားလှယ်များက လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ အကောင်အထည်ဖော် ဆောင်ရွက်နေမှုနှင့် လုပ်ငန်းများအောင်မြင်ရေးအတွက် အကြံပြုဆွေးနွေးတင်ပြကြပြီး ဗဟိုအဖွဲ့ဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကား ပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်ပနိုင်ငံများသို့ သွားရောက်အလုပ်လုပ်ကိုင်မည့်သူများအတွက် အသိပေးကြေညာချက်

၁။ အလုပ်သမားဝန်ကြီးဌာနအနေဖြင့် ထိုင်းနိုင်ငံ၊ မလေးရှားနိုင်ငံ၊ ဂျပန်နိုင်ငံ၊ စင်ကာပူနိုင်ငံ၊ ကိုရီးယားသမ္မတနိုင်ငံနှင့် အခြားပြည်ပနိုင်ငံများမှ ခွင့်ဖြင့်ဝင်ရောက်လာပြီး ပြန်လည်ထွက်ခွာမည့်သူများကို လည်းကောင်း၊ မိမိအစီအစဉ် ကျွမ်းကျင်လုပ်သားအဖြစ်လည်းကောင်း၊ ပြည်ပအလုပ်အကိုင်အကျိုးဆောင်လိုင်စင်ရအေဂျင်စီများမှတစ်ဆင့် ပြည်ပနိုင်ငံများသို့ သွားရောက်အလုပ်လုပ်ကိုင်မည့်သူများကိုလည်းကောင်း ခွင့်ပြုဆောင်ရွက်ပေးလျက်ရှိရာ ၂၀၂၅ ခုနှစ် မတ်လတွင် လုပ်သား ၃၂၆၄ ဦးနှင့် ၁-၄-၂၀၂၅ ရက်နေ့တွင် ၅၉ ဦးတို့ကို ခွင့်ပြုပေးခဲ့ပါသည်။

၂။ ၂၀၂၅ ခုနှစ် မတ် ၂၈ ရက်တွင် အလွန်ပြင်းထန်သည့် မြေငလျင်လှုပ်ခတ်ခဲ့မှုကြောင့် နေပြည်တော်ရှိ အလုပ်သမားဝန်ကြီးဌာန အဆောက်အအုံနှင့် ရုံးခန်းများ ထိခိုက်ပျက်စီးခဲ့သော်လည်း ပြည်ပသို့သွားရောက်အလုပ်လုပ်ကိုင်မည့်သူများကို သွားရောက်အလုပ်လုပ်ကိုင်မည့် အမျိုးအစားအလိုက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ် SOP များနှင့်အညီ ၁-၄-၂၀၂၅ ရက်နေ့မှစ၍ စိစစ်ခွင့်ပြုဆောင်ရွက်ပေးလျက်ရှိပါကြောင်း အသိပေးအပ်ပါသည်။

အလုပ်သမားဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တရုတ်နိုင်ငံ ဟာပင်းမြို့တွင် ပညာသင်ကြားလျက်ရှိသည့် ပညာတော်သင် ကျောင်းသား၊ ကျောင်းသူများကို တွေ့ဆုံအမှာစကားပြောကြား

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တရုတ်နိုင်ငံ ဟာပင်းမြို့တွင် ပညာသင်ကြားလျက်ရှိသည့် ပညာတော်သင် ကျောင်းသား၊ ကျောင်းသူများကို တွေ့ဆုံအမှာစကားပြောကြားစဉ်။

နေပြည်တော် စက်တင်ဘာ ၄

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဟာပင်းမြို့တွင် အလုပ်သဘောခရီးရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ဟာပင်းမြို့ရှိ တက္ကသိုလ်များ၌ ပညာသင်ကြားလျက်ရှိသည့် ပညာတော်သင် ကျောင်းသား၊ ကျောင်းသူများကို ယနေ့ ဒေသစံတော်ချိန် ညနေ ၅ နာရီခွဲတွင် ဟာပင်းမြို့ရှိ ရှန်ဂရီလာဟိုတယ်၌ တွေ့ဆုံအမှာစကားပြောကြားသည်။

တွေ့ဆုံပွဲသို့ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်အတူ ခရီးစဉ်တွင် လိုက်ပါလာသည့် ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှူဆောင်ချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးတင်မောင်ဆွေနှင့် ပညာတော်သင် ကျောင်းသား၊ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ ဟာပင်းမြို့ရှိ တက္ကသိုလ်များတွင် တက်ရောက် ပညာသင်ကြားလျက်ရှိသည့် ပညာတော်သင် ကျောင်းသား၊ ကျောင်းသူများက တစ်ဦးချင်းမိတ်ဆက်ကြသည်။

ထို့နောက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက အမှာစကားပြောကြားရာတွင် ယခုကဲ့သို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် သင်တန်းများလာရောက်တက်ရောက်၍ ပညာသင်ကြားခြင်းဖြစ်သည့်အတွက် နိုင်ငံအတွက် များစွာအကျိုးဖြစ်ထွန်းစေကြောင်း၊ မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့၏ ဆက်ဆံရေးသည် လက်ရှိအချိန်တွင် အကောင်းဆုံးအခြေအနေတွင်ရှိနေကြောင်း၊ မိမိအနေဖြင့် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့ ထိပ်သီးအစည်းအဝေး (Shanghai Co-operation Organisation–SCO SUMMIT 2025 Plus)နှင့် တရုတ်ပြည်သူများ၏ ဂျပန်ခုခံတော်လှန်ရေးစစ်ပွဲနှင့် ကမ္ဘာ့ဖက်ဆစ်ဆန့်ကျင်ရေးစစ်ပွဲ အောင်နိုင်ခြင်းနှစ် ၈၀ ပြည့်အထိမ်းအမှတ် စစ်ရေးပြအခမ်းအနားသို့ တက်ရောက်ခဲ့ကြောင်း၊ ရှန်ဟိုင်း ပူးပေါင်းဆောင်ရွက်မှုအဖွဲ့သည် ကမ္ဘာကြီး၏ တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါသည့် အဖွဲ့အစည်းဖြစ်ပြီး မကြာမီအချိန်အတွင်း မြန်မာနိုင်ငံအနေဖြင့် SCO အဖွဲ့ဝင်ဖြစ်လာမည်ဟု ယုံကြည်ကြောင်း။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပညာတော်သင် ကျောင်းသား၊ ကျောင်းသူများကို စားသောက်ဖွယ်ရာများနှင့်ချီးမြှင့်ငွေများ ပေးအပ်စဉ်။

သင်တန်းများ လာရောက်သင်ကြားချိန်တွင် သင်ကြားရသည့် ပညာရပ်များအလိုက် အကောင်းဆုံးသင်ယူသွားရန် လိုပြီး ပညာပြီးဆုံး၍ မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိချိန်တွင် မိမိတို့၏ဌာနများအလိုက် မိမိတို့သင်ကြားခဲ့ရသည့် ပညာရပ်များနှင့်ပတ်သက်၍ ပြန်လည်မျှဝေပေးရန်လိုကြောင်း၊ သို့မှသာ မိမိတို့နိုင်ငံအတွက် အကျိုးရှိမည်ဖြစ်ကြောင်း၊ အလားတူတရုတ်နိုင်ငံတွင် ပညာသင်ကြားခဲ့ရမှု အတွေ့အကြုံများ၊ ကြုံတွေ့ခဲ့ရသည့် လူနေမှုအဆင့်အတန်း ဖွံ့ဖြိုးတိုးတက်မှုများ၊ ပတ်ဝန်းကျင်ဆိုင်ရာ နေထိုင်မှုများကိုလည်း ပြန်လည်မျှဝေပေးရန်လိုကြောင်း၊ တရုတ်နိုင်ငံတွင် ပညာသင်ကြားနေချိန်အတွင်း တရုတ်ဘာသာစကားကိုလည်း ထိုက်သင့်သလောက် တတ်ကျွမ်းအောင် လေ့လာသင်ကြားသွားရန်လိုကြောင်း။

လာမည့် ဒီဇင်ဘာလအတွင်း မိမိတို့နိုင်ငံတွင် လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲကျင်းပနိုင်ရေး ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း၊ ရွေးကောက်ပွဲ ပြုလုပ်ချိန်တွင် ဆန္ဒမဲပေးခွင့်ရှိသူများ အားလုံးမဲပေးနိုင်ရေး စီမံဆောင်ရွက်လျက်ရှိကြောင်း၊ အလားတူ မဲစာရင်းများ မှားယွင်းမှုနှင့် မဲမသမာမှုများမဖြစ်စေရေး မြန်မာအီလက်ထရောနစ် မဲပေးစက်များဖြင့် အသုံးပြုသွားမည်ဖြစ်ကြောင်း၊ နိုင်ငံရပ်ခြားတွင် ပညာသင်ကြားနေချိန်အတွင်း မိမိတို့၏ ကျန်းမာရေးကောင်မွန်စေရေး နေထိုင်ဆောင်ရွက်သွားကြရန်နှင့် ပညာသင်ကြားမှုများကိုလည်း ပြီးဆုံးအောင်မြင်သည်ထိ သင်ယူသွားကြရန် မှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက သင်တန်းသားများ၏လိုအပ်ချက်များကို မေးမြန်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး စားသောက်ဖွယ်ရာများနှင့်ချီးမြှင့်ငွေများပေးအပ်ကာ ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

အလွတ်တန်းအဆင့် ဆောင်းပါးပြိုင်ပွဲကျင်းပမည်

၁။ ၂၀၂၅ ခုနှစ် အောက်တိုဘာ ၁၃ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာသဘာဝဘေးအန္တရာယ်ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် "သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲဆောင်ရွက်မှုများ" ခေါင်းစဉ်ဖြင့် အလွတ်တန်းအဆင့်ဆောင်းပါးပြိုင်ပွဲကို ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး ပထမဆု၊ ဒုတိယဆုနှင့် တတိယဆု ရရှိသူများကို နေပြည်တော်တွင်ကျင်းပမည့် အထိမ်းအမှတ်အခမ်းအနားတွင် ဂုဏ်ပြုဆုငွေနှင့် ဆုတံဆိပ်များချီးမြှင့်သွားမည်ဖြစ်ပါသည်။

၂။ ပြိုင်ပွဲစည်းကမ်းသတ်မှတ်ချက်များနှင့် https://bit.ly/47Md8CK တွင် ဝင်ရောက်ကြည့်ရှုနိုင်ပြီး တယ်လီဖုန်းအမှတ် ၀၆၇ ၃၄၀၄၀၄၉၊ ၀၆၇ ၃၄၀၄၀၇၁ တို့သို့လည်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန

အခြေပိုင်ရန်တစ်ခေတ် မဆုတ်မနစ်တရား ရှေ့နိုင်ငံသစ်အုတ်မြစ်များ

ပြည်စိုးညိမ်း

တရုတ်နှင့်မြန်မာ။
ချစ်ကြည်စွာ နေလာကြ
ကာလရှည်ကြာ။
သရေတိုးပါတဲ့
ဆွေမျိုးသို့ အကြောင်းဆက်ကာ
ပေါင်းဖက်လာ တစ်စိတ်တစ်ဝမ်း။
အေးအတူ ဖေးကူကြ
မျှဝေလို့ကမ်း။

အခါတစ်ပါးတွင် အရှင်အာနန္ဒာက မြတ်ဗုဒ္ဓအပါးချဉ်းကပ်၍ “အရှင်ဘုရား၊ လောကမှာ မိတ်ကောင်းဆွေကောင်း တစ်ယောက်ရှိရင် ဘဝတစ်ဝက်ပြည့်စုံ တယ်ဆိုတာ ဟုတ်ပါသလားဘုရား” ဟု မေးလျှောက်သည်ရှိသော် မြတ်ဗုဒ္ဓက “ချစ်ဿားအာနန္ဒာ လောကမှာ မိတ်ဆွေစစ် မိတ်ဆွေမှန် တစ်ယောက်ရှိရင်ဘဝတစ်ဝက် မဟုတ်ဘူး။ ဘဝတစ်ခုလုံးအပြင် သံသရာ အတွက်ပါ ပြည့်စုံပါတယ်” ဟု ဖြေတော်မူ၏။ မြတ်ဗုဒ္ဓက အဆွေခင်ပွန်းကောင်း (ကလျာဏမိတ္တ)ရှိခြင်း၏ အကျိုးကြီးမား ပုံကို ဤသို့မိန့်ကြားတော်မူခဲ့ပါ၏။

လူတစ်ဦးတစ်ယောက်အတွက်သာမက အဖွဲ့အစည်းတစ်ခု၊ နိုင်ငံတစ်နိုင်ငံအနေ ဖြင့်လည်း အဆွေခင်ပွန်းကောင်းရှိခြင်း၏ အကျိုးတရားတို့မှာ အနမတဂ္ဂပင်။ မြန်မာ နိုင်ငံသည် မိတ်ဆွေနိုင်ငံများနှင့်တက်ကြွစွာ လက်တွဲ၍ ဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ ခိုင်မာအားကောင်းသော လူမှုအသိုက် အဝန်းများဆီသို့ ဦးတည်ချက်တူညီသော ခြေလှမ်းများဖြင့် ရည်ရွယ်လျှောက်လှမ်း လျက်ရှိသည်။ “ကိုင်းကျွန်းမှီ ကျွန်းကိုင်းမှီ” ဆိုသလို အပြန်အလှန်အားဖြင့် ထောက်ကူ ဖေးမမှုများကို ကျေးပွန်စွာထမ်းဆောင် လျက် မိတ်ဆွေကောင်းတို့၏ စံနှုန်းကို အကြိမ်ကြိမ် သက်သေပြဆိုလျက်လည်း ရှိသည်။

နိုင်ငံတော်အကြီးအကဲဦးဆောင်သော အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည်တရုတ် ပြည်သူ့သမ္မတနိုင်ငံသမ္မတ H.E. Mr. Xi Jinping ၏ ဖိတ်ကြားချက်အရ ၂၀၂၅ ခုနှစ် သြဂုတ်လ ၃၀ ရက် နံနက်ပိုင်းတွင် နေပြည်တော် တပ်မတော်လေဆိပ်မှ စတင်ထွက်ခွာ၍ အလုပ်သဘောခရီးစဉ် သွားရောက်ခဲ့သည်။ယင်းနေ့ ဒေသစံတော်ချိန် မွန်းလွဲ ၁ နာရီ ၁၀ မိနစ်တွင် တီယန်ကျင်းမြို့ Binhai အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ရောက်ရှိကြသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရ အဖွဲ့မှ သဘာဝအရင်းအမြစ်ရေးရာဝန်ကြီး ဌာနဝန်ကြီး Mr. Guan Zhiou၊ တရုတ် ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးတင်မောင်ဆွေ၊ မြန်မာ နိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံအမတ်ကြီး H.E. Ms. Ma Jia နှင့် မြန်မာစစ်သံ(ကြည်း၊ ရေ၊ လေ) ဗိုလ်မှူးချုပ်ဇော်ဇော်နိုင်တို့က လေဆိပ်တွင် နွေးထွေးလိုက်လဲစွာ ဆီးကြိုနေကြသည်။

လေယာဉ်ပေါ်မှအဆင်း ကော်ဇောနီ ခင်းထားသောလျှောက်လမ်း၏ ဝဲယာ နှစ်ဖက်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဂုဏ်ပြုတပ်ဖွဲ့နှင့် ယဉ်ကျေးမှုအကအဖွဲ့ တို့က နိုင်ငံတော်အကြီးအကဲဦးဆောင် သော အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ကို အသင့်အနေအထားဖြင့် စောင့်ဆိုင်းလျက် ရှိသည်။ ယင်းမှာ နိုင်ငံတော်အဆင့်ခရီးစဉ် လာရောက်သည့် နိုင်ငံခေါင်းဆောင်များကို ကြိုဆိုသည့်အစဉ်အလာနှင့်အညီ ဂုဏ်ပြု ကြိုဆိုနေခြင်းပင်ဖြစ်သည်။

တီယန်ကျင်းမြို့၏ကောင်းကင်ယံမှာ တိမ်ကင်းစင်၍ လှပသာယာလျက်ရှိသည်။ အပူချိန်မှာ ၂၈ ဒီဂရီစင်တီဂရိတ်ခန့်သာ ရှိ၍ သင့်တင့်မျှတလို့နေသည်။ နိုင်ငံတော် အကြီးအကဲနှင့်တကွ ကိုယ်စားလှယ်ကြီး များမှာ နိုင်ငံတော်နှင့်ပြည်သူ့အကျိုး အတွက် အစွမ်းကုန်ကြိုးပမ်းဆောင်ရွက် ကြမည်ဟူသော အားမာန်အပြည့်ဖြင့် လန်းဆန်းတက်ကြွနေသည်။ကြိုဆိုသူများ ကို အပြုံးနှင့်လက်ပြနှုတ်ဆက်နေပုံမှာ ကြည်နူးဖွယ်ဖြစ်သည်။ အနီရောင်လျှောက် လမ်းပေါ်မှ နိုင်ငံတော်အကြီးအက၏ ယုံကြည်ချက်ရှိရှိခိုင်မာသော ခြေလှမ်း များမှာ အမိနိုင်ငံတော်အတွက် အားတက် ဖွယ်ဖြစ်သည်။

နိုင်ငံတော်အကြီးအကဲဦးဆောင်သော အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ယင်းနေ့ ဒေသစံတော်ချိန် ညနေ ၅ နာရီ မှာပင်တီယန်ကျင်းဧည့်ဂေဟာတွင်တရုတ် ပြည်သူ့သမ္မတနိုင်ငံသမ္မတနှင့် တွေ့ဆုံ ဆွေးနွေးကြသည်။

ဆွေးနွေးပွဲတွင်နိုင်ငံတော်အကြီးအကဲက မြန်မာနိုင်ငံအနေဖြင့် ၂၀၂၃ ခုနှစ် မေလ တွင် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့ (Shanghai Cooperation Organisation–SCO) ၏ ဆွေးနွေးဖက်နိုင်ငံဖြစ်လာပြီး အစည်းအဝေးများ စတင်တက်ရောက် ခဲ့ကြောင်း၊ အဖွဲ့ဝင်နိုင်ငံဖြစ်လာစေရေး တရုတ်နိုင်ငံအနေဖြင့်ဆက်လက်ထောက်ခံ ပေးစေလိုကြောင်း ထည့်သွင်းပြောကြား ခဲ့သလို တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတ ကလည်း SCO အဖွဲ့ဝင်နိုင်ငံအဖြစ် ထောက်ခံပေးမည့် အခြေအနေများကို ထည့်သွင်းဆွေးနွေးသည်။

ထို့ပြင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတက မြန်မာနိုင်ငံသည် SCO အဖွဲ့၏ ဆွေးနွေးဖက်နိုင်ငံဖြစ်ပြီး ဖက်ဆစ် တော်လှန်ရေးမှာလည်းပါဝင်ခဲ့သည့် နိုင်ငံ ဖြစ်ကြောင်း၊ ခိုင်မာသည့်ဆွေမျိုးပေါက်ဖော် ဆက်ဆံရေးရှိသည့် အိမ်နီးချင်းနိုင်ငံများ ဖြစ်ပြီး တရုတ်နိုင်ငံအနေဖြင့်မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်ရေးကို အမြဲထောက်ခံရပ်တည်အားပေးလျက် ရှိကြောင်း၊ မြန်မာနိုင်ငံ၏နိုင်ငံရေး တည်ဆောက်မှုများကိုထောက်ခံပြီး မြန်မာ ပြည်သူလူထုဖွံ့ဖြိုးတိုးတက်မှုနှင့် နှစ်နိုင်ငံ အေးအတူပူအမျှ အသိုက်အဝန်းတည် ဆောက်ရေးကို ခိုင်မာစွာရပ်တည်လျက် ရှိသည့်အကြောင်း၊ နှစ်နိုင်ငံငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူကြီး (၅)ရပ် အတိုင်း ဆက်လက်ရပ်တည်ဆောင်ရွက် သွားမည်ဖြစ်သည့် အကြောင်းများကို အကျယ်တဝင့် ပြန်ကြားဆွေးနွေးခဲ့ သည်။

မြန်မာနှင့်တရုတ် နှစ်နိုင်ငံအကြီးအက ဲ များသည်ပြီးခဲ့သည့် ၂၀၂၅ ခုနှစ်မေလတွင် ရုရှားနိုင်ငံ မော်စကိုမြို့၌ တစ်ကြိမ်တွေ့ဆုံ ဆွေးနွေးခဲ့ကြပြီးဖြစ်သည်။ ယခုဆွေးနွေး ပွဲတွင် ထိုစဉ်ကသဘောတူညီခဲ့သည့် ဆက်လက်ဆောင်ရွက်ရန် ကိစ္စရပ်များ၊ မြန်မာနိုင်ငံ၏နိုင်ငံရေး၌ ပြည်ပမှ ဝင်ရောက်စွက်ဖက်မှုကို ဆန့်ကျင်မှု၊ တရုတ်–မြန်မာ မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်ရမည့် ကိစ္စရပ် များ၊ နိုင်ငံတည်ငြိမ်အေးချမ်းရေးအတွက် တရုတ်နိုင်ငံ၏ အပြုသဘောဆောင်သော ရပ်တည်ချက်များနှင့် ဆက်လက်ဆောင် ရွက်သွားမည့်ကိစ္စရပ်များ၊ နိုင်ငံတကာ မျက်နှာစာ၊ ဒေသတွင်းအဖွဲ့အစည်းများနှင့် ဆက်ဆံရေးတို့တွင် မြန်မာနိုင်ငံအနေဖြင့် သိကျွမ်းမြင့်မားစွာရပ်တည်နိုင်ရေး ကိစ္စရပ် များကို ထပ်မံ၍ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးနိုင်ခဲ့ကြသည်။ စိတ်သဘောထား ကြီးမား၍ ကျယ်ပြန့်သောအမြင်ရှိသည့် နှစ်နိုင်ငံခေါင်းဆောင်နှစ်ဦး၏ တွေ့ဆုံမှု ရှိကြောင်း၊ မြန်မာနိုင်ငံ၏နိုင်ငံရေး တည်ဆောက်မှုများကိုထောက်ခံပြီး မြန်မာ ပြည်သူလူထုဖွံ့ဖြိုးတိုးတက်မှုနှင့် နှစ်နိုင်ငံ အေးအတူပူအမျှ အသိုက်အဝန်းတည် ဆောက်ရေးကို ခိုင်မာစွာရပ်တည်လျက် ရှိသည့်အကြောင်း၊ နှစ်နိုင်ငံငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူကြီး (၅)ရပ် အတိုင်း ဆက်လက်ရပ်တည်ဆောင်ရွက် သွားမည်ဖြစ်သည့် အကြောင်းများကို အကျယ်တဝင့် ပြန်ကြားဆွေးနွေးခဲ့ သည်။

ယင်းတွေ့ဆုံပွဲတွင် နိုင်ငံတော်အကြီး အကဲက နှစ်နိုင်ငံအကြားစီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်နိုင်မည့် အရှိတရား များနှင့် အလားအလာကောင်းများကို ကျယ်ကျယ်ပြန့်ပြန့်ရှင်းလင်းဆွေးနွေးပြီး တရုတ်နိုင်ငံနှင့်မြန်မာနိုင်ငံတို့မှ စီးပွားရေး လုပ်ငန်းရှင်များ၊ အသိပညာရှင်၊ အတတ် ပညာရှင်များနှင့် နှစ်နိုင်ငံအကြားများစွာ အကျိုးဖြစ်ထွန်းစေမည့်ပူးပေါင်းဆောင်ရွက် မှုအခွင့်အလမ်းများကိုမျှဝေခဲ့သည်။ တွေ့ဆုံ ဆွေးနွေးပွဲမှတစ်ဆင့် နှစ်နိုင်ငံအကြား ဆက်ဆံရေး ရေရှည်တည်တံ့ခိုင်မြဲပြီး အနာဂတ်တွင် ပိုမိုကောင်းမွန်သည့်ပူးပေါင်း မှုသည်နှစ်နိုင်ငံအကျိုးစီးပွားတို့ ပိုမိုဖြစ်ထွန်း လာရမည်မှာ မလွဲဧကန်ပင်ဖြစ်သည်။

သြဂုတ်လ ၃၁ ရက် ခရီးစဉ်၏ ဒုတိယ မြောက်နေ့။ တီယန်ကျင်းမြို့၏ နံနက် ခင်းသည် မပူမအေးမျှတသောရာသီဥတု ဖြင့်ကိုယ်စားလှယ်ကြီးများကို နွေးထွေးစွာ ကြိုဆိုနေဘိသို့။ ဒေသစံတော်ချိန် နံနက် ၉ နာရီခန့်တွင် Tangla Hotel ၌ မြန်မာ–တရုတ် စီးပွားရေးပူးပေါင်း ဆောင်ရွက်မှုမြှင့်တင်ရေး တွေ့ဆုံပွဲကို ကျင်းပသည်။

ယင်းတွေ့ဆုံပွဲတွင် နိုင်ငံတော်အကြီး အကဲက နှစ်နိုင်ငံအကြားစီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်နိုင်မည့် အရှိတရား များနှင့် အလားအလာကောင်းများကို ကျယ်ကျယ်ပြန့်ပြန့်ရှင်းလင်းဆွေးနွေးပြီး တရုတ်နိုင်ငံနှင့်မြန်မာနိုင်ငံတို့မှ စီးပွားရေး လုပ်ငန်းရှင်များ၊ အသိပညာရှင်၊ အတတ် ပညာရှင်များနှင့် နှစ်နိုင်ငံအကြားများစွာ အကျိုးဖြစ်ထွန်းစေမည့်ပူးပေါင်းဆောင်ရွက် မှုအခွင့်အလမ်းများကိုမျှဝေခဲ့သည်။ တွေ့ဆုံ ဆွေးနွေးပွဲမှတစ်ဆင့် နှစ်နိုင်ငံအကြား ဆက်ဆံရေး ရေရှည်တည်တံ့ခိုင်မြဲပြီး အနာဂတ်တွင် ပိုမိုကောင်းမွန်သည့်ပူးပေါင်း ပါဝင်ဆွေးနွေးမှုများကလည်း အားရဖွယ် ဖြစ်သည်။

ဆွေးနွေးကြသည့်အကြောင်းအရာများ မှာ ပို့ကုန်သွင်းကုန်မူဝါဒ၊ စွမ်းအင်ကဏ္ဍ၊ စိုက်ပျိုးရေးထုတ်ကုန်များကဏ္ဍ၊ သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကဏ္ဍ၊ သတင်း ဖလှယ်မှု ပူးပေါင်းဆောင်ရွက်ရေးကဏ္ဍ၊ EV ကားများ တပ်ဆင်ထုတ်လုပ်မှု၊ ရင်းနှီး မြှုပ်နှံမှုနှင့် ထပ်မံတိုးချဲ့ထုတ်လုပ်လိုမှု အခြေအနေများ စသည်ဖြင့်ကျယ်ပြန့် လှသည်။ တရုတ်နိုင်ငံမှ စီးပွားရေးလုပ်ငန်း ရှင်များ၏ စိတ်အားထက်သန်စွာမေးမြန်း မှုများကို မြန်မာနိုင်ငံမှ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးများက စေ့စပ်သေချာ စွာ ပြန်လည်ဆွေးနွေးပေးကြသည်။

ဤသို့ အပြန်အလှန်အားဖြင့် ရင်းနှီး ပွင့်လင်းစွာ ဆွေးနွေးကြသည့်အကြောင်း အရာများတွင်စကားလုံးတစ်လုံးချင်းစီကပင် နိုင်ငံနှင့်လူမျိုးအတွက်မွန်မြတ်မှန်ကန်သော စိတ်စေတနာကောင်းများနှင့် လက်ငင်းဒိဋ္ဌ အကျိုးတရား ဖြစ်ထွန်းစေမှုများကို ဖော်ညွှန်းလျက်ရှိသည်။ အရာရာသည် ကြောင်းကျိုးဆက်နွယ်မှုမှကင်း၍ မဖြစ် စကောင်း။

စာမျက်နှာ ၂၂ သို့

စာမျက်နှာ ၂၁ မှအဆက်

အကြောင်းရှိ၍ အကျိုးထင်ရခြင်းပင်။ နိုင်ငံတော်အကြီးအကဲ ဦးဆောင်သော အဆင့်မြင့်ကိုယ်စားလှယ်ကြီးများ၏ မနားမနေ အားကြိုးမာန်တက်ကြိုးပမ်းမှုများကြောင့် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုတိုးမြင့်ခြင်း၏ ရလဒ်ကောင်းများမှာ သိသိသာသာ မြင့်တက်လာခဲ့ပြီဖြစ်သည်။ အကျိုးရလဒ်အားဖြင့် သဘောတူစာချုပ်နှင့် နားလည်မှုစာချွန်လွှာ ခုနစ်ခုတို့ကို သက်ဆိုင်ရာကုမ္ပဏီများမှ တာဝန်ရှိသူများနှင့် အသီးသီးလက်မှတ်ရေးထိုးနိုင်ခဲ့သည်။

မြန်မာနှင့်တရုတ်တို့သည် ၂၀၁၁ ခုနှစ်တွင် ဘက်စုံလွှမ်းခြုံသည့် မိတ်ဖက်ပူးပေါင်းဆောင်ရွက်မှုမဟာဗျူဟာကို စတင်နိုင်ခဲ့ပြီးနောက် စီးပွားရေးနှင့်ကုန်သွယ်ရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ အခွင့်အလမ်းကောင်းများ ပွင့်လန်းရှင်သန်လာခဲ့သည်။ နှစ်နိုင်ငံကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုမာဏတို့သည်လည်း သိသာထင်ရှားစွာ တရိုဝိရိပ်တိုးတက်လာခဲ့သည်။

ဆိုရလျှင် တရုတ်နိုင်ငံသည် မြန်မာနိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံသည့် နိုင်ငံပေါင်း ၅၃ နိုင်ငံရှိသည့်အနက် ဒုတိယမြောက်ရင်းနှီးမြှုပ်နှံမှုအများဆုံး ကုန်သွယ်ဖက်နိုင်ငံတစ်နိုင်ငံပင်ဖြစ်သည်။

အချိန်တို့သည် တရွေ့ရွေ့ကုန်ဆုံးလျက်ရှိသည်။ နိုင်ငံတော်အကြီးအကဲနှင့် အဆင့်မြင့်ကိုယ်စားလှယ်ကြီးများမှာ အမိနိုင်ငံတော်အကျိုးကိုမျှော်ကိုး၍ ဆောင်ရွက်ဖွယ်ရှိသည်များကို အချိန်ရှိခိုက်လုံလစိုက်နေကြသည်။ တစ်ဆက်တည်းမှာပင် မွန်းလွဲ ၂ နာရီခွဲအချိန်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝူဟန်တက္ကသိုလ်၏ ဒုတိယအဓိပတိပါမောက္ခ Prof. Gong Wei ဦးဆောင်သော တာဝန်ရှိသူများနှင့် ဆက်လက်တွေ့ဆုံဆွေးနွေးကြသည်။

နိုင်ငံတော်အကြီးအကဲသည် ပညာကိုလိုလားလေ့ရှိ ပညာရေးကိုအားပေးသူဖြစ်သည်။ အစည်းအဝေးများ၊ တွေ့ဆုံမှာကြားမှုများတွင် ပညာရေးကိုအလေးအနက်ထားရမည်ဖြစ်ကြောင်း ကြိမ်ဖန်များစွာ ကြားနာခဲ့ရသည်။ လက်ဆွဲကျကျအားပေးချီးမြှောက်နေသည်ကိုလည်း မျက်ဝါးထင်ထင်တွေ့နေရသည်။ အကြီးအကဲကိုယ်တိုင်မည်သည့်နိုင်ငံကိုရောက်ရှိသည်ဖြစ်စေ မိမိနိုင်ငံအတွက် အကျိုးဖြစ်ထွန်းစေမည့် အတတ်ပညာ၊ အသိပညာရပ်တို့၏ ရင်းမြစ်ဖြစ်ထွန်းရာနေရာများကို စိတ်ဝင်တစားလေ့လာစူးစမ်းလေ့ရှိသည်။

ထိုမျှမကသေး၊ ရရှိလာသောအခွင့်အလမ်းများကို အမိအရဖမ်းဆုပ်လေ့ရှိသည့်အားလျော်စွာ ဝူဟန်တက္ကသိုလ်မှ တာဝန်ရှိသူများနှင့်တွေ့ဆုံစဉ် ဂြိုဟ်တုနည်းပညာဆိုင်ရာကိစ္စရပ်များ၊ မြန်မာနိုင်ငံအတွက် နည်းပညာတတ်ကျွမ်းသည့် လူသားအရင်းအမြစ်များမွေးထုတ်ပေးနိုင်ရေး ဝူဟန်တက္ကသိုလ်မှ ကူညီဆောင်ရွက်ပေးနိုင်သည့်အခြေအနေများ၊ ဝူဟန်တက္ကသိုလ်၏ သမိုင်းကြောင်းနှင့် နိုင်ငံတကာမှ ကျောင်းသား၊ ကျောင်းသူများ ပညာသင်ကြားလျက်ရှိမှုအခြေအနေများ၊

နှစ်နိုင်ငံအကြား နည်းပညာဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

အချိန်နှင့်ဒီရေသည် လူကိုမစောင့်ဆိုသကဲ့သို့ တစ်နေ့တာအချိန်ဇယားများမှာ အသင့်စောင့်ကြိုလျက်ရှိသည်။ နိုင်ငံတော်အကြီးအကဲနှင့် အဆင့်မြင့်ကိုယ်စားလှယ်ကြီးများမှာ အနားယူချိန်မျှမထား။ လိုအပ်သည့်ပြင်ဆင်မှုများဆောင်ရွက်ပြီးသည်နှင့် ဒေသစံတော်ချိန် ညနေ ၅ နာရီတွင် တီယန်ကျင်းမြို့ရှိ Wanda Vista ဟိုတယ်၌ အိန္ဒိယနိုင်ငံဝန်ကြီးချုပ် H.E. Mr. Shri Narendra Modi နှင့် ဆက်လက်တွေ့ဆုံဆွေးနွေးကြသည်။

အိန္ဒိယနိုင်ငံဝန်ကြီးချုပ်က မြန်မာနိုင်ငံတွင် ကျင်းပပြုလုပ်မည့် ရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် အိန္ဒိယနိုင်ငံမှ ထောက်ခံအားပေးလျက်ရှိမှုနှင့် ရွေးကောက်ပွဲလေ့လာစောင့်ကြည့်ရေးအဖွဲ့များ စေလွှတ်ပေးသွားမည့်အခြေအနေများကိုသတင်းစကားပါးသည်။ ထို့ပြင် SCO အဖွဲ့ဝင်ဖြစ်စေရေး အိန္ဒိယနိုင်ငံမှ ထောက်ခံပေးလျက်ရှိကြောင်းနှင့် အခြားကဏ္ဍပေါင်းစုံတွင်ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်မြှင့်တင်နိုင်ရေးကိုလည်း အပြုသဘောဆောင်စွာ ဆွေးနွေးနိုင်ခဲ့ကြသည်။ ခရီးစဉ်၏ နှစ်ရက်တာကာလအတွင်းမှာပင် အိမ်နီးချင်းကောင်း၊ မိတ်ဆွေကောင်းများ ဖြစ်ကြသည့် ကမ္ဘာ့အင်အားကြီးနိုင်ငံ နှစ်နိုင်ငံ၏ ခေါင်းဆောင်များနှင့် တွေ့ဆုံဆွေးနွေးနိုင်ခဲ့သည်မှာ များစွာအားရဖွယ်ဖြစ်သည်။ ၎င်းဆွေးနွေးပွဲများမှတစ်ဆင့် အမိနိုင်ငံအတွက် ကဏ္ဍစုံအကျိုးတရားများကို ဖော်ဆောင်ပေးနိုင်ခဲ့ပြီလည်းဖြစ်သည်။

တော်သလင်းလဆန်း ၉ ရက်၏ စန်းလသော်တာသည်တီယန်ကျင်းမြို့ကောင်းကင်ယံတွင် လင်းထိန်ပြာထွန်းညှိလျက်ရှိသည်။ သာယာလှပသော ညချမ်းအခါပါပေ။ နိုင်ငံတော်အကြီးအကဲ ဦးဆောင်သော အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတ H.E. Mr. Xi Jinping တည်ခင်းဇည့်ခံသည့် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့ထိပ်သီး အစည်းအဝေးကြိုဆိုဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်ရန် Tianjin Meijian Convention Center သို့ ဆက်လက်ထွက်ခွာခဲ့ကြသည်။

ညစာစားပွဲကြီးသို့ ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ H.E. Mr. Vladimir Putin၊ အိန္ဒိယနိုင်ငံဝန်ကြီးချုပ် H.E. Mr. Shri Narendra Modi တို့အပါအဝင် SCO ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ကြမည့် နိုင်ငံပေါင်း ၂၀ ကျော်မှ နိုင်ငံခေါင်းဆောင်များ၊ နိုင်ငံတကာအဖွဲ့အစည်း ၁၀ ခုမှ အကြီးအကဲများလည်း စုံညီစွာ တက်ရောက်ကြသည်။ တစ်နည်းဆိုရပါလျှင် တစ်ဦး၏အကျိုးကို တစ်ဦးကလိုလားသည့် မိတ်ကောင်းဆွေကောင်းများ တစုတဝေးတည်း ရောက်ရှိနေကြခြင်းလည်းဖြစ်သည်။ မိတ်ဆွေကောင်းတို့မည်သည် အပြန်အလှန်အားဖြင့် ချစ်ကြည်လေးစား၍ အထောက်အပံ့ပြုကြသည်သာဖြစ်သည်။ တစ်ဦး၏ဖြစ်တည်မှုကို တစ်ဦးက အသိအမှတ်ပြုလက်ခံကြသည်သာဖြစ်သည်။ မိမိနိုင်ငံနှင့် လူမျိုးအကျိုးကိုရှေးရှုသည့် နည်းတူ အခြားသောလူမှုအသိုက်အဝန်းများကိုလည်း ဖွံ့ဖြိုးတိုးတက်စေရန် ရည်သန်ကြိုးစားကြစမ်းဖြစ်သည်။

ထိုထိုသော မိတ်ကောင်းဆွေကောင်းများနှင့် အတူတကွတွေ့ဆုံ၍ နီးနော်ဖလှယ်ကြခြင်းမှာ အင်မတန်သင့်မြတ်လျော်ညီသော အခင်းအကျင်းပါပေ။ မိမိတို့နိုင်ငံတော်အကြီးအကဲနှင့်တကွ အခြားသောနိုင်ငံခေါင်းဆောင်များ ယခုကဲ့သို့ စုံညီစွာ စုဝေးရောက်ရှိ၊ တွေ့ဆုံဆွေးနွေးနေကြသည်မှာ "လမ်းတူ၍ လူချင်းတွေ့ကြသည့်ပမာ" မိတ်ကောင်းဆွေကောင်းများနှင့် ခရီးသွားခြင်းဟုပင် ဆိုရပါလိမ့်မည်။ ယနေ့အခါဝယ် ကမ္ဘာနှင့်အဝန်း ဝိရောဓိများကို သဟဇာတဖြစ်အောင်၊ ပဋ္ဌိပက္ခများကို သမူဟဖြစ်အောင် ကြိုးပမ်းနေကြချိန်ဝယ် တီယန်ကျင်းမြို့၏ ညချမ်းချိန်ခါတွင် နိုင်ငံခေါင်းဆောင်ကြီးများ "အတ္တမသန်၊ ရန်မာန်မကြီး၊ အစည်းမပြေ" သောစိတ်ဖြင့် အတူတကွ ညစာသုံးဆောင်နေကြပုံမှာ စည်းလုံးခြင်း၏ ပြယုဂ်၊ ငြိမ်းချမ်းခြင်း၏ သင်္ကေတ၊ တန်းတူညီမျှခြင်း၏ အမှတ်လက္ခဏာဟု ဆိုရမည်ဖြစ်သည်။

၂၀၂၅ ခုနှစ် စက်တင်ဘာလ ၁ ရက်နေ့။ ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့ ထိပ်သီးအစည်းအဝေး (Shanghai Cooperation Organisation– SCO SUMMIT 2025 Plus) ကျင်းပပြုလုပ်ရာ တီယန်ကျင်းမြို့ရှိ Tianjin Meijiang Convention Center ကြီးမှာခမ်းနားထည်ဝါလှသည်။ ခန်းမကြီး၏ မျက်နှာစာစင်မြင့်ထက်တွင် နိုင်ငံတော်ကိုယ်စားပြုအလံများကို အရောင်အသွေးစုံစွာ ညီညီညာညာလွှင့်ထူထားသည်။ ထိပ်သီးအစည်းအဝေးကြီးသို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတ H.E. Mr. Xi Jinping၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်သုံ့ခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်တို့နှင့်အတူ SCO အဖွဲ့ဝင်နိုင်ငံခေါင်းဆောင်များအပါအဝင် လေ့လာသူနိုင်ငံများ၊ ဆွေးနွေးဖက်နိုင်ငံများနှင့် အခြားဖိတ်ကြားထားသည့် နိုင်ငံ ၂၄ နိုင်ငံမှ နိုင်ငံခေါင်းဆောင်များ၊ ကမ္ဘာ့ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် Mr. Antonio Guterres နှင့် နိုင်ငံတကာအဖွဲ့အစည်းများမှ ခေါင်းဆောင်များလည်း ပါဝင်တက်ရောက်ကြသည်။

ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့ (Shanghai Cooperation Organisation– SCO) ကို ဒေသတွင်းတည်ငြိမ်ရေး၊ အကြမ်းဖက်မှုတိုက်ဖျက်ရေး၊ စီးပွားရေး၊ ကုန်သွယ်ရေးနှင့် ယဉ်ကျေးမှုဖလှယ်ရေး စသည့်နယ်ပယ်များတွင် အဖွဲ့ဝင်နိုင်ငံများ အကြား ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်နိုင်ရန် တရုတ်၊ ရုရှား၊ ကာဇက်စတန်၊ ကာဂျစ္စတန်၊ တာဂျစ်ကစ္စတန်နှင့် ဥဇဘေကစ္စတန် နိုင်ငံတို့ဖြင့် ၂၀၀၁ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ခြင်းဖြစ်သည်။ ထို့နောက်တွင် အိန္ဒိယ၊ ပါကစ္စတန်၊ အီရန်နှင့် ဘီလာရုစ်တို့လည်း အဖွဲ့ဝင်နိုင်ငံများအဖြစ် ပါဝင်လာကြသည်။ မြန်မာနိုင်ငံသည် ၂၀၂၃ ခုနှစ်မေလတွင် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့၏ ဆွေးနွေးဖက်နိုင်ငံဖြစ်လာခဲ့ရာ ယခုအခါ မြန်မာအပါအဝင် သီရိလင်္ကာ၊ တူရကီယဲ၊ ကမ္ဘောဒီးယား၊ အဇာဘိုင်ဂျန်၊ နီပေါ၊ အာမေးနီးယား၊ အီဂျစ်၊ ကာတာ၊ ဆော်ဒီအာရေဗျ၊ ဘာရိန်း၊ ကူဝိတ်၊ မော်လ်ဒိုက်၊ ယူအေအီးနိုင်ငံတို့ပါ ပါဝင်သည့် ဆွေးနွေးဖက်နိုင်ငံပေါင်း ၁၄ နိုင်ငံ ရှိလာပြီဖြစ်သည်။

ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့သည် ပထဝီဝင်နှင့် လူဦးရေအရယူရေးရှုန်းဒေသကြီး၏ ၈၀ ရာခိုင်နှုန်းနှင့် ကမ္ဘာ့လူဦးရေ၏ ၄၀ ရာခိုင်နှုန်းခန့်ကို လွှမ်းခြုံနေသည့် ကမ္ဘာ့အကြီးဆုံး ဒေသဆိုင်ရာအဖွဲ့အစည်းကြီးလည်းဖြစ်သည်။ ကမ္ဘာ့ဂျီဒီပီ၏ ၂၀ ရာခိုင်နှုန်းကို ကိုယ်စားပြုနေပြီး အီရန်နိုင်ငံ အဖွဲ့ဝင်နိုင်ငံဖြစ်လာပြီးနောက်တွင် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့က ကမ္ဘာ့ရေနံ အရန် ၂၀ ရာခိုင်နှုန်းနှင့် သဘာဝဓာတ်ငွေ့ ၄၄ ရာခိုင်နှုန်းကို ထိန်းချုပ်ထားသည်။

လက်ရှိကျင်းပနေသော ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့ (SCO) အပေါင်း ထိပ်သီးအစည်းအဝေးသို့ နိုင်ငံပေါင်းစုံမှ ထိပ်သီးခေါင်းဆောင်များ တက်ရောက်လာခြင်းသည် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့၏ များပြားလှသော လုပ်ဆောင်ချက်များကို အမှန်တကယ် စိတ်ပါဝင်စားမှုရှိသည်ဟူသော သက်သေပြမှုတစ်ခုပင်ဖြစ်သည်။ ထို့ပြင် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့ဝင်နိုင်ငံများသည် တစ်နိုင်ငံ၏ သမိုင်းကြောင်းနှင့်မတူကွဲပြားသောလူနေမှုစနစ်များကို အခြားနိုင်ငံများကအစဉ်အားဖြင့် လေးစားမှုရှိကြောင်း ခိုင်မာစွာပြသလျက်ရှိသည်။ နိုင်ငံတကာငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ လုံခြုံရေးနှင့် စီမံခန့်ခွဲရေးတို့ကို တွန်းအားပေးနိုင်ရန် နိုင်ငံအစိုးရအချင်းချင်း ပူးပေါင်းဆောင်ရွက်လျက်ရှိသော ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့ကို ဗဟုဝဝ်ရိုးကမ္ဘာ့အသင်းအကျင်း၏ မဟာဗျူဟာမြောက် အဓိကအဖွဲ့အစည်းအဖြစ်လည်း ရှုမြင်ကြလျက်ရှိသည်။ **စာမျက်နှာ ၂၃ သို့**

စာမျက်နှာ ၂၂ မှအဆက်

အစည်းအဝေးအစတွင်ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့ထိပ်သီးအစည်းအဝေး ဥက္ကဋ္ဌတရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတက အဖွင့်အမှာစကားအဖြစ် ကြိုဆိုနှုတ်ခွန်းဆက်ခြင်းပြုသည်။ ယင်းနောက်တွင် တက်ရောက်လာသည့် နိုင်ငံခေါင်းဆောင်များက အသီးသီးဆွေးနွေးကြသည်။

ထိုသို့နိုင်ငံအလိုက်ဆွေးနွေးပြောကြားရာတွင် နိုင်ငံတော်အကြီးအကဲက မိမိတို့နှင့်လိုက်လျောညီထွေဖြစ်သည့် ဒီမိုကရေစီကျင့်ဝတ်များနှင့်အညီ ရပ်တည်ဆောင်ရွက်နေသော အခြားနိုင်ငံများအပေါ် အင်အားကြီးနိုင်ငံအချို့၏ နိုင်ငံရေး၊ စီးပွားရေး၊ ဘဏ္ဍာရေး၊ စစ်ရေးကဏ္ဍအသီးသီးမှ ဖိအားများကို စုံသုံး၍ အနိုင်ကျင့်နေကြပုံ၊ ယင်းအခြေအနေများကို တုံ့ပြန်နိုင်ရန် SCO အဖွဲ့ကို စီးပွားရေးပေါင်းစည်းမှု၊ ယဉ်ကျေးမှုဖလှယ်မှုနှင့် မဟာဗျူဟာကျသည့် အဖွဲ့အစည်းတစ်ခုအဖြစ်သို့ အသွင်ကူးပြောင်းလာခဲ့ရာမှ လက်ရှိအခြေအနေတွင် အဖွဲ့ဝင်နိုင်ငံများ၊ ဆွေးနွေးဖက်နိုင်ငံများနှင့်လေ့လာသူ အဆင့်နိုင်ငံများအကြား ကဏ္ဍစုံပူးပေါင်းဆောင်ရွက်ရေး Platform တစ်ခုအဖြစ်သို့ပင် ရောက်ရှိလာပြီး ကမ္ဘာလုံးဆိုင်ရာစိန်ခေါ်မှုများကို ရင်ဆိုင်တုံ့ပြန်လျက်ရှိပါကြောင်း ထည့်သွင်းဆွေးနွေးသည်။

အကြီးအကဲ၏ ဆွေးနွေးမှုမှာ တစ်ယောက်အားဖြင့် ယူသော်မရ၊ အများအားဖြင့် ယူသော်ရမည်ဟု ညွှန်းဆိုခြင်းပင်ဖြစ်သည်။ သဘောထားမမှန်သော အင်အားကြီးနိုင်ငံအချို့၏ နည်းလမ်းမကျသည့် ဖိအားပေးမှုများကို နည်းမှန်လမ်းမှန် တုံ့ပြန်ဆောင်ရွက်နိုင်ရန်အတွက် ရည်ရွယ်ချက်တူ ဆန္ဒချင်းတူသည့်နိုင်ငံများ အချင်းချင်း ဖေးမကူညီလက်တွဲကာ စည်းလုံးခြင်း၏တန်ဖိုးကို ပြသနိုင်သည့် အပြုသဘောဆောင်သော ဆွေးနွေးချက်ပင်ဖြစ်သည်။ အကြီးအကဲ၏စာနာနားလည်မှုနှင့်စေတနာတရားကို လှစ်ဟပြသည့်ဆွေးနွေးချက်ဟုလည်း ထင်မြင်မိသည်။

ဒုတိယကမ္ဘာစစ်အပြီး စစ်အေးကာလတွင် ဒွိဝင်ရိုးကမ္ဘာ (Bipolar World) နှင့် စစ်အေးကာလပြီးဆုံးချိန်တွင် ဧကဝင်ရိုးကမ္ဘာ(Unipolar World) အခင်းအကျင်းများ ပေါ်ပေါက်ခဲ့သည်။ ၎င်းကာလများအတွင်း အနောက်အုပ်စုကပင် ဦးဆောင်ခြယ်လှယ်ခဲ့ပြီး နှစ်ပေါင်း ၈၀ ခန့်အကြာ မျက်မှောက်ကာလတွင်မူ နိုဂုံးချုပ်ခဲ့ပြီဖြစ်သည်။ ယနေ့ကမ္ဘာကြီးသည်နိုင်ငံကြီးတစ်နိုင်ငံနှင့်၎င်း၏ နောက်လိုက်တစ်စုက ကမ္ဘာ့အစီအစဉ်ကြီးကို လိုသလိုကြိုးကိုင်ခြယ်လှယ်သည့် အခြေအနေမှ လွန်မြောက်ခဲ့ပြီဖြစ်သည်။ ဘရာဇီး၊ ရုရှား၊ အိန္ဒိယ၊ တရုတ်နှင့် တောင်အာဖရိကနိုင်ငံတို့ပူးပေါင်း၍ တည်ထောင်ခဲ့သော ထွန်းသစ်စစီးပွားရေးနိုင်ငံများ အုပ်စု BRICS က ကမ္ဘာ့အစီအစဉ်ကြီးတွင် နှစ်ပေါင်းများစွာအနောက်အုပ်စုကကြီးစိုးခဲ့သည့်အစဉ်အလာကို စိန်ခေါ်နေပြီဖြစ်သလို ယခုထိယီးအစည်းအဝေး ကျင်းပနေသည့် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့ကြီးမှာလည်း ကမ္ဘာ့လုံခြုံရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့တွင် ရှေ့သို့လှမ်းချီလာပြီဖြစ်ပြီး ဗဟုဝင်ရိုးကမ္ဘာ(Multipolar World) အခင်းအကျင်းမှာ ပိုမိုထင်ရှားလာခဲ့ပြီဖြစ်သည်။

မြန်မာနိုင်ငံသည် ၂၀၂၃ ခုနှစ် မေလတွင် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့၏ ဆွေးနွေးဖက်နိုင်ငံဖြစ်လာသည့်အချိန်မှစ၍ ယင်းအဖွဲ့က ဦးဆောင်ကျင်းပခဲ့သည့် အစည်းအဝေးများတွင် တက်ကြွစွာပါဝင်ဆောင်ရွက်လျက်ရှိသည်။ နိုင်ငံတော်အကြီးအကဲက ဆက်လက်၍လည်း မြန်မာနိုင်ငံအနေဖြင့် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့(SCO)၏ အဖွဲ့ဝင်နိုင်ငံဖြစ်လာစေရေး ထောက်ခံပေးနိုင်ပါရန် ဆွေးနွေးဖက်နိုင်ငံများထံသို့အလေးအနက်ထား မေတ္တာရပ်ခံခဲ့သည်။

နေရိပ်အလာကို နေအပူကစောင့်နိုင်ရမည်။ လိုလျှင်ကြံဆ နည်းလမ်းရနိုင်ရမည်ဖြစ်သည်။ ထင်ရှားသော တရုတ်စကားပုံတစ်ခုမှာ "ခြေလှမ်းတစ်သောင်းသွားလိုလျှင် ခြေတစ်လှမ်းကအစပြုပါ" ဟူ၍ဖြစ်သည်။ နိုင်ငံတော်အကြီးအကဲ၏ အမြော်အမြင်ကြီးမားသော ဆွေးနွေးမှုများနှင့်သံတမန်ရေးရာဆောင်ရွက်မှုများမှာ အမိနိုင်ငံတော်အတွက် ရွေ့ပြည်တစ်ခေတ် ထွန်းသစ်နိုင်စေရန် အခြေခံအုတ်မြစ်ကောင်းများကို ခိုင်ခိုင်မာမာထုဆစ်နေခြင်းပင်ဖြစ်သည်။

အကြီးအကဲ၏ ဆက်လက်ဆွေးနွေးမှုတွင် အမိမြန်မာပြည်အတွက် ဂုဏ်ယူဝင့်ကြွားဟန်ကို ပိုမိုမြင်တွေ့ရသည်။

အာဆီယံအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်သည့် မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကို အခြေခံသည့်နိုင်ငံတစ်ခုဖြစ်ပြီး ပထဝီနိုင်ငံရေးအရ အချက်အချာကျသည့်နေရာတွင် တည်ရှိလျက်ရှိသည့်အပြင် ကောင်းမွန်မျှတသော အပူပိုင်းဒေသရာသီဥတုရှိသည့်အတွက် မြန်မာ့စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်မှုသည်စိုက်ပျိုးမွေးမြူရေးအခြေခံစက်မှုဖွံ့ဖြိုးတိုးတက်မှုဆီသို့ ဦးတည်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း ဆွေးနွေးသည်။ သည့်အတွက် စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုအခွင့်အလမ်းကောင်းများစွာရှိပါကြောင်းကိုလည်း ဆွေးနွေးဖက်နိုင်ငံများသို့ တစ်ပါတည်းသတင်းစကားပေးပို့သည်။

လက်ရှိအမိမြန်မာနိုင်ငံသည်စိုက်ပျိုးရေးကိုအခြေခံသည့် စျေးကွက်စီးပွားရေးစနစ်ဖြင့် ရှေ့သို့လှမ်းချီလျက်ရှိသည်။ တစ်နိုင်ငံလုံးတွင်လယ်၊ ယာ၊ ကိုင်း၊ ကျွန်း အစရှိသည့် စိုက်ပျိုးမြေ စုစုပေါင်းမှာ ဧက ၃၃ သန်းကျော်အထိရှိပြီး ၎င်းစိုက်ပျိုးမြေများတွင် စပါး၊ ပြောင်း၊ နှမ်း၊ ပဲ စသည့် သီးနှံများကို အဓိကထားစိုက်ပျိုးလျက်ရှိသည်။ အခြားသီးနှံမျိုးစုံကို စိုက်ပျိုးလျက်ရှိသည့်အပြင် စက်မှုကုန်ကြမ်းသီးနှံများဖြစ်သည့် ကြံ၊ ဝါ အစရှိသည့် သီးနှံမျိုးစုံတို့ကိုအောင်မြင်စွာ စိုက်ပျိုးထုတ်လုပ်လျက်ရှိသည်။

မြန်မာနိုင်ငံအနေဖြင့် စိုက်ပျိုးရေးလုပ်ငန်းစဉ်များအပေါ် မည်မျှအလေးအနက်ထားသည်ကို အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်တွင် "နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး" ဟူသောအချက်ကို အတိအလင်းထည့်သွင်းထားသည်ကို ထောက်ချင့်၍ သိနိုင်သည်။

ထိုပြင်နိုင်ငံတော်အကြီးအကဲသည်ရေနံနှင့်သဘာဝဓာတ်ငွေ့ထုတ်လုပ်မှုအပါအဝင် စွမ်းအင်စီမံကိန်းများ၊ စားနပ်ရိက္ခာဖူလုံမှုနှင့် စွမ်းအင်လုံခြုံရေးတို့အတွက် အရင်းအမြစ်များဖြစ်သည့် စိုက်ပျိုးရေး၊ စက်မှုလက်မှုနှင့် စွမ်းအင်ကဏ္ဍဆိုင်ရာတို့ကိုလည်း ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးသည်။

နိုဂုံးချုပ်အပိုင်းတွင်တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတကြီး Mr. Xi Jinping တင်သွင်းသည့် လက်တွေ့အခြေအနေများနှင့် ထင်ဟပ်လျက်ရှိသော ကမ္ဘာလုံးဆိုင်ရာအုပ်ချုပ်မှုပဏာမအဆိုပြုချက် (Global Governance Initiative(GGI) (၅)ချက်ကို အပြည့်အဝယုံကြည်ကြောင်းနှင့် ထောက်ခံပါကြောင်းကို နိုင်ငံတော်အကြီးအကဲက အလေးအနက်ထားဆွေးနွေးခဲ့သည်။

တရုတ်-မြန်မာ ချစ်ကြည်ရေးသည် လွန်ခဲ့သောနှစ်ပေါင်း ၂၀၀၀ ကျော်ကတည်းက ကုန်သွယ်ရေး၊ ယဉ်ကျေးမှုနှင့်နိုင်ငံရေး ဆက်ဆံရေးအစရှိသည့် ရှည်လျားသော သမိုင်းကြောင်းနှင့်အတူ ရပ်တည်လာခဲ့ကြသည်။ ဆက်လက်၍လည်း ပစ္စည်ပွန်ကာလ၊ အနာဂတ်ကာလတို့တွင်လည်း သူ့နိုင်ငံသူ့အရေးကလည်း ကိုယ့်နိုင်ငံ ကိုယ့်အရေးသဖွယ်၊ ကိုယ့်နိုင်ငံ ကိုယ့်အရေးကိုလည်း သူ့နိုင်ငံသူ့အရေးသို့ရှေးရှုစာနာထောက်ကူ ဖေးမခဲ့ကြသည့် မိတ်ဆွေကောင်းမိတ်ဆွေ ဟောင်း အိမ်နီးချင်းမိတ်ဆွေကောင်း နိုင်ငံများအဖြစ် နှစ်နိုင်ငံကုန်သွယ်ရေး၊ ယဉ်ကျေးမှု၊ လူမှုရေးစီမံကိန်းများ၊ နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုများ၊ ဒေသတွင်း တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များတွင် လက်တွဲညီညီဆောင်ရွက်ရင်း ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူကြီး(၅)ရပ်ကို အခြေခံကာ တရုတ်-မြန်မာဆွေမျိုးပေါက်ဖော်ချစ်ကြည်ရင်းနှီးမှုများကို ထိန်းသိမ်းတိုးမြှင့်ဆောင်ရွက်သွားကြရမည်မှာ မလွဲဧကန်ပင်ဖြစ်သည်။

ထိုနည်းတူပင် ဒေသတွင်းငြိမ်းချမ်းရေး၊ တည်ငြိမ်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် သာယာဝပြောရေးတို့အတွက် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့ (SCO)အဖွဲ့ဝင်နိုင်ငံများနှင့်လည်း လက်တွဲညီညီပူးပေါင်းဆောင်ရွက်သွားရမည်ဖြစ်သည်။

အနှစ်ချုပ်၍ဆိုရလျှင် ယခုကျင်းပသည့် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့(SCO) အပေါင်း ထိပ်သီးအစည်းအဝေးသို့ နိုင်ငံ့ခေါင်းဆောင်များ စုံညီစွာတက်ရောက်လာမှုအတွက် ဥရောပ-အာရှဒေသ၏ မျှော်မှန်းချက်များကို ခိုင်မြဲသောစည်းလုံးညီညွတ်မှု၊ ပူးပေါင်းညှိနှိုင်းမှုများဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နိုင်တော့မည်ဖြစ်သည်။

နိုင်ငံတော်အကြီးအကဲသည် အမိနိုင်ငံတော်အတွက် ပြင်းပြသောစိတ်ဆန္ဒနှင့် ထက်သန်သော စေတနာတရားတို့က ဦးဆောင်နေသဖြင့် လုပ်ငန်းတာဝန်များကို မမောနိုင်မပန်းနိုင် ဇယ်စက်သလို အားကြိုးမာန်တက် ဆောင်ရွက်နေသည်။ အစည်းအဝေးကြီးမစတင်မီမှာပင် မလေးရှားနိုင်ငံဝန်ကြီးချုပ်၊ မွန်ဂိုလီးယားနိုင်ငံသမ္မတ၊ နီပေါနိုင်ငံဝန်ကြီးချုပ်၊ အာဆီယံအတွင်းရေးမှူးချုပ်၊ ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ချုပ်အတွင်းရေးမှူးချုပ်၊ ပါကစ္စတန်ဝန်ကြီးချုပ်နှင့် အခမ်းအနားသို့တက်ရောက်လာကြသည့်နိုင်ငံများမှခေါင်းဆောင်များနှင့် သီးခြားစီတွေ့ဆုံပြီး နိုင်ငံအလိုက် နှစ်နိုင်ငံအကြား ချစ်ကြည်ရေးနှင့်ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးဆိုင်ရာကိစ္စရပ်များကို ရင်းရင်းနှီးနှီးဆွေးနွေးခဲ့သည်။

နိုင်ငံတော်အကြီးအကဲမှာ မောသည်ပန်းသည်မရှိ၊ တွေ့ဆုံဆွေးနွေးမှုများကို တစ်ပွဲပြီးတစ်ပွဲ အားကြိုးမာန်တက် ဆောင်ရွက်လျက်ရှိသည်။ ဆွေးနွေးပွဲများ တစ်လျှောက်လုံးတွင် အကြီးအကဲ၏ တည်ကြည်သောစိတ်ဆန္ဒ၊ စွဲမြဲသော သန္ဓိဋ္ဌာန်စိတ်နှင့် တိုင်းပြည်အပေါ်ထားရှိသောစေတနာတို့ကို အထင်းသားမြင်ရသည်။ ပူးပေါင်းဆောင်ရွက်သွားမည့် နယ်ယမ်များအလိုက်ပြန်လည်ဆွေးနွေးချက်များတွင်လည်း မြန်မာ့အမျိုးသားအကျိုးစီးပွားကိုဦးတည်သည့် ဆွေးနွေးချက်များသာဖြစ်ရာ အပြုသဘောဆောင်သော တိုးတက်ဖြစ်ထွန်းမှုမှန်သမျှတို့မှာ အခြေပိုင်ရန်တစ်ခေတ် မဆုတ်မနစ်တရားဖြင့် ရွှေနိုင်ငံသစ်အုတ်မြစ်များပင်ဖြစ်ပါကြောင်း ဂုဏ်ယူဝမ်းမြောက်စွာ ဖော်ညွှန်းရေးသားလိုက်ရပါသည်။ ။

အသက်ရှူလမ်းကြောင်းဆိုင်ရာ ကူးစက်ရောဂါများဖြစ်သည့် ရာသီတုပ်ကွေးနှင့် ကိုဗစ်-၁၉ ရောဂါများ ကြိုတင်ကာကွယ်ရေးသတိပေးနှိုးဆော်ချက်

မိုးရာသီတွင် ရာသီတုပ်ကွေးရောဂါနှင့် ကိုဗစ်-၁၉ ရောဂါစသည့် အသကရှူလမ်းကြောင်းဆိုင်ရာ ကူးစက်ရောဂါများ ပိုမိုကူးစက်ဖြစ်ပွားနိုင်ပါသည်။ ကိုဗစ်-၁၉ ရောဂါကို ကမ္ဘာ့ကပ်ရောဂါအဖြစ်သတ်မှတ်ထားခြင်းမရှိတော့ဘဲ ရာသီတုပ်ကွေးရောဂါကဲ့သို့ ဒေသတွင်း ပုံမှန်ကူးစက်ဖြစ်ပွားတတ်သည့် ရောဂါအဖြစ်သာသတ်မှတ်ထားပါသည်။ လတ်တလောတွင် မိမိတို့နိုင်ငံအတွင်း၌ အဆိုပါရောဂါများ ကူးစက်ဖြစ်ပွား၊ သေဆုံးမှုနှင့်စပ်လျဉ်း၍ စိုးရိမ်ဖွယ်ရာအခြေအနေမရှိသော်လည်း အဆိုပါရောဂါများ ဖြစ်ပွားမှုမှ ကြိုတင်ကာကွယ်နိုင်ရန် ပြည်သူလူထုအနေဖြင့် အောက်ပါတို့ကို သတိပြုလိုက်နာဆောင်ရွက်ကြရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

❖ လတ်တလောအသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါလက္ခဏာများဖြစ်သော ဖျားခြင်း၊ နှာစေးခြင်း၊ နှာချေခြင်း၊ ချောင်းဆိုးခြင်း၊ လည်ပင်းနာခြင်း စသည့်လက္ခဏာများရှိသူများအနေဖြင့် မိမိမှအခြားသူများသို့ ကူးစက်မှုမရှိစေရေးအတွက်-

(က) လူထူထပ်သောနေရာများသို့သွားခြင်းမှ ရှောင်ကြဉ်ခြင်းနှင့် မဖြစ်မနေသွားရောက်ရန်ရှိပါက ပါးစပ်နှင့် နှာခေါင်းစည်း(Mask)ကို စနစ်တကျဝတ်ဆင်ခြင်း၊

(ခ) ပါးစပ်နှင့် နှာခေါင်းစည်းဝတ်ဆင်ထားခြင်းမရှိချိန်၌ နှာချေ၊ ချောင်းဆိုပါက လက်ကိုင်ပဝါ၊ တံတောင်ကွေးဖြင့် လုံအောင်အုပ်၍ နှာချေ၊ ချောင်းဆိုးခြင်း၊

(ဂ) ရောဂါလက္ခဏာပြင်းထန်ပါက နီးစပ်ရာဆေးရုံ၊ ကျန်းမာရေးဌာနသို့ ချက်ချင်းပြေး၍ ဆေးကုသမှုခံယူခြင်း။

❖ တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများဖြစ်သည့် လက်ကိုရေနှင့်ဆပ်ပြာ သို့မဟုတ် ရေမလိုလက်သန့်စင်ဆေးရည် (Hand Sanitizer)ဖြင့် မကြာခဏစနစ်တကျဆေးကြောခြင်း၊

❖ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများသည် ကိုဗစ်-၁၉ ရောဂါ မျိုးရိုးဗီဇကွဲများ ကူးစက်ဖြစ်ပွားခြင်းနှင့် ရောဂါလက္ခဏာပြင်းထန်မှုနှင့်အသက်ဆုံးရှုံးမှုတို့မှ ထိရောက်စွာကာကွယ်ပေးသည့်အတွက် ရောဂါကူးစက်ခံရပါက ရောဂါပြင်းထန်နိုင်ခြေနှင့်အသက်ဆုံးရှုံးနိုင်ခြေမြင့်မားသည့် အသက်အရွယ်ကြီးသူများ၊ ဆီးချိုရောဂါ၊ နာတာရှည်အဆုတ်ရောဂါ၊ ကင်ဆာရောဂါရှိသူများ၊ ကိုယ်ဝန်ဆောင်မိခင်များအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ထပ်ဆောင်းကာကွယ်ဆေးထိုးနှံမှုခံယူခြင်း။

ကျန်းမာရေးဝန်ကြီးဌာန

မြစ်ကြီးနားမြို့ရှိ သံဃာတော်များအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

သံဃာတော်များအား မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

နေပြည်တော် စက်တင်ဘာ ၄

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိ သံဃာတော်များအား ယနေ့နံနက်ပိုင်းတွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က အံတောရှင်တောင်တန်းသာသနာပြု(ဗဟို) ကျောင်းတိုက်၌အခြေပြု၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် ၃၈ ပါးတို့ကို ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အရိုးအကြောရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့်ကျန်မာရေးစစ်ဆေးကုသပေးခြင်း၊ ECG စက်ဖြင့် နလုံးစမ်းသပ်စစ်ဆေးပေးခြင်းနှင့် ဓာတ်မှန်ရိုက်၍ ရောဂါရှာဖွေပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန်လိုအပ်သည့် သံဃာတော်များကို နယ်မြေခံတပ်မတော်ဆေးရုံသို့တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး အံတောရှင်တောင်တန်းသာသနာပြု(ဗဟို)ကျောင်းတိုက်ဆရာတော်အမှူးပြုသော သံဃာတော်များအား လျှုဖွယ်ပစ္စည်းများနှင့် နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)

စစ်တွေမြို့ရှိ တပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသမှုခံယူနေသူများကို ကြည့်ရှုအားပေး

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း စစ်တွေမြို့ရှိ တပ်မတော်ဆေးရုံအတွက် အလှူငွေနှင့် စားသောက်ဖွယ်ရာများ ပေးအပ်လှူဒါန်းစဉ်။

နေပြည်တော် စက်တင်ဘာ ၄

ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ တပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသော အရာရှိ၊ စစ်သည်များနှင့် မိသားစုဝင်များကို ယနေ့နံနက်ပိုင်းတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ကျော်စွာဦး၊ ပြည်နယ်ဝန်ကြီးများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ တာဝန်ရှိသူများကသွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ရောဂါဖြစ်ပွားမှုများ၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများကို ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကားပြောကြားပြီး အာဟာရဖြည့် စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့်တာဝန်ရှိသူများသည် ဆေးရုံအတွက် အလှူငွေများလှူဒါန်းပြီး စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်း ပြေးခုန်ပစ်ပြိုင်ပွဲတွင် ကျိုင်းတုံတပ်နယ်ကိုယ်စားပြုအသင်းက ဒိုင်းဆုရရှိ

နေပြည်တော် စက်တင်ဘာ ၄

၂၀၂၅ ခုနှစ် တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်း ပြေးခုန်ပစ်ပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက် တပ်နယ် တပ်ရင်း၊ တပ်ဖွဲ့များမှ ပြိုင်ပွဲဝင် အသင်း ၁၂ သင်းဖြင့် သြဂုတ် ၂၉ ရက်မှ စတင်ကျင်းပပြုလုပ်လျက်ရှိရာ ယနေ့ ယှဉ်ပြိုင်ကစားသည့် ဗိုလ်လုပွဲ ပွဲစဉ်တွင် ကျိုင်းတုံတပ်နယ်ကိုယ်စားပြုအသင်းက ဒိုင်းဆုရရှိခဲ့ကြောင်း သိရသည်။

တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်း ပြေးခုန်ပစ်ပြိုင်ပွဲတွင် ပြိုင်ပွဲဝင် အားကစားသမားများ ယှဉ်ပြိုင်ကစားနေမှုကို တွေ့ရစဉ်။

အဆိုပါ တိုင်းမှူးဒိုင်း ဗိုလ်လုပွဲနှင့် ဆုပေးပွဲကို စက်တင်ဘာ ၃ ရက် ညနေပိုင်းတွင် တိုင်းစစ်ဌာနချုပ်အားကစားကွင်း၌ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်စိုးလှိုင်နှင့်တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အားကစားသမားများ၊ ဖိတ်ကြားထားသူများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြပြီး ဗိုလ်လုပွဲ ပွဲစဉ်များ ယှဉ်ပြိုင်ကစားမှုများကို ကြည့်ရှုအားပေးကြသည်။

ထို့နောက်ဆုပေးပွဲကို ဆက်လက်ပြုလုပ်ရာ တစ်ဦးချင်းအကောင်းဆုံးဆုရရှိကြသူများ၊ အသင်းလိုက်ဆုရရှိကြသူများ၊ ဒိုင်အဖွဲ့ဝင်များနှင့် ဒိုင်းဆုရရှိသော ကျိုင်းတုံတပ်နယ် ကိုယ်စားပြုအသင်းတို့ကို တိုင်းမှူးနှင့် တာဝန်ရှိသူများက ဒိုင်းဆုနှင့်ဂုဏ်ပြုဆုများ အသီးသီး ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)

ထူးခြားသည့် နေ့အပူချိန်များ

၄ - ၉ - ၂၀၂၅

မုံရွာ	၃၇	ဒသမ	၈	ဒီဂရီဆဲလ်စီးယပ်
မြင်းမူ	၃၇	ဒသမ	၅	ဒီဂရီဆဲလ်စီးယပ်
ဟုမ္မလင်း	၃၆	ဒသမ	၅	ဒီဂရီဆဲလ်စီးယပ်
ဆင်ဖြူကျွန်း	၃၆	ဒသမ	၁	ဒီဂရီဆဲလ်စီးယပ်
စစ်ကိုင်း	၃၅	ဒသမ	၇	ဒီဂရီဆဲလ်စီးယပ်
ကလေးဝ	၃၅	ဒသမ	၆	ဒီဂရီဆဲလ်စီးယပ်
မန္တလေး	၃၅	ဒသမ	၅	ဒီဂရီဆဲလ်စီးယပ်
တောင်ငူ	၃၅	ဒသမ	၂	ဒီဂရီဆဲလ်စီးယပ်
မင်းကင်း	၃၅	ဒသမ	၂	ဒီဂရီဆဲလ်စီးယပ်
မြစ်ကြီးနား	၃၅	ဒသမ	၂	ဒီဂရီဆဲလ်စီးယပ်

အားကောင်းသောလေဖိအားနည်းရပ်ဝန်း တဖြည်းဖြည်း အားလျော့သွားမည်

နေပြည်တော် စက်တင်ဘာ ၄

ယနေ့နံနက် ၅ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်း (အိန္ဒိယနိုင်ငံ သြရိသပြည်နယ်မြောက်ပိုင်းကမ်းလွန်) တွင် ဖြစ်ပေါ်ခဲ့သော အားကောင်းသော လေဖိအားနည်းရပ်ဝန်း(Well Marked Low Pressure Area) သည် အနောက်-အနောက်မြောက်ဘက်သို့ ရွှေ့လျားခဲ့ပြီး အိန္ဒိယနိုင်ငံ သြရိသပြည်နယ်မြောက်ပိုင်း ကုန်းတွင်းပိုင်းသို့ ရောက်ရှိခဲ့သည်။

အဆိုပါ အားကောင်းသောလေဖိအားနည်းရပ်ဝန်းသည် အနောက်-အနောက်မြောက်ဘက်သို့ ရွှေ့လျားနိုင်ပြီး နောက် ၂၄ နာရီအတွင်း အိန္ဒိယနိုင်ငံ သြရိသပြည်နယ်မြောက်ပိုင်း ယင်းနှင့်ဆက်စပ်လျက်ရှိသော ဂျက်ခမ်းပြည်နယ်နှင့် ချက်တစ်ဂတ်ပြည်နယ် မြောက်ပိုင်းတို့ကို ဖြတ်ကျော်နိုင်ပြီး လေဖိအားနည်းရပ်ဝန်း အဖြစ်သို့ တဖြည်းဖြည်း အားလျော့သွားမည်ဟုခန့်မှန်းရသည်။ (မိုး/ဇလ)

ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

၁။	ကာကွယ်ရေးဝန်ကြီးဌာန	(https://www.mod.gov.mm)
၂။	ဥပဒေရေးရာဝန်ကြီးဌာန	(https://www.mlis.gov.mm)
၃။	ပြန်ကြားရေးဝန်ကြီးဌာန	(https://www.moi.gov.mm)
၄။	Myawady Webportal	(https://myawady.net.mm)
၅။	Myanmar National Portal	(https://myanmar.gov.mm)

၂၀၂၅ ခုနှစ် စက်တင်ဘာ ၄ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ တစ်ကျပ်သား(၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၅၉၅၀၀၀၀ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

စပိန်နိုင်ငံတနရီဖ်မီးတောင်ပေါက်ကွဲမှုဖြစ်ပွားခဲ့ပြီးနောက် ဘေးကင်းမှု ဇာတ်တိုက်လေ့ကျင့်ရေးပြုလုပ်သွားမည်ဟု စပိန်အစိုးရထုတ်ပြန်

မက်ဒရစ် စက်တင်ဘာ ၄

စပိန်နိုင်ငံတနရီဖ် ကျွန်းဆွယ်ရှိ တနရီဖ်မီးတောင်ပေါက်ကွဲမှု ဖြစ်ပွားခဲ့ပြီးနောက် ဘေးကင်းစွာဖြင့် ဘေးလွတ်ရာ ရွှေ့ပြောင်းနိုင်ရေးအတွက် ဇာတ်တိုက်လေ့ကျင့်ရေးအစီစဉ်များကို စက်တင်ဘာ ၂၂ ရက်မှ ၂၆ ရက်အတွင်း ပြုလုပ်သွားမည်ဖြစ်ကြောင်း စပိန်အစိုးရက ထုတ်ပြန်သွားခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားကြောင်း သိရသည်။

အဆိုပါ ဇာတ်တိုက်လေ့ကျင့်မှုသည် စပိန်နိုင်ငံသမိုင်းတစ်လျှောက် အင်အားအများဆုံး ပါဝင်သည့် လေ့ကျင့်မှုတစ်ရပ်ဖြစ်လာမည်ဖြစ်ကြောင်း၊ ဇာတ်တိုက်လေ့ကျင့်မှု ပြုလုပ်မည့်ရက်များအတွင်း တနရီဖ်ကျွန်းရှိ ပြည်သူများထံ မီးတောင်အန္တရာယ် သတိပေးချက်ပေးပို့ပြီး ဘေးလွတ်ရာ ရွှေ့ပြောင်းမှု လေ့ကျင့်ရေး အစီစဉ်ကို စတင်မည်ဖြစ်ကြောင်း၊ အရေးပေါ် စီမံခန့်ခွဲရေးအဖွဲ့အစည်းများ၊ တပ်မတော်သားများ၊ သိပ္ပံပညာရှင်များ၊ ကြက်ခြေနီအသင်းနှင့် သက်ဆိုင်ရာနယ်မြေခံ အာဏာပိုင်အဖွဲ့အစည်းများက ပူးပေါင်းကာ ဇာတ်တိုက်လေ့ကျင့်မှုကို ဦးဆောင်သွားမည်ဖြစ်ကြောင်း စပိန်အစိုးရက ထုတ်ပြန်သွားခဲ့သည်။

စပိန်နိုင်ငံ တနရီဖ်ကျွန်းရှိ တနရီဖ်မီးတောင်သည် ပြီးခဲ့သော သြဂုတ် ၂၈ ရက်က ပေါက်ကွဲမှုဖြစ်ပွားခဲ့ပြီး ချော်ရည်များ စီးကျမှုကြောင့် အနီးပတ်ဝန်းကျင်တွင် တောမီးလောင်ကျွမ်းမှုများ ဖြစ်ပေါ်ခဲ့ကြောင်း တိုင်ဒီတောင်တွင် အသေးစား မြေငလျင်လှုပ်ခတ်မှု ဖြစ်ပွားခဲ့ပြီးနောက် တနရီဖ်မီး တောင်ပေါက်ကွဲမှု ဖြစ်စဉ်ဖြစ်ပွားခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

Ref : Sputnik News

Trs : Sai Sat

ရာသီဥတုဖောက်ပြန်မှုတိုက်ဖျက်ရေးအတွက် ငွေကြေးထောက်ပံ့မှု ဖြတ်တောက်မည့်အစီအစဉ်ကို အယူခံတရားရုံးချုပ်ခွင့်ပြု

ဝါရှင်တန် စက်တင်ဘာ ၄

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်သည် ဘတ်ဂျက်သုံးစွဲမှုကို လျှော့ချနိုင်ရေးအတွက် EPA က အယူခံတရားရုံးချုပ်သို့ အယူခံဝင်ခဲ့ရာတွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အစိုးရမဟုတ်သည့် အဖွဲ့အစည်းများကို ငွေကြေးခွဲဝေ ထောက်ပံ့ပေးခြင်း ဖြတ်တောက်မှု အစီအစဉ်ကို ခွင့်ပြုလိုက်ပြီဖြစ်ကြောင်း EPA က ထုတ်ပြန်သွားခဲ့သည်ဟု ယနေ့ သတင်းများတွင် ဖော်ပြထားကြောင်း သိရသည်။

သမ္မတဒေါ်နယ်ထရမ့်၏ လမ်းညွှန်မှုဖြင့် ပြန်လည်ဖွဲ့စည်းထားသည့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အေဂျင်စီ (EPA) မှတစ်ဆင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အစိုးရမဟုတ်သည့် အဖွဲ့အစည်းများအား ငွေကြေးခွဲဝေ ထောက်ပံ့ပေးနေခြင်းကို ဖြတ်တောက်ရန်အတွက် တရားရုံးချုပ်သို့ အဆိုတင်သွင်းသွားခဲ့ရာ တရားရုံးချုပ်က ခွင့်ပြုခဲ့ကြောင်း သိရသည်။

သို့သော်လည်း အဆိုပါဆုံးဖြတ်ချက်နှင့် ပတ်သက်ပြီး အကျိုးအမြတ်မယူသည့် အဖွဲ့အစည်းဖြစ်သည့် Climate Unit-ed ၏ အမှုဆောင်ချုပ်ဖြစ်သည့် ဘက်ဖို့ဒ်က စိတ်ပျက်မိကြောင်း မှတ်ချက်ပြုသွားခဲ့ပြီး ၎င်းတို့အနေဖြင့် သန့်ရှင်းသည့် စွမ်းအင်ကဏ္ဍကို ကူးပြောင်းရေးအတွက် အစိုးရ၏ အထောက်အပံ့ လိုအပ်ကြောင်းလည်း ပြောကြားခဲ့သည်ဟု EPA ကို ဦးဆောင်နေသူ လီဇယ်လ်ဒင်က မှတ်ချက်ပြု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Sputnik News

Trs : Sai Sat

ယမုံနာမြစ်ရေလျှံတက်ကာ ရေကြီးရေလျှံမှုကြောင့် လူနေအိမ်များရေလွှမ်းပြီး ဒေသခံလူငါးဦးထက်မနည်းသေဆုံးခဲ့

နယူးဒေလီ စက်တင်ဘာ ၄

အိန္ဒိယနိုင်ငံတွင် စက်တင်ဘာ ၃ ရက်က ယမုံနာမြစ်ရေလျှံတက်ကာ နယူးဒေလီမြို့၏ ယမုံနာ မြစ်ဝှမ်းတစ်လျှောက်ရှိ လူနေအိမ်ခြေများ ရေလွှမ်းပြီး ဒေသခံလူ ငါးဦးထက်မနည်းသေဆုံးခဲ့ကြောင်း အိန္ဒိယအရေးပေါ် စီမံခန့်ခွဲရေး အဖွဲ့အစည်းက ထုတ်ပြန်သွားခဲ့သည်ဟု ယနေ့ သတင်းများတွင် ဖော်ပြထားသည်။

နယူးဒေလီမြို့ရှိ ယမုံနာမြစ်ဝှမ်းတစ်လျှောက်တွင် နေထိုင်သည့်ဒေသခံများ ဘေးလွတ်ရာ ရွှေ့ပြောင်းခဲ့ရပြီး ရေကြီးရေလျှံမှု အရေးပေါ် အခြေအနေသတ်မှတ်ကြောင်း၊ ယမုံနာမြစ်ရေလျှံတက်ပြီး ရေကြီးရေလျှံမှုကြောင့် လမ်းတံတားများ ပျက်စီးကာ ဂျမ်မူး-ဟီမာချယ်လ်နှင့် အိန္ဒိယနိုင်ငံအတွင်းရှိ ပြည်နယ်များကို ဆက်သွယ်ထားသော လမ်းမကြီးများလည်း ပျက်စီးခဲ့မှုကြောင့် လမ်းပန်းဆက်သွယ်ရေး ပြတ်တောက်နေပြီဖြစ်ကြောင်း အရေးပေါ်စီမံခန့်ခွဲရေးအဖွဲ့အစည်းက ထုတ်ပြန်သွားသည်။

အိန္ဒိယမိုးလေဝသ ညွှန်ကြားရေးဦးစီးဌာန (IMD) ၏ ထုတ်ပြန်ချက်အရ စက်တင်ဘာ ၃ ရက်တွင် မိုးရေချိန်မြင့်မားစွာ မိုးရွာသွန်းခြင်းကြောင့် ဥတ္တရခန်းပြည်နယ်နှင့် ရတ္တရပရာဒေ့ချ်ပြည်နယ်တို့တွင်လည်း ရေကြီးရေလျှံမှု ဖြစ်ပေါ်လာနိုင်ကြောင်း၊ အိန္ဒိယနိုင်ငံတွင် ပြီးခဲ့သည့် သြဂုတ်လအတွင်း ရေကြီးရေလျှံမှုကြောင့် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် သေဆုံးသူ ဦးရေ ၁၃၀ ရှိခဲ့ကြောင်း သိရသည်။

Ref : Russia Today

Trs : Sai Sat

အာဖဂန်နစ္စတန်မြေငလျင်ဒဏ်သင့်ပြည်သူများအတွက် တူရကီယဲနိုင်ငံက လူသားချင်းစာနာထောက်ထားရေး အစီအစဉ်အရ အထောက်အပံ့ပစ္စည်းများပေးပို့

ကာဘူးလ် စက်တင်ဘာ ၄

အာဖဂန်နစ္စတန်နိုင်ငံ ကူနာစီရင်စုတွင် ငလျင်လှုပ်ခတ်မှုဖြစ်ပွားခဲ့ပြီး မြေငလျင်ဒဏ်သင့်ပြည်သူများကို ကူညီပေးရေးအတွက် တူရကီယဲနိုင်ငံက လူသားချင်းစာနာ ထောက်ထားမှုအစီအစဉ်အရ စက်တင်ဘာ ၃ ရက်တွင် အထောက်အပံ့ပစ္စည်းများ ပေးပို့ခဲ့ကြောင်း တူရကီယဲ ကာကွယ်ရေး ဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်ဟု ယနေ့ သတင်းများတွင် ဖော်ပြထားသည်။

မြေငလျင်ဒဏ်သင့် ပြည်သူများအတွက် လိုအပ်သော အထောက်အပံ့ ပစ္စည်းများကို တူရကီယဲနိုင်ငံ Disaster and Emergency Management Authority အဖွဲ့အစည်းနှင့် Turkish Red Crescent အဖွဲ့အစည်းတို့က ပူးပေါင်း စီစဉ်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ အထောက်အပံ့ပစ္စည်းများ တင်ဆောင်ထားသည့် A400M လေယာဉ် ကေစီရီလေဆိပ်ကနေ ထွက်ခွာသွားပြီဖြစ်ကြောင်း တူရကီယဲ ကာကွယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်ကြေညာခဲ့သည်။

"မြေငလျင်ဒဏ်သင့် ဒေသခံတွေဟာ နေရပ်ကို စွန့်ခွာဖို့ ငြင်းဆန်နေကြပါတယ်။ ဘာလို့လဲဆိုတော့ သူတို့ချစ်မြတ်နိုးတဲ့ မိသားစုဝင်တွေ အဆောက်အအုံပျက်အောက်မှာ ရှိနေသေးတဲ့အတွက် အနားကနေမခွာပဲ ရှိနေကြပါတယ်" ဟု အာဖဂန်နစ္စတန်နိုင်ငံဆိုင်ရာ ကုလသမဂ္ဂ လူသားချင်း စာနာထောက်ထားရေးသံတမန်ဖြစ်သူ အင်ဒီရီကာက ပြောကြားသွားခဲ့သည်။

Ref : Russia Today

Trs : Sai Sat

လိုရီနာအပူပိုင်းမုန်တိုင်း ဘာဂျာကာလီဖိုးနီးယားကျွန်းဆွယ်မြောက်ဘက်ပိုင်း ရောက်ရှိနေပြီး လေတိုက်နှုန်းမြင့်တက်နေ

မက္ကဆီကိုစီးတီး စက်တင်ဘာ ၄

မက္ကဆီကိုနိုင်ငံ ပစိဖိတ်ကမ်းခြေဘက်ပိုင်းမှ အစပျိုးလာသည့် လိုရီနာ အပူပိုင်းမုန်တိုင်းသည် စက်တင်ဘာ ၃ ရက်တွင် မက္ကဆီကိုနိုင်ငံ ဘာဂျာကာလီဖိုးနီးယားကျွန်းဆွယ် မြောက်ဘက်ပိုင်းသို့ ရောက်ရှိနေပြီဖြစ်ပြီး လေတိုက်နှုန်းမြင့်တက်နေကြောင်း နေရှင်နယ် မိုးလေဝသစင်တာ(NHC) က ထုတ်ပြန်သွားခဲ့သည်ဟု ယနေ့ သတင်းများတွင် ဖော်ပြထားသည်။

မုန်တိုင်းသည် ဘာဂျာကာလီဖိုးနီးယား ကျွန်းဆွယ်ကို ဦးတည်၍ တိုက်ခတ်နေခြင်းဖြစ်ပြီး မုန်တိုင်းကြောင့် လေတိုက်နှုန်းမှာ တစ်နာရီ ကီလိုမီတာ ၁၂၀ နှုန်းထိ မြင့်တက်နေကြောင်း၊ မုန်တိုင်းကြောင့် ဘာဂျာကာလီဖိုးနီးယား ဆာပြည်နယ်ကိုလည်း မုန်တိုင်းအန္တရာယ် သတိပေးချက် ထုတ်ပြန်ထားပြီး မုန်တိုင်းနှင့် အတူ ရေကြီးရေလျှံမှုလည်း ဖြစ်ပေါ်နိုင်ကြောင်း မက္ကဆီကို အစိုးရက သတိပေးချက် ထုတ်ပြန်ခဲ့သည်။

"လိုရီနာမုန်တိုင်းဟာ ဘာဂျာကာလီဖိုးနီးယား ကျွန်းဆွယ်ကို ဖြတ်သန်း တိုက်ခတ်သွားနိုင်သလို ဘာဂျာကာလီဖိုးနီးယား ကျွန်းဆွယ်ရဲ့တည်နေရာ အပြိုင်သဖွယ်လည်း တိုက်ခတ်သွားနိုင်ပါတယ် " ဟုနေရှင်နယ် မိုးလေဝသစင်တာ (NHC) မှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသွားခဲ့ကြောင်း သိရသည်။

လိုရီနာမုန်တိုင်းသည် ဘာဂျာကာလီဖိုးနီယား ကျွန်းဆွယ်ရှိ ဘာဂျာကာလီဖိုးနီးယား ဆာပြည်နယ်ကို ဗဟိုပြု၍ တိုက်ခတ်သွားမည်ဖြစ်ပြီး ကာဘိုဆန်လူး ကပ်စ်ကမ်းခြေဒေသသို့ မုန်တိုင်းဝင်ရောက်လာပါက အန္တရာယ်ရှိနိုင်၍ ပြင်ဆင်မှုများ ပြုလုပ်ထားရန်လည်း မက္ကဆီကိုအစိုးရက ညွှန်ကြားသွားခဲ့သည်။

Ref : Russia Today

Trs : Sai Sat

မိုက်သောသူများ ထွက်ခဲ့ပြီ

ဆူးသစ်

ကျွန်တော်တို့နှင့် ဆွေမျိုးအရင်းအချာများကဲ့သို့ ရင်းနှီးပြီး အတူနေခဲ့ရသော မိတ်ဆွေမိသားစုတစ်စု ရှိခဲ့ဖူးသည်။ ထိုမိသားစုမှာ သမီးများသော်လည်း ထူးထူးခြားခြားရှားရှားပါးပါးဆိုရမည့် သားလေးတစ်ယောက်လည်းရှိခဲ့၏။ မိဘများက သမီးများထဲက တစ်ဦးတည်းသောသားမို့ သူတို့သားကို အချစ်ပိုအလိုလိုက်ခဲ့ကြသည်။ မိဘများက ချစ်သလို နှမလေးများကလည်း ချစ်ကြ၏။

အချိန်တန်အရွယ်ရောက်တော့ သူတို့မောင်၊ သူတို့သားသည် အသောက်အစား၊ အပျော်အပါးလေး ဖက်လာ၏။ တစ်စတစ်စပိုဆိုးလာသောအခါ မိဘကို ဆဲရေးတိုင်းထွာတတ်လာ၏။ နှမများလည်း အိမ်ထောင်ကျ၍ သူတို့မောင်ကို ဂရုမစိုက်နိုင်။ ဆဲမှာစိုး၍ ကြောက်သည်လည်းပါသည်။ မိဘများလည်း အသက်ကြီး၍ မသွန်သင်နိုင်ဖြစ်လာသောအခါ သူ့ဘဝကပိုဆိုးလာ၏။ကျောင်းလည်းမနေတော့ပေ။

အမှန်တွင် သူ့မှာအရွယ်ရှိ၏။ ရုပ်ရှိ၏။ လူငယ်ဆိုသောဂုဏ်ပုဒ်ရှိ၏။ အလုပ်တစ်ခုကို သေသေချာချာ သွန်သင်ပြသလျှင် တတ်လွယ်၊ မြင်လွယ်သော အရည်အချင်းလည်းရှိ၏။ စွဲစွဲမြဲမြဲလုပ်တတ်သော အကျင့်လည်းရှိ၏။ သူဂီတာတီးတတ်၏။ ရံဖန်ရံခါ သန်းခေါင်ကျော် ညဘက်အိမ်ရှေ့ထွက် ဂီတာတီးနေလျှင် အိမ်နီးချင်းများက သူ့ဆိုပုံဆိုဟန်၊ တီးပုံတီးကွက်ကိုသဘောကျကာ ကွယ်ရာမှာပင် ချီးမွမ်းယူရ၏။

သို့သော် ကျွန်တော်တို့နှင့်ဝေးသွားခဲ့သည့်ကာလ တစ်ခုတွင် သူ့အရည်အချင်းများအားလုံး ပျောက်နေလေပြီ။ သူ့မှတ်ဉာဏ်မှာ ဝေဝေဝါးဝါး၊ အသိတရားများလည်းမရှိတော့။ သူနှင့်ကျွန်တော်တို့ ဆုံမိချိန်မှာ သူပြောသောစကားများက တောင်တစ်စ၊ မြောက်တစ်စ၊ ဘုရားစာကိုရွတ်ရင်း သီချင်းကောက်ဆို၍ဆို။ အမှန်တွင် သူက ငယ်ဘဝကို ပိုင်ဆိုင်ထားတုန်းရှိသေး၏။ လူငယ်လေးများ ဂီတာတီးလျှင်ပင် သူက အမှားများကို ရံဖန်ရံခါဝင်ထောက်ရင်း သီချင်းလိုက်ဆိုတုန်း။

မထင်မှတ်သည့်တစ်နေ့၊ သူ့အသက် ၃၅ နှစ်ခန့်တွင် အိမ်ကနေ ဘယ်ထွက်သွားမှန်းမသိအောင် သူပျောက်သွားသည်။ မိဘများမရှိတော့၍ နှမများက စုံစမ်းကြသည်။ ရဲကို အကြောင်းကြား၏။ တစ်နေရာတွင် လူတစ်ယောက် မူးပြီးလဲနေပြီဆိုလျှင် သူတို့မြို့နယ်က ရဲက သူတို့ကို လှမ်းအကြောင်းကြား၏။ သည်လိုနှင့် နှစ်၊ လများ မရေတွက်နိုင်။ အိမ်ကနေထွက်သွားသောသူ့ကို နှမများက သေသလား၊ ရှင်သလားပင် မသိရတော့ပေ။ သည်နေ့ထိကို ဘယ်ရောက်နေမှန်းမသိတော့ခြင်းပင်။ သူ့အစ်မများလည်း ကြာတော့မ့ေမ့ေပျောက်ပျောက်ဖြစ်သွားကြ၏။

ထိုအဖြစ်အပျက်များကို ဆင်ခြင်ကြည့်လျှင် အဓိကတရားခံက "အရက်"ဖြစ်သည်။ သည်အရက်ကို သူက စွဲလမ်းလွန်း၍ ငယ်စဉ်ကစ မသိမသာ သောက်ရင်း နောက်တော့ သိသိသာသာသောက်။ နောက်ဆုံးတော့ အသေထွက်လား၊ အရှင်ထွက်လား မသိရအောင်ထွက်သွားခဲ့လေပြီ။

နောက်တစ်ခုက အင်ဂျင်နီယာတစ်ဦးကို တက္ကသိုလ်ဒုတိယနှစ် အပြင်ဆောင်မှာ ကျွန်တော် နေခဲ့စဉ်ကြုံခဲ့ရခြင်းဖြစ်သည်။ သူသည် အမူးလွန်ပြီး အဆောင်နားက ရှဉ့်အိုင်ထဲတွင် ဖင်ပေါ်ခေါင်းပေါ်လဲနေ၍ ကျွန်တော်နှင့်သူငယ်ချင်းက မချီကာ အဆောင်အခန်းထဲထည့်ပေးခဲ့ရသည်။ သူကတော့ ရှင်လျက်နှင့် အသေထွက် ထွက်နေသူဖြစ်လေသည်။ ဤသည်မှာ အရက်ကြောင့်ပင်။

"စိတ္တေန နယတိလောကော-စိတ်သည် လောကကြီးကို ဦးဆောင်၍နေ၏။ စိတ္တေန နပရိကဿတိ၊ စိတ္တဿဇက ဓမ္မဿ၊ သဗ္ဗေ ဝသမန္ဒဂူ- စိတ်သည် လောကကြီးကို ဆွဲငင်၍နေ၏။ လောကကြီးသည် တစ်ခုတည်းသောတရားဖြစ်သည့် စိတ်၏အလိုသို့ လိုက်ပါ၍ နေရ၏"ဆိုသော တရားစကားများရှိသည်။ "စိတ်သာရှင်စော၊ ဘုရားဟော"ဟု ဆိုကြသည်မဟုတ်လား။ မကောင်းသောအလုပ်ဟု ဘုရားက တရားနှင့်တားပါလျက် စိတ်ကို မထိန်းနိုင်ခဲ့ကြ။ သည်စိတ်ကြောင့် ကာယကလိုက်ကာ ကိုယ့်ကိုယ် ကိုယ်လည်းဒုက္ခပေး၏။ သူများကိုလည်း ဒုက္ခပေး၏။ သာဓကများစွာရှိနေပါသည်။

❖ လူမှုအသိုင်းအဝိုင်းတွင်ကျင်လည်နေသရွေ့ လူများနှင့်ဆက်ဆံရာ၌ ပေါင်းသင်းဆက်ဆံရေးကဏ္ဍဆိုသည်လည်း ရှိနေသည်။ ခင်မင်မှုရရန်၊ ရင်းနှီးမှုရရန်၊ မိတ်ဖြစ်ဆွေဖြစ်တွေ့ဆုံသည့် စားပွဲသောက်ပွဲလေးများရှိသည်။ သို့သော် ဤနေရာ၌ စားပွဲသောက်ပွဲဆိုတိုင်း၊ မိတ်ဖြစ်ဆွေဖြစ်ဆိုတိုင်း အရက်ဘီယာသောက်ရန်မဟုတ်ပေ။ တည်ခင်းသူက အချိုရည်နှင့်တည်ခင်းလျှင် သောက်သူကလည်း အချိုရည်ပဲ သောက်ပေလိမ့်မည်။ တည်ခင်းသူက အရက်နှင့်တည်ခင်းလျှင်တော့ တစ်ခါမျှမသောက်ဖူးသူလည်း မိတ်ဖြစ်ဆွေဖြစ်ဟုဆိုကာ သောက်ပါတော့သည်။ ❖

ဤစာမူမရေးခင် ကာလကလေး၌ပင် ကျွန်တော်တို့ရပ်ကွက်နားတွင် အရက်နှင့်ပတ်သက်ပြီး အမှုတစ်မှုဖြစ်သွားခဲ့သည်။ ဆိုက်ကားသမားတစ်ယောက်အရက်မူး၏။ သူက မကြာခဏမူးတတ်သူဖြစ်သည်။ သို့သော် မူးပြီးငြိမ်ငြိမ်မနေ။ လမ်းပေါ်သွားနေသူများက သူ့ကိုကြည့်လျှင် ထဆဲပြန်၏။ ဖြစ်ချင်တော့ သူကမူးပြီး လက်ဖက်ရည်ဆိုင်နားသွားဆဲနေ၏။ ထိုဆိုင်က အဖျော်သမားလေးက သူတို့နှင့်ခင်သည်။ ငယ်သူငယ်ချင်းတော့မဟုတ်။ လက်ဖက်ရည်ဆိုင်နားတွင် ဆိုက်ကားဂိတ်ထိုးထား၍ နေ့စဉ်တွေ့နေရာမှခင်သွားပုံမျိုး။ ထိုအဖျော်သမားလေးက လူရိုးလူအေးဖြစ်သည်။ အလုပ်ရှိလျှင်လုပ်နေ၍ မရှိလျှင် ခြင်းခတ်၊ ဂီတာတီးနေသူဖြစ်သည်။

သို့သော် ဆိုက်ကားသမား၊ အမူးသမားက မခံချင်အောင် ဘာသွားပြောသည်မသိ။ ဟိုက ရိုက်လိုက်ရာ ဆိုက်ကားသမား အသက်ပါပါသွားတော့သည်။ မမူးလျှင်အကောင်း၊ မူးမှ ထိုသို့ဖြစ်ရသည် ဆိုလျှင် ဘယ်သူ့အတွက်မှမကောင်းပေ။ နေရင်းထိုင်ရင်း လူကောင်းတစ်ယောက် ထောင်ထဲရောက်ရသလို လူ့ဘဝတွင် ရှေ့ဆက်နေခွင့်ရဦးမည့် လူတစ်ယောက် မမျှော်လင့်ဘဲသေဆုံးသွားရသည်။ အဖျော်သမားလေးဘက်မှကြည့်လျှင် ဒေါသကြောင့်ဟု ဆိုနိုင်သော်လည်း ထိုသို့ဒေါသဖြစ်အောင် အရက်နှင့် မိတ်ဆွေဖွဲ့ထားသော လူတစ်ယောက်က အလိုလိုလာရောက်ဆွယ်ပေးခဲ့သည်က တရားခံဖြစ်နေရာ စာရင်းစစ်တော့ အမြစ်က "အရက်"ဖြစ်နေလေသည်။ နောက်ဆုံးတော့ အရက်ကို ခုံမင်သူတစ်ဦးကတော့ အသေထွက် ထွက်သွားခဲ့ခြင်းဖြစ်သည်။

၂၈-၂-၂၀၀၀ က ထုတ်ဝေသည့် မှုခင်းရှုထောင့် ဂျာနယ်တွင်လည်း အဆိုတော်တစ်ဦးရပ်ထားသည့် ကားကို မူးပြီးကားမောင်းလာသူတစ်ဦးက ဝင်တိုက်မိရာ ကားတစ်စီးလုံး ရစရာမရှိအောင်ကြေမွသွား၍ လမ်းလျှောက်လာသူနှစ်ဦးလည်း သေသွားရကြောင်း ဖတ်လိုက်ရရာ "အရက်"ကြောင့် မိမိကိုယ်တိုင် သာမက သူများကိုပါ ဒုက္ခပေးတတ်သေးသည်မှာ အထင်အရှားပင်။

ဤသို့ဆိုလျှင် မကောင်းမှန်းသိလျက် ဘာလို့ သောက်ကြပါသနည်း။ စဉ်းစားရန်တော့ လိုလာပါသည်။ လောကီလမ်းညွှန်ထဲတွင် ဆရာကြီးပီမိုးနင်းက"စ၍သောက်သူများမှာ မူးယစ်ခြင်းကိုကောင်းသော အရသာဟူ၍ မှတ်ထင်ကြသောကြောင့် သောက်ခြင်းမဟုတ်။ အားနာ၍သော်လည်းကောင်း၊ အားကျ၍ သော်လည်းကောင်း စ၍သောက်ခြင်းဖြစ်ရာ လုံးလုံးမဝင်ဆံ့ဘူးဟုဆိုရမည့်ခေတ်ကို ရောက်နေပြီလားမသိ။ ကျွန်တော်တို့မြန်မာများ ဆင်ခြင်သုံးသပ်ရန်တော့ ကောင်းလာသည်။ ကျွန်တော်တို့၏ ဘိုးဘေးဘီဘင်များသည် လူချင်းတွေ့ဆုံရင်းနှီးရန် အများအားဖြင့် ရေနွေးကြမ်းဖြင့်သာ တည်ခင်းလေ့ရှိသည်။ အရက်နှင့်ဧည့်ခံသည်မှာ အနောက်တိုင်းအယူအဆသာဖြစ်သည်။ ခေတ်များက ရင့်သည်ထက်ရင့်လာပြီး ကျွန်တော်တို့ခေတ်ရောက်လာသောအခါ ဘီယာ၊ အရက်ဆိုသောစကားက မကြားချင်၊ မမြင်ချင်အဆုံးဖြစ်လာသည်မှာ ရင်လေးဖွယ်ရာပင်။

ကျွန်တော်တက်နေသော အသက်မွေးဝမ်းကျောင်းတက္ကသိုလ်တစ်ခု၏ တတိယနှစ်စာမေးပွဲဖြေအပြီးနေ့မှာ ကျွန်တော်က အဆောင်တွင် သူငယ်ချင်းများနှင့်အိပ်ရန် လိုက်သွားခဲ့ဖူး၏။ အရင်ဆုံးစာမေးပွဲဖြေပြီး ရှစ်မိုင်နားက စားသောက်ဆိုင်ကိုသွား၊ သူတို့က အရက်သောက်၊ ကျွန်တော်က ထမင်းစား၊ ပြီးတော့ သူတို့မူးပြီး အင်းလျားကန်ပေါင်ပေါ်ရောက်။ ကျွန်တော်က သူတို့ထပ်ဝယ်လာသော အရက်ထုပ်များဆွဲပေးရင်း သူတို့ကိုထိန်း၊ ကန်ပေါင်ပေါ်တွင် သူတို့နှင့်ခင်သောသူငယ်ချင်းများနှင့် ထပ်တွေ့တော့ ပုလင်းလိုက်ပါလာသော အရက်များထပ်ပေး။ သူတို့မူးနေ၍ ကွဲရှကုန်မည်စိုးသောကြောင့် ကျွန်တော့် လွယ်အိတ်ထဲထည့်ယူ။ ပြီးတော့ လှည်းတန်းကို လမ်းလျှောက်၊ အအေးသောက်။ နောက်တော့ ကားစီးပြီး ကျွန်တော်တို့ကျောင်းက အဆောင်များသွား၊ မိန်းကလေးဆောင်ရှေ့ရောက်တော့ ရှက်ရကောင်းမှန်းမသိ။ ကုန်းအော်၍အော်၊ တွေ့သည့်သဲပုံပေါ် ထိုးအိပ်၍အိပ်၊ ကျွန်တော်တို့အိပ်မည့် ယောက်ျားလေးဆောင်ရောက်တော့ အရှိန်ရသည့်ကောင်များက မူးပြီး ကျွန်တော့်ကို စရစ်၏။ ဟိုကန်သည်ကန်၊ အဆောင်က အခန်းထဲတွင် ဟိုအော်သည်အော်။ ထိုအချိန်တွင် ကျောင်း၌ အင်မတန်ရိုးပါသည်ဟု ကျွန်တော်ကထင်ထားသော သူငယ်ချင်းတချို့ကလည်း အဆောင်ထဲကို အရက်ထုပ်ကလေးများ ဝှက်ယူလာပြီး ခိုးသောက်၍သောက်နှင့် မြင်တွေ့ရသည်။

ထိုအချိန်ကတည်းက ကျွန်တော်နှင့်ခင်သော သူငယ်ချင်းများကို အရက်သောက်ချိန်တွင် ကျွန်တော်မတွဲဖြစ်တော့ပေ။ သူတို့ပုံမှန်ရှိနေလျှင်တော့ ရင်းရင်းနှီးနှီးကို ပေါင်းနေမိသည်။ ရှင်းပါသည်။ ကျွန်တော်က သူတို့လို မသောက်တတ်၊ သူတို့ကို အမြဲတမ်းလည်း လိုက်မထိန်းနိုင်၊ သူတို့ရစ်သည်လည်း မခံနိုင်။ သည်တော့ သူတို့အရက်သောက်တော့ မည်ဆိုလျှင် ကျွန်တော်လိုက်မသွားပေ။

ကျွန်တော်ငယ်ငယ်က ကျွန်တော့်ဖခင်နှင့် မိတ်ဆွေများ သောက်ပွဲစားပွဲလုပ်နေတုန်း အနားကဖြတ်မိသောကျွန်တော့်ကို အဖေကခေါ်၍ ဘီယာလား၊ ရမ်လားမသိ။ စတီးဖွန်းတစ်ဖွန်း သောက်ကြည့်ဟုဆိုကာတိုက်ပါသည်။ ပါးစပ်ထဲရောက်ပြီး ချိန်မှာပင် မခံနိုင်၍ ကျွန်တော့်ပါးစပ်ကိုပိတ်ကာ အိမ်ရှေ့ထွက်ပြေး၍ အမြန်ထွေးထုတ်ပစ်ခဲ့ဖူးသည်ကို ကျွန်တော်မှတ်မိနေသည်။ ဤသည်က ကျွန်တော့် ဘဝ အရက်မသောက်တတ်ခြင်းအကြောင်းထဲက တစ်စိတ်တစ်ပိုင်းဖြစ်သည်။

နောက်တစ်ပိုင်းကတော့ ကျွန်တော့်ကိုယ်ပိုင် အသိဟု ကျွန်တော်နားလည်လက်ခံထားသည်။ အရက်နှင့်ပတ်သက်၍ ကြုံတွေ့ရသမျှသည် ကျွန်တော့်ဘဝတစ်လျှောက်တွင် ခါးသီးစရာချည်းများသာဖြစ်သည်။ သာဓကများစွာရှိနေပါသည်။

ဆက်လက်ဖော်ပြပါမည်။

တမူးခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေထောက်ပဲ ၄၂၅၅ ဧက စိုက်ပျိုးမည်

ယခင်နှစ်က မြေထောက်ပဲစိုက်ခင်းကိုတွေ့ရစဉ်။

တမူး စက်တင်ဘာ ၄

စစ်ကိုင်းတိုင်းဒေသကြီး တမူးခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေထောက်ပဲ ၄၂၅၅ ဧကစိုက်ပျိုးမည်ဖြစ်ကြောင်း တမူးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

တမူးခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေထောက်ပဲ ၄၂၅၅ ဧက စိုက်ပျိုးရန်လျာထားပြီး အဆိုပါစိုက်ပျိုးမှုကို အောက်တိုဘာလမှ စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ အဆိုပါ မြေထောက်ပဲစိုက်ပျိုးရန် မြို့နယ်အလိုက် လျာထားမှုအနေဖြင့် မြို့သစ်မြို့နယ်တွင် ဧက ၁၀၀၀၊ တမူးမြို့နယ်တွင် ၂၂၅၅ ဧက၊ ခါမ်းပါတ်မြို့တွင် ဧက ၁၀၀၀ စုစုပေါင်း ၄၂၅၅ ဧကဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ တမူးခရိုင်အတွင်း မြေထောက်ပဲဧက ၄၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးသွားမယ်။ ပဲသီးနှံ အထွက်နှုန်းနဲ့ အရည်အသွေးကောင်းမွန်ဖို့ လိုအပ်တဲ့မျိုးကောင်းမျိုးသန့်တွေ၊ သွင်းအားစုတွေ ပံ့ပိုးပေးမယ်"ဟု တမူးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးလှမြင့်က ပြောပြသည်။

တမူးခရိုင်တွင် မြေထောက်ပဲစိုက်ပျိုးမည့် တောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက စိုက်ဧကများ တိုးချဲ့စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်ရေး၊ GAP နည်းစနစ်ဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့် စိုက်ပျိုးရေး အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မြေထောက်ပဲကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖုံးလုံစေသည့် အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် မြေထောက်ပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း တမူးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးလှမြင့်က ပြောပြ၍ သိရသည်။ (၂၀၆)

မိုင်းယောင်းမြို့နယ် ကျေးရွာနှစ်ရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

မိုင်းယောင်း စက်တင်ဘာ ၄

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းယောင်းခရိုင် မိုင်းယောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဖကျောက်ကျေးရွာနှင့် တာပေါက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို စက်တင်ဘာ ၃ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုင်းယောင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးစိုင်းစိုးစိုး၊ မိုင်းယောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးအေးဝင်းနှင့် တာဝန်ရှိသူများက ဖကျောက်ကျေးရွာနှင့် တာပေါက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေများဖြင့် စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများ၊ လအလိုက် ဖြည့်သွင်းရမည့် ငွေစာရင်းပုံစံများ ပြည့်စုံမှန်ကန်မှုရှိ၊ မရှိ ကြည့်ရှု စစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

ဖကျောက်ကျေးရွာနှင့် တာပေါက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ရန်ပုံငွေကျပ် သိန်း ၃၀၀ ဖြင့် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ ဖကျောက်ကျေးရွာတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၃၂ ဦးကို ငွေကျပ် သိန်း ၃၄၀ နှင့် တာပေါက်ကျေးရွာတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူဦးရေ ၃၀ ကို ရန်ပုံငွေကျပ် သိန်း ၄၀၀ ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ချိုသန်းညွန့်

ဟင်္သာတမြို့နယ်တွင် နေလှန်းဆားများ အရောင်းအဝယ်ကောင်းမွန်နေ

ဟင်္သာတ စက်တင်ဘာ ၄

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့နယ်တွင် ဒေသထွက် နေလှန်းဆားများ အဝယ်လိုက်နေသဖြင့် အရောင်းအဝယ်ကောင်းမွန်နေကြောင်း ဟင်္သာတမြို့နယ် နေလှန်းဆားထုတ်လုပ်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သူသူအောင်က ပြောပြ၍ သိရသည်။

ဟင်္သာတမြို့နယ်တွင် ထွက်ရှိသည့်နေလှန်းဆားများ သြဂုတ်လတတိယပတ်မှ ယနေ့တိုင် အရောင်းအဝယ် ကောင်းမွန်နေကြောင်း၊ အဆိုပါ နေလှန်းဆားတစ်ပိသာလျှင် ငွေကျပ် ၅၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

"ဟင်္သာတမြို့နယ်က ထွက်တဲ့ နေလှန်းဆားတွေ အရောင်းအဝယ် ကောင်းမွန်နေပါတယ်။ ငါးပိ၊ ငါးခြောက်လုပ်ချိန်ဆိုတော့ ဆားအရောင်းအဝယ် ကောင်းလာတာပါ။ ဆားတွေကတော့ ဒေသထွက် နေလှန်းဆားတွေပါ။ လတ်တလောအနေနဲ့ တစ်ရက်ကို နေလှန်းဆားပိသာချိန် ၂၅၀၀ ကနေ ၅၅၀၀ ထိ အရောင်းအဝယ် ဖြစ်နေပါတယ်။ အခုလို ဆားအရောင်းအဝယ် ကောင်းလာတော့ ဆားထုတ်လုပ်တဲ့လုပ်ငန်းနဲ့ ဆက်စပ်တဲ့တွေသူ အလုပ်အကိုင် အခွင့်အလမ်းရရှိပြီး အဆင်ပြေလာပါတယ်"ဟု ဟင်္သာတမြို့နယ် ဆားထုတ်လုပ် ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်သူသူအောင်က ပြောပြသည်။

ဟင်္သာတမြို့နယ်တွင် ဒေသထွက် နေလှန်းဆားများကို ဆားထုတ်လုပ်ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များက စနစ်တကျထုတ်လုပ်ပြီး ရန်ကုန်ဈေးကွက်သို့ အဓိကထား တင်ပို့ရောင်းချလျက်ရှိကြောင်း၊ အဆိုပါဒေသထွက် နေလှန်းဆားများကို ငါးပိ၊ ငါးခြောက်၊ ငံပြာရည် စသည့် လုပ်ငန်းများတွင် အဓိကအသုံးပြုကြကြောင်း သိရသည်။

ကျော်ကျော်လင်း

ကြာအင်းဆိပ်ကြီးမြို့နယ် အုန်းတပင်ကျေးရွာ၌ VRFP စီမံကိန်းရန်ပုံငွေ ထုတ်ချေး

ကြာအင်းဆိပ်ကြီး စက်တင်ဘာ ၄

ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးခရိုင် ကြာအင်းဆိပ်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အုန်းတပင်ကျေးရွာ၌ ဆဋ္ဌမအကြိမ် ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်း (VRFP) ရန်ပုံငွေ ထုတ်ချေးခြင်းကို စက်တင်ဘာ ၃ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကြာအင်းဆိပ်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစောဟိန်းမင်းက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် VRFP စီမံကိန်းကို ကျေးလက်နေပြည်သူများ ဆင်းရဲမှု လျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ၊ အခြားမိသားစုဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း ဖြစ်ကြောင်း၊ ကျေးရွာသူ၊ ကျေးရွာသားများ အနေဖြင့် VRFP စီမံကိန်းရန်ပုံငွေကို ထိရောက်အောင်မြင်အောင် ဆောင်ရွက်ကြစေလိုကြောင်း ဆွေးနွေးမှာကြားသည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက VRFP စီမံကိန်းရန်ပုံငွေ ကြီးကြပ်မှုကော်မတီဝင်များနှင့်အတူ အုန်းတပင်ကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၃၁ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ လေးဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူသုံးဦး စုစုပေါင်းအသင်းသား၊ အသင်းသူ ၃၈ ဦးကို VRFP စီမံကိန်းရန်ပုံငွေကျပ် ၂၄၅ သိန်း ထုတ်ချေးပေးခဲ့ကြောင်း ကြာအင်းဆိပ်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။

ကိုသက်

မြို့သစ်မြို့နယ် တပ်ကုန်းကျေးရွာ၌ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

မြို့သစ် စက်တင်ဘာ ၄

မကွေးတိုင်းဒေသကြီး မကွေးခရိုင် မြို့သစ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ရန်ပုံငွေဖြင့် တပ်ကုန်းကျေးရွာ၌ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို စက်တင်ဘာ ၃ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြို့သစ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မေသူအောင်နှင့် တာဝန်ရှိသူများက ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်များနှင့် အတူ တပ်ကုန်းကျေးရွာ၌ ကျေးရွာတွင်းလမ်း အရှည် ပေ ၅၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဒေါ်မေသူအောင်က ကွန်ကရစ်လမ်းကို သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးအောင် ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

အဆိုပါကျေးရွာ၌ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို ယခုဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းရန်ပုံငွေကျပ် သိန်း ၁၅၀၊ ပြည်သူထည့်ဝင်ငွေကျပ် သိန်း ၅၀ ဖြင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဝန်ထမ်းများက အနီးကပ်ကြီးကြပ်၍ ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် စက်တင်ဘာ ၁ ရက်မှ စတင်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း မြို့သစ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မေသူအောင်က ပြောပြ၍ သိရသည်။

အထွေး

ခဏတာနား စန္ဒာမုနိဘုရား

ခရီးသွားဆောင်းပါး

သက်နိုင် (ပြင်ဦးလွင်)

ပြင်ဦးလွင်မြို့ကနေထွက်လာခဲ့ကြတဲ့ မန္တလေး-စစ်ကိုင်းခရီးစဉ်မှာ ဧရာဝတီမြစ်ကူးတံတားရတနာပုံကိုကျော်ဖြတ်ခဲ့ပြီး စစ်ကိုင်းမြို့တွင်းကို ဝင်ရောက်လာခဲ့ကြပါပြီ။ မြစ်ရေတက်ချိန် ဝါဆို၊ ဝါခေါင်လတွေ ဖြစ်တာကြောင့် ဧရာဝတီမြစ်အတွင်းမှာ ရေတွေများပြားပြည့်လျှံနေသလို သွားလာလှုပ်ရှားရပ်နားနေကြတဲ့ လှေသင်္ဘောကြီးကြီးငယ်ငယ် အသွယ်သွယ်ကိုလဲ တွေ့မြင်နေရတယ်။ ဧရာဝတီမြစ်ကြီးနဲ့အတူ အင်းဝတံတားခေါ် စစ်ကိုင်းတံတား၊ ရတနာပုံတံတား၊ မြစ်အတွင်းကလှေသင်္ဘောတွေ၊ မြစ်ဘေးကပ်လျက်က စစ်ကိုင်းတောင်တွေက စစ်ကိုင်းမြို့ရဲ့ အမှတ်အကေ်တတွေပါ။

စစ်ကိုင်းဆိုတာကတော့ မြန်မာရာဇဝင်မှာ ဗေယျာပူရအမည်နဲ့ ထင်ရှားကျော်ကြားခဲ့တဲ့ မင်းနေပြည်တော်တစ်ခုဖြစ်ပါတယ်။ သာယာဝိုင်း၊ စစ်ကိုင်းတည်ဆိုတဲ့အတိုင်း စစ်ကိုင်းမြို့ကို သက္ကရာဇ် ၆၈၄ ခုနှစ် (ခရစ်နှစ် ၁၃၂၂ ခုနှစ်) မှာ အသခ်ီယာစောယွန်းက တည်ထားခဲ့တယ်။ ဒုါပြင် အခြားမှတ်တမ်းတစ်စောင်မှာ ၁၃၁၆ ခုနှစ် မတ် ၂၆ ရက်လို့ ဆိုထားပြန်ပါတယ်။ ဆရာကြီးဒေါက်တာသန်းထွန်းကတော့ စစ်ကိုင်းဆိုတာ ရှမ်းဘာသာအမည်ဖြစ်ပြီး ရေစီးသန်သောမြစ်လို့ အဓိပ္ပာယ်ရကြောင်းဆိုထားပါတယ်။ စစ်ကိုင်းမှာ မင်းဆက်ခုနစ်ဆက်စိုးစံခဲ့ပြီးတဲ့နောက် အင်းဝခေတ်မှာ သာမန်မြို့လေးဖြစ်သွားခဲ့ရပါတယ်။ ဒါပေမဲ့ ကုန်းဘောင်ခေတ် နောင်တော်ကြီးမင်းလက်ထက်မှာ မင်းနေပြည်တော် ခေတ္တပြန်ဖြစ်ခဲ့ရတယ်။ စစ်ကိုင်းမြို့မှာ လေ့လာကြည်ညိုဖွယ်ရာ စေတီပုထိုးတွေက အများအပြားပါ။ ဒီစေတီပုထိုးတွေအထဲမှာ ကောင်းမှုတော်၊ ဆွမ်းဦးပုညရှင်၊ ဥမင်သုံးဆယ် စတာတွေက လူသိများ ထင်ရှားကျော်ကြားလှပါတယ်။

မိမိတို့ခရီးဖော်တွေသွားရောက်ကြမှာက ဆွမ်းဦးပုညရှင်နဲ့ ဥမင်သုံးဆယ်ဖြစ်လို့ စစ်ကိုင်းမြို့တွင်းကနေ တောင်တက်လမ်းအတိုင်း တက်ရောက်မောင်းနှင်လာခဲ့လိုက်တယ်။ စစ်ကိုင်းတောင်ရိုးမှာ တောင်ပေါင်း ၃၇ လုံးရှိနေပြီး တောင်တိုင်းပေါ်မှာ စေတီပုထိုးအများအပြားကို ဖူးတွေ့နိုင်ကြပါတယ်။ တောင်တစ်ခုက ဖားပုံသဏ္ဌာန်နဲ့တူညီနေတာကြောင့် ငဖားတောင်ဆိုပြီး အမည်တွင်နေခဲ့တယ်။ အဲဒီငဖားတောင်မှာ ပင်းယတစ်စီးရှင် သီဟသူလက်ထက် ခရစ်နှစ် ၁၃၁၂ ခုနှစ်က ပညာရှိအမတ်ဦးပုည တည်ထားကိုးကွယ်ခဲ့တဲ့ ပုညရှင်စေတီတည်ရှိနေပါတယ်။ အခုမိမိတို့ ခရီးဖော်အဖွဲ့တွေသွားရောက်ကြမဲ့ ဆွမ်းဦးပုညရှင်စေတီတော်ပါ။ ဆွမ်းဦးပုညရှင်စေတီဆိုပြီး အမည်တွင်လာရတာကတော့ ဆွမ်းဦးတင်ဖို့ကြိုးစားတဲ့အခါတိုင်း နတ်ဖြတ်မှာတွေကသာ ဦးစွာကပ်လှူထားပြီးဖြစ်တာကြောင့် ဆွမ်းဦးပုညရှင်လို့ အမည်တွင်လာရတယ်။ တောင် ၃၇ လုံးရဲ့ အမြင့်ဆုံးတောင်ပေါ်မှာ ပတ္တမြားစေတီတည်ရှိနေတယ်။ အခုတစ်ခေါက် ခရီးစဉ်မှာ ပတ္တမြားစေတီရှိရာကို ရောက်ကြတော့မှာ မဟုတ်ပါဘူး။

ဆွမ်းဦးပုညရှင်စေတီရှိရာကို သွားရောက်ရတဲ့ တောင်ပေါ်အတက်လမ်းက ရှင်းလင်းနေသလို စေတီတော်ရှိတဲ့ တောင်ထိပ်ပေါ်ကိုရောက်လာတဲ့အချိန်မှာလဲ အရင်လိုမဟုတ်ဘဲ စျေးဆိုင်တွေ၊ ပန်းသည်တွေ၊ ဘုရားဖူးဇည့်သည်တွေ လုံးဝမရှိ ရှင်းလင်းနေတာကို တွေ့မြင်နေရတယ်။ စေတီတော်ကြီးကိုတော့ ပြီးစီးလုနီးပါး ပြန်လည်ပြုပြင်မွမ်းမံနေကြတယ်။ စေတီဝန်းကျင်မှာ လေ့လာကြည့်ရှုပြီးတာနဲ့ ရင်ပြင်တော်ပေါ်ကနေ ဧရာဝတီမြစ်အလှ၊ စစ်ကိုင်းတံတားအလှနဲ့ အနီးအဝေးမြင်ကွင်းအစုံစုံကို ထပ်မံကြည့်ရှုကြရတယ်။ မြင်ကွင်းတွေ၊ ရှုခင်းတွေ အားလုံးက လှလှပပသာသာယာယာပါ။ ဆွမ်းဦးပုညရှင်ကို ရောက်ရင်လက်ဖက်ရည်သောက်ကြမယ်၊ အဆာပြေအနေနဲ့ အသုပ်စုံစားကြမယ်ဆိုတာတွေကတော့ မဖြစ်နိုင်တော့ပါဘူး။ ဆိုင်တွေအားလုံးပိတ်ထားဆဲပါ။

ဆွမ်းဦးပုညရှင်စေတီတော်ကနေ ပြန်ထွက်လာကြပြီး မနီးမဝေး၊ အတက်အဆင်းလမ်းဆုံမှာရှိနေတဲ့ ဥမင်သုံးဆယ်ကိုရောက်တော့မှ အမောပြေ၊ ရေဆာပြေအချိုရည်အအေးတစ်လုံးစီ ဝယ်သောက်ကြရတယ်။ ဥမင်သုံးဆယ်မှာလဲ ဘုရားဖူးဇည့်သည်တွေမရှိ ဘဲရှင်းလင်းနေတာကြောင့် အေးအေးဆေးဆေးလွတ်

စန္ဒာမုနိဘုရားရှိ မင်္ဂလာကန်တော်ကို တွေ့ရစဉ်။

လွတ်လပ်လပ် ဖူးမြော်ကြည်ညိုခွင့်ရကြတယ်။ ဥမင်သုံးဆယ်နေရာက ပြင်ပရှုခင်းတွေကို ကြည့်လို့မရဘဲ ဘုရားဖူးရုံသက်သက်နေရာတစ်ခုပါ။ ဒါပေမဲ့ ဥမင်အတွင်းမှာ အဝန်းအဝိုက်ပုံသဏ္ဌာန်နဲ့ တည်ရှိနေကြတဲ့ ဗုဒ္ဓရုပ်ပွားတော်အဆူဆူတွေက အလွန်သပ္ပာယ်ကြည်ညိုစရာကောင်းနေတယ်။ရုပ်ပွားတော်အားလုံးက အရွယ်တူ၊ ပုံစံတူ၊ ရွှေရောင်သက်နန်းဆေးတွေတူ၊ ကျောက်ဆစ်အနုပညာလက်ရာတွေ တူညီကြပြီး ညီညီညာညာတည်ရှိနေကြလို့လဲ တစ်မျိုးတစ်ဖုံ ကြည့်ကောင်းနေပြန်တယ်။ ပန်းချီပညာရှင်တွေ၊ ဓာတ်ပုံပညာရှင်တွေ ရေးဆွဲရိုက်ကူးထားတဲ့ ပုံတော်အမျိုးမျိုးအထွေထွေကလဲ သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းတွေမှာ၊ လူမှုကွန်ရက်တွေပေါ်မှာ ကျော်ကြားထင်ရှားလှပါတယ်။ ဥမင်သုံးဆယ်ရဲ့ပုံတော်တွေ၊ မှတ်တမ်းရုပ်ရှင်ဗီဒီယိုတွေကို ကြည့်ရှုပြီး လာရောက်ဖူးမြော်လေ့လာကြသူတွေ အများအပြားပါ။ ရောက်ရှိလာသမျှ ဘုရားဖူးဇည့်သည်တိုင်းကလဲ သဘောကျနှစ်သက်ကြတယ်။

မူလခရီးအစီအစဉ်အရ ဥမင်သုံးဆယ်ကနေ ပြန်လည်ထွက်ခွာလာကြပြီးရင် တောင်သမန်တံတားရှိတဲ့ တောင်သမန်အင်းကိုသွား၊ နေ့လယ်စာအဖြစ် အကြော်စုံပူပူနွေးနွေးနဲ့ ထမင်းဆီဆမ်းကို စားသောက်ကြဖို့ပါ။ ဒါပေမဲ့ မရောက်တာလဲကြာပြီဖြစ်၊ မရောက်ဖူးကြသေးသူတွေလဲရှိ၊ လေးဖက်လေးတန်လှေကားအဆင့်ဆင့်တွေနဲ့အတူ ရေကန်ကြီးကလဲ အလွန်လှပ၊ ရှေးဟောင်းသမိုင်းဝင်ဘုရားဖြစ်တဲ့ အမရပူရမြို့က စန္ဒာမုနိဘုရားရှိရာကို သွားရောက်ကြဖို့ စဉ်းစားဆုံးဖြတ်လိုက်ကြပြီး ထွက်လာခဲ့ကြတယ်။ စန္ဒာမုနိဘုရားက မန္တလေး-စစ်ကိုင်းလမ်း အမရပူရမြို့အနီးမှာ တည်ရှိနေတာကြောင့် နယ်မြေဒေသန္တရအရ အမရပူရမြို့မှာဆိုပြီး ပြောဆိုလူသိများနေပေမဲ့ တည်နေရာအတိအကျကိုပြောရမယ်ဆိုရင် မန္တလေး ချမ်းမြသာစည်မြို့နယ် တမ္ဘဝတီရပ်ကွက်အတွင်းမှာ တည်ရှိနေတာဖြစ်ပါတယ်။ အများစုက အမရပူရဆိုပြီးသိရှိနေကြတယ်။

စန္ဒာမုနိဘုရားကို မြန်မာသက္ကရာဇ် ၁၁၄၆ ခုနှစ်မှာ ဘိုးတော်ဘုရားခေါ် ဗဒုံမင်းကတည်ထားခဲ့တယ်။ ဒီလိုတည်ထားပြီးတဲ့အခါ စန္ဒာမုနိဘုရားကိုမဟာတံတိုင်းနှစ်ထပ်ကာရံထားခဲ့ပြီး တံတိုင်းထောင့်တိုင်းမှာလဲ မနုဿီဟရုပ်တုတွေကို ထားရှိစေခဲ့တယ်။ ၁၈၀၃ ခုနှစ်မှာတော့ သံချိန် ၁၂၃၆ ပိဿာရှိတဲ့ ရုပ်ပွားတော်ကြီးတစ်ဆူကို ထုဆစ်ပုံဖော်သွန်းလောင်းထားရှိ ပူဇော်ခဲ့တယ်။ ရုပ်ပွားတော်ကြီးကို စန္ဒာမုနိလို့ဘွဲ့တော်ပေးခဲ့ပြီး မင်းကွန်းအရပ်မှာ ထုဆစ်သွန်းလောင်းခဲ့တာပါ။ စန္ဒာမုနိဘုရားမှာ နောက်ထပ်ထူးခြားတာတစ်ခုကတော့ ရဟန္တာအုတ်တိုက်တွေဖြစ်ပါတယ်။ ဒုါပြင် မင်္ဂလာကန်တော်ကြီးတစ်ကန်လဲရှိနေပါသေးတယ်။

ရဟန္တာအုတ်တိုက်တွေက စန္ဒာမုနိဘုရားရဲ့ အရှေ့၊ အနောက်၊ တောင်၊ မြောက် လေးဖက်လေးတန်မှာတည်ရှိနေကြတယ်။ မျက်နှာစာတစ်ဖက်ကို အုတ်တိုက် ၂၀ စီနဲ့ စုစုပေါင်းအုတ်တိုက် ၈၀ ပါ။ အရင်တုန်းက အုတ်တိုက်တစ်တိုက်စီမှာ ရဟန္တာတစ်ပါးရှိနေခဲ့ပေမဲ့ အခုအချိန်မှာ ရဟန္တာတွေမရှိတော့သလို အုတ်တိုက်တချို့လဲပြိုလဲပျက်စီးနေပါပြီ။ ရဟန္တာအုတ်တိုက်တွေရှိနေတာကြောင့် စန္ဒာမုနိဘုရားဝင်းကို ပုဂံအငယ်စား၊ အသေးစားပုဂံ ဆိုပြီး တင်စားခေါ်ဝေါ်နေကြပါတယ်။ ဘုရားစေတီတွေနဲ့ ရဟန္တာအုတ်တိုက် အစုအဝေးပုံသဏ္ဌာန်တွေက ရှုတ်တရက်ကြည့်ရင် ပုဂံဒေသလိုဖြစ်နေကြပါတယ်။ ဒါကြောင့်လဲ စန္ဒာမုနိဘုရားဝင်းထဲမှာ ပုဂံ-ညောင်ဦးမှာလို ပုသိမ်ထီးဌားရမ်းတဲ့ လုပ်ငန်းတွေ၊ သနပ်ခါးလိမ်း၊ ခေါင်းဖြီးအလှပြင်တဲ့လုပ်ငန်းတွေ၊ ဒန်းဆိုး ပုံဆွဲပေးတဲ့လုပ်ငန်းတွေ၊ အလှဓာတ်ပုံလုပ်ငန်းတွေ အများအပြားရှိနေကြပါတယ်။

နောက်တစ်ခုက စန္ဒာမုနိဘုရားရဲ့ အရှေ့မြောက်ထောင့်မှာတည်ရှိနေတဲ့ ထူးထူးခြားခြားလှလှပပ ရေကန်ကြီးပါ။ မင်္ဂလာကန်တော်ဆိုပြီး အမည်ရနေတယ်။ ရေကန်ကြီးက လေးဖက်လေးတန်စလုံး ထုထည်ကြီးမားခိုင်ခံ့နေသလို ဧလားပုံစံအပေါ် ကျယ်အောက်ရှုံးသဏ္ဌာန်ဖြစ်ပါတယ်။ အလျားတစ်ဖက်ကို ၁၂၄ ပေရှည်လျားပြီး ၅၅ ပေ အနက်ရှိနေတယ်။ လှေကားထစ်အရေအတွက်က ၂၇ ထစ်ပါ။ ရေကန်ကြီးကို အုတ်တွေဒေါင်လိုက်စီ အနေအထားနဲ့ စနစ်တကျစီစဉ်တည်ဆောက်ပြီး လှေကားထစ်တွေ အဆင့်ဆင့်ရှိနေတာကြောင့် ရေကန်အတွင်းမှာရှိနေတဲ့ရေမြင့်ရင်မြင့်လာသလို၊ နိမ့်သွားရင်နိမ့်သွားသလို အလွယ်တကူနဲ့ရေခပ်ယူသုံးစွဲနိုင်ပါတယ်။ လှေကားထစ်တွေအဆုံး ရေကန်ရဲ့အကျယ်အဝန်းက ငါးပေပတ်လည်ရှိနေပါတယ်။ ဧလားပုံသဏ္ဌာန်ရေကန်ဖြစ်နေတာကြောင့် ထိပ်ဝအကျယ် ၁၂၄ ပေနဲ့ အောက်ခြေအကျယ် ငါးပေလို့ ပြောရမှာပါ။ ရေကန်တည်ဆောက်ခဲ့စဉ်ကသုံးစွဲခဲ့တဲ့ အုတ်ချပ်အရေအတွက် စုစုပေါင်းက တစ်ဆယ်ကုဋေ၊ ကိုးသန်း၊ ရှစ်သိန်း၊ ခုနစ်သောင်း၊ ခြောက်ထောင် ငါးဆယ့်ငါးချပ်ဖြစ်ပါတယ်။ အခုဆိုရင် စန္ဒာမုနိဘုရားနဲ့ ရေကန်ကြီးရဲ့သက်တမ်းက နှစ်ပေါင်း ၂၄၀ ကျော်ရှိနေပါပြီ။

ရေကန်ကြီးရဲ့ လှပဆန်းကြယ်မှု၊ စန္ဒာမုနိဘုရားရဲ့ရှေးကျမှု၊ ရဟန္တာအုတ်တိုက်တွေပေါများမှု၊ ပုဂံ-ညောင်ဦးဒေသနဲ့ ခပ်ဆင်ဆင်တူညီမှု၊ လမ်းပန်းဆက်သွယ်ရေးကောင်းပြီး မြို့ပြနဲ့နီးကပ်မှုတွေကြောင့် လာရောက်လေ့လာလည်ပတ်၊ ဘုရားဖူးမြော်ကြသူတွေနဲ့ အမြဲလိုလိုစည်ကားနေလေ့ရှိနေတယ်။အရင်အခေါက်တွေရောက်ခဲ့စဉ်က ဘုရားဝင်းအတွင်းက အချို့သစ်ပင်တွေမှာ ရုပ်သေးရုပ်စုံတွေကို လှလှပပညီညီညာညာချိတ်ဆွဲထားပေမဲ့ အခုတစ်ခေါက် ရောက်ခဲ့စဉ်မှာ မတွေ့မမြင်ရတော့ပါဘူး။ ဒါပေမဲ့ သနပ်ခါးလိမ်းအလှပြင်လုပ်ငန်း၊ ပုသိမ်ထီးဌားလုပ်ငန်း၊ ဒန်းဆိုးအရုပ်ဆွဲလုပ်ငန်းတွေက အခုအချိန်ထိရှိနေကြပါသေးတယ်။

စန္ဒာမုနိဘုရားကို မိမိရဲ့တပည့် ကျောင်းသား၊ ကျောင်းသူတွေနဲ့ ရောက်ခဲ့တာကို မှတ်မိနေပါသေးတယ်။ စုစုပေါင်းကျောင်းသား၊ ကျောင်းသူ အယောက် ၆၀ က ထီးဌားသူဌား၊ ဓာတ်ပုံရိုက်သူရိုက်၊ သနပ်ခါးလိမ်းသူလိမ်း၊ ဒန်းဆွဲသူဆွဲအပြင် ဘုရားဝင်းအတွင်းမှာ ပြေးလွှားဆော့ကစားနေကြသူတွေ၊ ရေကန်အတွင်း ဆင်းလိုက်တက်လိုက် လုပ်နေကြသူတွေကြောင့် လိုက်လံထိန်းသိမ်းစောင့်ကြပ်နေရတာနဲ့ အချိန်ကုန်သွားခဲ့ရပါတယ်။ စန္ဒာမုနိဘုရားမှာ သတ်မှတ်ပေးထားတဲ့အချိန်ထိ ပိုမိုကြာမြင့်ခဲ့ရတယ်။ ကျောင်းသား၊ ကျောင်းသူတွေ စိတ်ပါဝင်စားသဘောကျနှစ်ခြိုက်ပြီး ပျော်ရွှင်ကြတဲ့နေရာတစ်ခုပါ။

စန္ဒာမုနိဘုရားရဲ့ နောက်ဆက်တွဲသမိုင်းအချက်အလက်တွေကတော့ စန္ဒာမုနိရုပ်ပွားတော်ကြီးကို ဘိုးတော်ဘုရားက မင်းကွန်းမှာစံစားနေစဉ်အတွင်း သွန်းလုပ်ခဲ့တာဖြစ်ပြီး သွန်းလုပ်ပြီးချိန်မှာ အမရပူရကို ပင့်ဆောင်လာခဲ့တယ်။ ဘကြီးတော်ဘုရားလက်ထက်မှာ အမရပူရကနေ အင်းဝကိုပင့်ဆောင်ခဲ့တယ်။ မင်းတုန်းမင်းလက်ထက် ၁၈၆၆ ခုနှစ်မှာ အင်းဝကနေ မန္တလေးကို ထပ်မံပင့်ဆောင်ခဲ့ပြန်ပါတယ်။ ဒါကြောင့်မို့ စန္ဒာမုနိရုပ်ပွားတော်ကြီးက အခုအချိန်ထိ မန္တလေးတောင်ခြေမှာရှိနေပါတယ်။ ဒုါပြင် အဲဒီအချိန်အခါက မြင်ကွန်းမြင်းခုန်တိုင်မင်းသားတွေ အရေးအခင်းပြီးခါစအချိန်ကာလဖြစ်နေတာကြောင့် အိမ်ရှေ့စံကနောင်မင်းသားကြီးနဲ့အတူ ကျဆုံးသွားတဲ့ သားတော်မင်းသားတချို့ရဲ့ ရုပ်ကလာပ်တွေကို စန္ဒာမုနိရုပ်ပွားတော် ပြာသာဒ်အတွင်းမှာ ဂူသွင်း သင်္ဂြိုဟ်ခဲ့တယ်။

စန္ဒာမုနိဘုရားဝင်းအတွင်းမှာ ကလေးတွေ၊ ကျောင်းသားကျောင်းသူတွေအတွက် ပျော်ရွှင်စရာ၊ ပြေးလွှားဆော့ကစားစရာတွေ၊ လည်ပတ်စရာနေရာတွေရှိနေတာကြောင့် အချိန်တွေပိုမိုကြာမြင့်ခဲ့ရပေမဲ့ မိမိတို့လူကြီးတွေအတွက် လေ့လာကြည့်ရှုကြရုံသက်သက်သာဖြစ်နေလို့ အချိန်အနည်းငယ်လောက်သာ ကြာမြင့်ခဲ့ရတယ်။ ဘုရားဝင်းအတွင်းမှာ လေ့လာကြည့်ရှုကြပြီးရင် တောင်သမန်တံတားရှိရာ ဆက်လက်သွားရောက်ကြအုံးမှာပါ။ စန္ဒာမုနိဘုရားမှာတော့ သစ်ပင်အရိပ်တွေအောက်မှာ ခဏတာနားခဲ့ရပါတယ်။ ဆာလောင်နေကြပြီဖြစ်တဲ့ နေ့လယ်စာထမင်းကို တောင်သမန်တံတားရောက်မှ အကြော်စုံပူပူနွေးနွေးနဲ့ စားသောက်ကြရပါတော့မယ်။

စနေနေ့ညကစားမဲ့ ဥရောပဇုန်ကမ္ဘာ့ဖလားခြေစစ်ပွဲစဉ်တွေထဲက ခြေစွမ်းပိုင်းထက်မြက်နေတဲ့ ပေါ်တူဂီအသင်း၊ ချက်အသင်း၊ အိုင်ယာလန်အသင်းတို့ကို အားပေးရမှာပါ

ML

ဒီတစ်ပတ်စနေနေ့ညမှာတော့ အမှတ်ပေးပွဲစဉ်တွေ ခေတ္တရပ်နားပြီး နိုင်ငံတကာပြိုင်ပွဲတွေ ကျင်းပမှာဖြစ်ပါတယ်။ နိုင်ငံတကာပွဲတွေဟာ အမှတ်ပေးပွဲစဉ်တွေလောက် ပရိသတ်စိတ်ဝင်စားမှုမများပေမဲ့ လက်ရှိ ကျင်းပမဲ့ ပွဲစဉ်တွေကတော့ ၂၀၂၆ ကမ္ဘာ့ဖလားခြေစစ်ပွဲစဉ်တွေဖြစ်လို့ အကြိတ်အနယ်ရှိလာမှာ သေချာပါတယ်။ စနေနေ့ညမှာတော့ ကမ္ဘာ့ဖလားခြေစစ်ပွဲတွေထဲက ဥရောပဇုန်၊ အာဖရိကဇုန်၊ ကွန်ကာကပ်ဇုန် ပြိုင်ပွဲတွေရှိပေမဲ့ ဥရောပဇုန်အသင်းတွေဟာ အခြားဇုန်က အသင်းတွေ ထက်ပြိုင်ဆိုင်မှု ပိုပြင်းထန်တာဖြစ်လို့ ဥရောပဇုန်ပွဲစဉ်တွေထဲက အဖွင့်ပွဲစဉ်မှာအဘက်ဘက်က အသာရထားတဲ့ အသင်းကြီးတွေကိုပဲ အားပေးရမှာပါ။

ပေါ်တူဂီအသင်းနိုင်ပွဲရမှာပါ

စနေနေ့ညကစားမဲ့ ဥရောပဇုန် ကမ္ဘာ့ဖလားခြေစစ်ပွဲစဉ်တွေထဲက အကြိုက်တွေ့တာကတော့ အာမေးနီးယားအသင်းနဲ့ ပေါ်တူဂီအသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ သူတို့နှစ်သင်းဟာ ခြေစစ်ပွဲအုပ်စု (F) မှာ ဟန်ဂေရီ အသင်း၊ အိုက်ယာလန်အသင်းတို့နဲ့ ကစားရမှာဖြစ်ပါတယ်။ ဒီအုပ်စုမှာ ပေါ်တူဂီအသင်းက ခြေစွမ်းပိုင်းသာလွန်မှုရှိနေပြီး အာမေးနီးယား အသင်းကတော့ ခြေစွမ်းပိုင်းအားအနည်းဆုံးဖြစ်နေတာကို တွေ့ရမှာပါ။ အာမေးနီးယားအသင်းဟာ ကမ္ဘာ့ခြေစစ်ပွဲကို တစ်ကြိမ်မှ အောင်မြင်ခဲ့ဖူးခြင်းမရှိသလို လက်ရှိ ကစားသမားစုဖွဲ့မှုကလဲ ဥရောပကလပ်အသင်းငယ်တွေမှာ ကစားနေတဲ့ ကစားသမားတွေများနေတာဖြစ်ပါတယ်။ အာမေးနီးယားအသင်းဟာ ပြီးခဲ့တဲ့ ယူရိုခြေစစ်ပွဲ၊ နေးရှင်းလင်ဂ်ပြိုင်ပွဲတွေမှာလဲ ရလဒ်ကောင်းဖို့ ရုန်းကန်ခဲ့ရပြီး နောက်ဆုံးကစားခဲ့တဲ့ ငါးပွဲဆက်မှာ တစ်ပွဲသာနိုင်ပွဲရခဲ့တာကို တွေ့ရမှာပါ။ လက်ရှိနည်းပြသစ် မာလစ်ရန်းက ခံစစ်အားပြုကစားနေပေမဲ့ ကစားသမားတွေရဲ့တစ်ဦးချင်း စွမ်းဆောင်ရည်ပိုင်းအားနည်းချက်က တိုက်စစ်ကောင်းတဲ့အသင်းတွေ ကိုဂိုးပေးနေရလို့ အခုပွဲမှာလဲ ဂိုးပြတ်မရှုံးဖို့ ကြိုးပမ်းရမှာဖြစ်ပါတယ်။

ပေါ်တူဂီအသင်းဟာ လက်ရှိနည်းပြ မာတီနက်ဇ်လက်ထက်မှာ ကစားသမားစုဖွဲ့မှုနဲ့ နည်းစနစ်ပိုင်း ကောင်းလာတာကြောင့် ပြီးခဲ့တဲ့ ၂၀၂၄-၂၀၂၅ နေးရှင်းလင်ဂ်ပြိုင်ပွဲမှာ ဆုဖလားရရှိခဲ့တာဖြစ်ပါတယ်။ လက်ရှိကစားသမားစုဖွဲ့မှုကလဲ ဥရောပထိပ်သီးအသင်းတွေမှာ ခြေစွမ်းပိုင်းထက်မြက်နေတဲ့ ကစားသမားတွေဖြစ်နေလို့ အာမေးနီးယား လိုအသင်းကို ထိန်းချုပ်ကစားနိုင်မှာ သေချာပါတယ်။ ပေါ်တူဂီဟာ ကမ္ဘာ့ဖလားခြေစစ်ပွဲသမိုင်းမှာ ၁၉၉၈ ခုနှစ်မတိုင်မီထိ ခြေစစ်ပွဲအောင်ဖို့ ရုန်းကန်ခဲ့ရပေမဲ့ ၂၀၀၂ ခုနှစ်ကစလို့ ကမ္ဘာ့ဖလားခြေစစ်ပွဲတွေမှာ နှစ်တိုင်းခြေစစ်ပွဲအောင်မြင်ခဲ့သလို တိုက်စစ်မှုး စီရော်နယ်ဒို စတင်ပါဝင်ကစားခဲ့တဲ့ ၂၀၀၆ ကမ္ဘာ့ဖလားပြိုင်ပွဲမှာတော့ ဆီမီးဖိုင်နယ်ထိ တက်ရောက်နိုင်ခဲ့တာကို တွေ့ရမှာပါ။ အခုချိန်မှာတော့ လူငယ်ကစား သမားကောင်းတွေ ပေါ်ထွက်လာပြီး ခြေစွမ်းပိုင်းအားနည်းတဲ့ အာမေး နီးယားအသင်းနဲ့ကစားရမှာဖြစ်လို့ တိုက်စစ်ပိုင်းခြေစွမ်းပြ ကစားနိုင် မယ်ဆိုရင် ပေါ်တူဂီအသင်းနိုင်ပွဲရမှာ သေချာပါတယ်။

အာမေးနီးယားအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

လတ်ဗီးယား	၁	-	၂	အာမေးနီးယား
အာမေးနီးယား	၀	-	၃	ဂျော်ဂျီယာ
ဂျော်ဂျီယာ	၆	-	၁	အာမေးနီးယား
ကိုဆိုဗို	၅	-	၂	အာမေးနီးယား
မွန်တီနီဂရိုး	၂	-	၂	အာမေးနီးယား

ပေါ်တူဂီအသင်းရဲ့နောက်ဆုံး ငါးပွဲရလဒ်

ခရိုအေးရှား	၁	-	၁	ပေါ်တူဂီ
ဒိန်းမတ်	၁	-	၀	ပေါ်တူဂီ
ပေါ်တူဂီ	၅	-	၂	ဒိန်းမတ်
ဂျာမနီ	၁	-	၂	ပေါ်တူဂီ
ပေါ်တူဂီ	၂	-	၂	စပိန်

ချက်အသင်းကို အားပေးရမှာပါ

ဥရောပဇုန် ကမ္ဘာ့ဖလားခြေစစ်ပွဲမှာ နောက်ထပ်အကြိုက်တွေ့တာကတော့ မွန်တီနီဂရိုးအသင်းနဲ့ ချက်အသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ သူတို့နှစ်သင်းဟာ ခြေစစ်ပွဲ အုပ်စု (L) မှာ ခရိုအေးရှား၊ ဖာရိုးကျွန်းစု၊ ဂျီဘရော်တာတို့နဲ့ တစ်အုပ်စုတည်းကျရောက်နေတာကို တွေ့ရမှာပါ။ အုပ်စု(L) ခြေစစ်ပွဲတွေကိုတော့ ပြီးခဲ့တဲ့ မတ်လကတည်းက စတင်ကျင်းပခဲ့တာဖြစ်ပြီး လက်ရှိမှာ ချက်အသင်းက ရမှတ်ကိုးမှတ်နဲ့ အဆင့်(၁)၊ ခရိုအေးရှားက ရမှတ်ခြောက်မှတ်နဲ့ အဆင့်(၂)၊ မွန်တီနီဂရိုးက ခရိုအေးရှားနဲ့ ရမှတ်တူဂိုးကွာခြားချက်နဲ့ အဆင့်(၃) မှာရောက်ရှိနေတာကို တွေ့ရမှာပါ။ ဒီအုပ်စုမှာ မွန်တီနီဂရိုး၊ ချက်၊ ခရိုးအေးရှား အသင်းတို့သာ ခြေစစ်ပွဲအောင်မြင်ဖို့ယှဉ်ပြိုင်ရမှာဖြစ်ပြီး ခရိုအေးရှားက တော့ ခြေစွမ်းပိုင်းအကောင်းဆုံးဖြစ်နေတာကို သတိပြုရမှာပါ။ မွန်တီနီဂရိုးကတော့ ဂျီဘရော်တာ၊ ဖာရိုးကျွန်းစုနဲ့ပွဲကို အနိုင်ရခဲ့ပေမဲ့ ချက်အသင်းနဲ့ပွဲစဉ်မှာ နှစ်ဂိုးပြတ်ရှုံးခဲ့တာဖြစ်ပါတယ်။ သူတို့အသင်း နည်းပြကတော့ ၄-၂-၃-၁ ကစားကွက်ကို အထိုင်ချကစားနေပေမဲ့ ခံစစ်ပိုင်းက နောက်ဆုံးကစားခဲ့တဲ့ ခြေစမ်းပွဲမှာ အာမေနီးယားကို အိမ်ကွင်းမှာ နှစ်ဂိုးပြတ်နဲ့ ရှုံးခဲ့တာကြောင့် ချက်အသင်းလို အသင်းလိုက် ကစားအားကောင်းတဲ့ အသင်းကိုတော့ ပွဲချိန်ပြည့်ထိန်းချုပ်ဖို့ခက်မှာ ပါ။ ဒုံပြင် ထိပ်တိုက်တွေ့ဆုံမှု နောက်ဆုံးခြောက်ကြိမ်မှာလဲ ခြောက်ပွဲစလုံးရှုံးနိမ့်ခဲ့တာကို တွေ့ရမှာပါ။

ချက်အသင်းကတော့ ၂၀၂၄ ယူရိုပြိုင်ပွဲနောက်ပိုင်းမှာ ကစားပုံ တိုးတက်လာတာကြောင့် နေးရှင်းလင်ဂ်ပြိုင်ပွဲမှာလဲ ရလဒ်ကောင်းခဲ့လို့ လင်ဂ်(A) ကို တက်ရောက်ကစားခွင့်ရခဲ့တာဖြစ်ပါတယ်။ သူတို့အသင်းရဲ့ ကစားသမားစုဖွဲ့မှုကလဲ ဥရောပကလပ်အသင်းငယ်က ကစားသမား တွေများတယ်ဆိုပေမဲ့ ခြေစွမ်းပြကစားသမားတွေဖြစ်တဲ့ ပက်ထရစ်ရိုခ်၊ ဆူစက်တို့လို ကစားသမားတွေရှိနေတာကြောင့် မွန်တီနီဂရိုးအသင်း ထက်စုဖွဲ့မှုပိုကောင်းနေတာကို သတိပြုရမှာပါ။ လက်ရှိအိမ်ရှင်အသင်းရဲ့ ခံစစ်ပိုင်းကလဲ ဂျီဘရော်တာလိုအသင်းကိုတောင် ပေးဂိုးရှိထားတာ ဖြစ်လို့ ချက်အသင်းက တိုက်စစ်မှုး ပက်ထရစ်ရိုခ်ကို ထိန်းချုပ်ဖို့တော့ ခက်ခဲမှာပါ။ ချက်အသင်းဟာ ခြေစစ်ပွဲသမိုင်းမှာ ၁၉၃၄ ခုနှစ်နဲ့ ၁၉၆၂ ခုနှစ်မှာ ဗိုလ်လုပွဲတက်ရောက်နိုင်ခဲ့ပေမဲ့ ၁၉၉၈ ခုနှစ်နောက်ပိုင်း ချက်ကိုဆလိုဗက်ကီးယားပြည်ထောင်စုက ခွဲထွက်သွားချိန်မှာ ၂၀၀၆ ခုနှစ် ပြိုင်ပွဲမှာသာ ခြေစစ်ပွဲအောင်မြင်ခဲ့တာဖြစ်ပါတယ်။ လက်ရှိသုံးပွဲ ကစားအပြီး နှစ်ပွဲနိုင်ထားတာကြောင့် အခုပွဲကို နိုင်ပွဲရခဲ့မယ်ဆိုရင် ခြေစစ်ပွဲအောင်မြင်ဖို့ အခွင့်အရေးရှိနေတာဖြစ်လို့ ပြိုင်ဘက်ကို ထိန်းချုပ်ကစားရင်း နိုင်ပွဲရှာလာမဲ့ ချက်အသင်းကို အားပေးရမှာပါ။

မွန်တီနီဂရိုးအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

မွန်တီနီဂရိုး	၃	-	၁	တူကီယဲ
မွန်တီနီဂရိုး	၃	-	၁	ဂျီဘရော်တာ
မွန်တီနီဂရိုး	၁	-	၀	ဖာရိုးကျွန်းစု
ချက်	၂	-	၀	မွန်တီနီဂရိုး
မွန်တီနီဂရိုး	၂	-	၂	အာမေးနီးယား

ချက်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

ချက်	၂	-	၁	ဂျော်ဂျီယာ
ချက်	၂	-	၁	ဖာရိုးကျွန်းစု
ဂျီဘရော်တာ	၀	-	၄	ချက်
ချက်	၂	-	၀	မွန်တီနီဂရိုး
ခရိုအေးရှား	၅	-	၁	ချက်

အိုင်ယာလန်အသင်းကို ရွေးရမှာပါ

ဥရောပဇုန်ခြေစစ်ပွဲမှာ နောက်ထပ်အကြိုက်တွေ့တာကတော့ အိုင်ယာလန်အသင်းနဲ့ ဟန်ဂေရီအသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ အိုင်ယာလန်အသင်းဟာ ပြီးခဲ့တဲ့ ယူရို ၂၀၂၄ ခြေစစ်ပွဲမှာတော့ ပြင်သစ်၊ နယ်သာလန်၊ ဂရိတို့လိုအသင်းတွေနဲ့ တွေ့ဆုံခဲ့တာကြောင့် ခြေစစ်ပွဲ အုပ်စုကပဲ လှည့်ပြန်ခဲ့ရတာကို တွေ့ရမှာပါ။ အဲဒီနောက်ပိုင်း နေးရှင်း လင်ဂ်အုပ်စု(B) မှာ ဂရိ၊ အင်္ဂလန်၊ ဖင်လန်အသင်းတို့နဲ့ ကစားခဲ့ရတာ ကြောင့် တန်းမဆင်းရရေးရုန်းကန်ခဲ့ရပြီး နောက်ဆုံးအဆင့်မှာ ဘူလ်ဂေ ရီးယားကို နိုင်ပွဲရခဲ့လို့ လင်ဂ်(B) မှာ ဆက်လက်ကစားခွင့်ရခဲ့တာဖြစ်ပါ တယ်။ သူတို့အသင်းဟာ ကမ္ဘာ့ဖလားခြေစစ်ပွဲသမိုင်းမှာ ၁၉၉၀ ပြည့်နှစ်မှာ ကွာတားဖိုင်နယ်အဆင့်၊ ၁၉၉၄ ခုနှစ်မှာ ၁၆ သင်းအဆင့်၊ ၂၀၀၂ ခုနှစ်မှာ ၁၆ သင်းအဆင့်ရောက်ရှိခဲ့ပြီးနောက်ပိုင်း ခြေစစ်ပွဲ အောင်မြင်ခဲ့ခြင်းမရှိတော့တာကို တွေ့ရမှာပါ။ လက်ရှိမှာတော့ ပေါ်တူဂီ၊ ဟန်ဂေရီ၊ အာမေးနီးယားတို့နဲ့ကစားရပေမဲ့ ဟန်ဂေရီကို အနိုင်ကစား နိုင်ရင် အုပ်စုဒုတိယနေရာနဲ့ ပြီးဆုံးနိုင်ဖို့များနေလို့ ခြေစစ်ပွဲအောင်ဖို့ အခွင့်အရေးရမှာဖြစ်ပါတယ်။ ကစားသမားစုဖွဲ့မှုကတော့ အင်္ဂလန်ကလပ် အသင်းတွေမှာ ကစားနေတဲ့ကစားသမားတွေနဲ့ စုဖွဲ့ထားတာဖြစ်ပြီး နောက်ဆုံးငါးပွဲမှာ အင်္ဂလန်အသင်းကိုသာရှုံးခဲ့တာကို တွေ့ရမှာပါ။

ဟန်ဂေရီအသင်းကတော့ နောက်ဆုံးကစားခဲ့တဲ့ ငါးပွဲဆက်မှာ အာဇာဘိုင်ဂျန်တစ်သင်းထဲသာ အနိုင်ရခဲ့တာကို တွေ့ရမှာပါ။ သူတို့ အသင်းဟာ ၂၀၂၄ ယူရိုပြိုင်ပွဲကို ဝင်ရောက်ကစားခွင့်ရခဲ့ပေမဲ့ အုပ်စု အဆင့်မှာ ဂျာမနီ၊ ဆွစ်ဇာလန်တို့ကိုရှုံးခဲ့ပြီး စကော့တလန်ကို နိုင်ပွဲရခဲ့ လို့ အုပ်စုကထွက်ခဲ့ရတာဖြစ်ပါတယ်။ အဲဒီနောက်ပိုင်း နေးရှင်းလင်ဂ် အုပ်စု (A) မှာ ဂျာမနီ၊ နယ်သာလန်၊ ဘော့ဇနီးယားတို့နဲ့ ကစားခဲ့ရပေမဲ့ ဘော့ဇနီးယားကိုသာ နိုင်ပွဲရခဲ့တာကြောင့် တန်းဆင်းရဖို့ခြေစစ်ပွဲကစား ခဲ့ရပြီး တူကီယဲကို နှစ်ကျော့စလုံးရှုံးခဲ့တာကြောင့် လင်ဂ်(B) ကိုတန်းဆင်း ခဲ့ရတာဖြစ်ပါတယ်။ လက်ရှိကစားသမားစုဖွဲ့မှုမှာလဲ ဆိုဘော့ဇာလိုင် ကလွဲရင် ကျန်ကစားသမားတွေက ဥရောပအသင်းငယ်တွေကဖြစ်နေလို့ နည်းပြရဲ့ နည်းစနစ်ပိုင်းမှာ ကစားသမားတွေအနေနဲ့ လိုက်ပါကစားနိုင် ခြင်းမရှိလို့ နောက်ပိုင်းမှာ ရလဒ်ကောင်းဖို့ ခက်ခဲနေတာကို တွေ့ရမှာ ပါ။ ကမ္ဘာ့ဖလားသမိုင်းမှာတော့ ၁၉၃၈၊ ၁၉၅၄ ခုနှစ်မှာ ဗိုလ်လုပွဲ၊ ၁၉၃၂၊ ၁၉၆၂၊ ၁၉၆၆ ခုနှစ်တွေမှာ ကွာတားဖိုင်နယ်အဆင့်အမြင့်ဆုံး ရောက်ခဲ့ပေမဲ့ ၁၉၈၆ ခုနှစ်နောက်ပိုင်းမှာတော့ မျိုးဆက်သစ်ကစား သမားတွေ ပေါ်ထွက်လာခြင်းမရှိတာကြောင့် ခြေစစ်ပွဲအောင်မြင်ခဲ့ခြင်း မရှိတော့ပါဘူး။ လက်ရှိအကျော့ပေးမှုက အိုင်ယာလန်က သရေဆိုခပ်ပါး ပါးဆုံးရှုံးမဲ့ အခြေအနေက ခြေစွမ်းပိုင်းကျဆင်းလာတဲ့ ဟန်ဂေရီကြောင့် အိမ်ရှင်အသင်းမရှုံးနိုင်တာဖြစ်လို့ အိုင်ယာလန်အသင်းကိုပဲ ရွေးရမှာပါ။

အိုင်ယာလန်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

အင်္ဂလန်	၅	-	၀	အိုင်ယာလန်
ဘူလ်ဂေးရီးယား	၁	-	၂	အိုင်ယာလန်
အိုင်ယာလန်	၂	-	၁	ဘူလ်ဂေးရီးယား
အိုင်ယာလန်	၁	-	၁	ဆီနီဂေါ
လူဇင်ဘတ်	၀	-	၀	အိုင်ယာလန်

ဟန်ဂေရီအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

ဟန်ဂေရီ	၁	-	၁	ဂျာမနီ
တူကီယဲ	၃	-	၁	ဟန်ဂေရီ
ဟန်ဂေရီ	၀	-	၃	တူကီယဲ
ဟန်ဂေရီ	၀	-	၂	ဆွီဒင်
အဇာဘိုင်ဂျန်	၁	-	၂	ဟန်ဂေရီ

ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ မေးခွန်းနမူနာပုံစံများအား လေ့လာနိုင်ကြောင်း အသိပေးခြင်း

စစ်တက္ကသိုလ်၊ တပ်မတော်နည်းပညာတက္ကသိုလ်နှင့် တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲအတွက် မေးခွန်းနမူနာပုံစံများအား Myawady Webportal (www.myawady.net.mm/cadets)နှင့် Myanmar National Portal(www.myanmar.gov.mm/documents)တို့တွင် ကြည့်ရှုလေ့လာနိုင်ပါသည်။

စစ်ရာထူးခန့်ချုပ်ရုံး
ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)

အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးလုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင် အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှုရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် ''1111'' အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများ မေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီ အစဉ် (Public Feed-back Programme-PFP) ကို အသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့ အစည်းများထံမှ Short Code နံပါတ် ''1111'' ဖြင့် ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ခဲ့ရသည့်အခြေအနေများ နှင့်စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော SMS များကို မှန်ကန်စွာပြန်လည်ဖြေကြားပေးခြင်းဖြင့် သက်ဆိုင်ရာဌာနအသီးသီး၏ ဝန်ဆောင်မှုလုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များက Short Code နံပါတ် ''1111'' ဖြင့် SMS ပေးပို့မေးမြန်းလိုက်သော မေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်း က ပါဝင်ဆောင်ရွက်ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်ကို အတူတကွပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါ ကြောင်း အသိပေးနှိုးဆော်တင်ပြအပ်ပါသည်။

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်

ကောလင်းခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်ကေအားလုံး ရာနှုန်းပြည့်စိုက်ပျိုးပြီးစီး

ယခုနှစ် ခရမ်းချဉ်သီးစိုက်ခင်းကို တွေ့ရစဉ်။

ကောလင်း စက်တင်ဘာ ၄

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်ဧကအားလုံး ရာနှုန်းပြည့် စိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း ကောလင်းခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ကောလင်းခရိုင်တွင် ဟင်းသီးဟင်းရွက် ၂၈၇၉ ဧကစိုက်ပျိုးရန် လျာထားပြီး ယခုနှစ်မေလ ပထမပတ်မှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ရာနှုန်းပြည့်ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ကောလင်းခရိုင်မှာ ဟင်းသီးဟင်းရွက် ၂၈၇၉ ဧက စိုက်ပျိုးဖို့ အတွက် လျာထားပါတယ်။ဒီနေ့ထိ ရာနှုန်းပြည့်ဧက စိုက်ပျိုးပြီးစီးနေပြီဖြစ်ပါတယ်။ မုန်ညင်း၊ဂျုတ်၊နံနံ၊ အာလူး၊ဂေါ်ဖီထုပ်၊ခရမ်းချဉ် စတဲ့ သီးနှံတွေဖြစ်ပါတယ်။ စိုက်ပျိုးတဲ့ ဟင်းသီးဟင်းရွက်အားလုံးကို GAPနည်းစနစ်နဲ့ စိုက်ပျိုးနိုင်အောင် တောင်သူတွေကို နည်းပညာပေးပါတယ်။စိုက်ပျိုးတဲ့ဟင်းသီးဟင်းရွက်အားလုံးကိုတောင်သူတွေကို ဓာတုဓာတ်ကြွင်းအနည်းဆုံးဖြစ်အောင် ကျန်းမာရေးနဲ့ ကိုက်ညီအောင်စိုက်ပျိုးဖို့ နည်းပညာတွေ ပေးခဲ့ပါတယ်" ဟု ကောလင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းသိန်းက ပြောပြသည်။

မိုးသီးနှံစိုက်ပျိုးရာသီ၌ ကောလင်းခရိုင်တွင် ဟင်းသီးဟင်းရွက်စိုက်ပျိုးရန်အတွက် မြို့နယ်အလိုက် လျာထားမှုအနေဖြင့် ကောလင်းမြို့နယ်တွင် ၈၉၄ ဧက၊ ဝန်းသိုမြို့နယ်တွင် ၁၄၂၄ ဧကနှင့် ပင်လည်ဘူးမြို့နယ်တွင် ၅၆၁ ဧက စုစုပေါင်း ၂၈၇၉ ဧကတို့ဖြစ်ကြောင်း သိရသည်။

ယခုနှစ် ကောလင်းခရိုင်တွင် ဟင်းသီးဟင်းရွက်စိုက်တောင်သူများကို သက်ဆိုင်ရာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် GAP နည်းစနစ်ဖြင့် စိုက်ပျိုးရန်အတွက် နည်းပညာသင်တန်းပေးခြင်း၊စိုက်ခင်းများမှ ထွက်ရှိလာသည့်ဟင်းသီးဟင်းရွက်များ ကျန်းမာရေးနှင့် ညီညွတ်သည့် သီးနှံဖြစ်စေရန် နည်းပညာများ ပေးခြင်းတို့ကို တောင်သူများ ဟင်းသီးဟင်းရွက်များ တိုးချဲ့စိုက်ပျိုးလာရန် ဆောင်ရွက် ပေးလျက်ရှိကြောင်း သိရသည်။

ဟင်းသီးဟင်းရွက်ကို အထွက်နှုန်း တိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ မြင့်မားတိုးတက်လာမည်ဖြစ်သောကြောင့် ဟင်းသီးဟင်းရွက်ကို ဒေသမရွေး ပိုမိုတိုးချဲ့ စိုက်ပျိုးသင့်ကြောင်း ခရိုင်ဦးစီးမှူး ဦးဝင်းသိန်းက ပြောပြ၍ သိရသည်။

(၂၀၆)

ဧလွန်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ သြဂုတ်လအတွင်း ကွမ်းသီးအနုပိသာချိန် အများအပြား တင်ပို့ရောင်းချနိုင်ခဲ့

ဧလွန် စက်တင်ဘာ ၄

ဧရာဝတီတိုင်းဒေသကြီး ဧလွန်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ သြဂုတ်လအတွင်း ကွမ်းသီးအနုပိသာချိန်အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဧလွန်မြို့နယ် ကွမ်းသီးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ကြည်စန်းက ပြောပြသည်။

ဧလွန်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့်ဧပြီလအတွင်း ကွမ်းသီးအနုပိသာချိန် ၅၅၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး သြဂုတ်လအတွင်းကွမ်းသီးအနုပိသာချိန် ၈၀၀၀၀ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ကွမ်းသီးအနုများ တင်ပို့အားကောင်းလာခြင်းသည် ပြည်တွင်းရန်ကုန်ဈေးကွက်မှ ကွမ်းသီးအနုများ ဝယ်လိုအားကောင်းနေခြင်းကြောင့်ဖြစ်ကြောင်း သိရသည်။

''ဧလွန်မြို့နယ်ထဲကနေ ရန်ကုန်ဈေးကွက်ကို ကွမ်းသီးအနုပိသာချိန်အများအပြား သြဂုတ်လထဲမှာ တင်ပို့ရောင်းချခဲ့ပါတယ်။ ကွမ်းသီးအနုတွေ အမှာကုန်များလာလို့ ရန်ကုန်ဈေးကွက်သို့ တင်ပို့ကုန်အများအပြား တင်ပို့ခဲ့ရခြင်းဖြစ်ပါတယ်။ လက်ရှိ ကွမ်းသီးအနုတစ်ပိသာကို ငွေကျပ် ၁၅၅၀၀ ထိ ပေါက်ဈေးရှိပါတယ်။ လက်ရှိ ကွမ်းသီးတွေ အရောင်းအဝယ်ဖြစ်နေတော့ ကွမ်းသီးစိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူတွေလုပ်ငန်းအဆင်ပြေပြေ လည်ပတ်လုပ်ကိုင်နေရပါတယ်''ဟု ဧလွန်မြို့နယ် ကွမ်းသီးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ကြည်စန်းက ပြောပြသည်။

ဧလွန်မြို့နယ်က ထွက်ရှိသည့် ကွမ်းသီးအနုများကို ကုန်သည်များက ကွမ်းသီးခြံများအရောက် သွားရောက်ဝယ်ယူကာစနစ်တကျ ရွေးချယ်ထုပ်ပိုးပြီး ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ အဆိုပါ ကွမ်းသီးအနုများ ဝယ်ယူအားကောင်းလာသည့် အတွက် ကုန်သည်များ၊တောင်သူများ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ်အင်္ဂါးလိုက်သူများ အလုပ်အကိုင်များ အဆင်ပြေနေကြောင်းသိရသည်။

ကျော်ကျော်လင်း

ဖခင်အမည်မှန်

စစ်ကိုင်းမြို့၊ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း၊ Grade-3(A) တွင် ပညာသင်ကြားနေသော မောင်သွန်းထက်ကောင်း၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးကျော်မျိုးနိုင်ဖြစ်ပါကြောင်း။ **ဦးကျော်မျိုးနိုင်(၅/ရဘန(နိုင်)၁၅၅၀၇၁)**

အမည်ပြောင်း

မန္တလေးမြို့၊ ဖောင်တော်ဦးဘုန်းတော်ကြီးသင်ကျောင်း၊ Grade-12 တွင် ပညာသင်ကြားနေသော (ဘ) ဦးဟန်မင်းအောင်၏သမီး မအိအိနွေးအား မသော်တာအောင်ဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။ **မသော်တာအောင်**

အမည်မှန်

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ဆု-ကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade-10 မှ မောင်စိုင်းနော်ခမ်း၏ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးစိုင်းဆိုင်းလှိုင်ဖြစ်ပါကြောင်း။

ဦးစိုင်းဆိုင်းလှိုင်(၁/မစန(နိုင်)၀၁၆၄၄၀၇)

မိခင်အမည်မှန်

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ အထက(ဖ)၊ Grade-12 တွင် ပညာသင်ကြားနေသော လွေးအီမြအောင်၏မိခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဒေါ်အီသန်းညွှန့်ဖြစ်ပါကြောင်း။

ဒေါ်အီသန်းညွှန့်(၁၃/နခန(နိုင်)၀၅၄၇၂၈)

ပျောက်ဆုံးကြောင်း

မိုးကုတ်မြို့၊ ခြသေ့ရေရပ် ရမ်းမှုး (ဘ) ဦးဟာရီဘာဒူး(၉/မကန(နိုင်)၁၂၈၀၄၂)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **09-453324339**

သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်းမှ ပြန်လည်ရုတ်သိမ်းခြင်း

၂၆-၅-၂၀၂၃ ရက်၊ ရတနာပုံသတင်းစာ စာမျက်နှာ(၃၁) သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း၊ မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်၊ အမှတ်(၅)ရပ်ကွက်နေ ဒေါ်သန္တာဦး၏သမီးဖြစ်သူ မဇာလီရင်(၉/ခမစ(နိုင်)၁၃၇၉၆၆)အား သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်းကြော်ငြာကို ယနေ့မှစ၍ ပြန်လည်ရုတ်သိမ်းပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်သန္တာဦး
(၉/မရတ(နိုင်)၀၉၇၃၅၄)

ပုံစံ(၇) ပျောက်ဆုံးကြောင်း

တံတားဦးမြို့နယ်၊ စကားအင်းကျေးရွာ အုပ်စု ကွင်းအမှတ်(၁၃၃၀/ခ)၊ ဦးပိုင်အမှတ်(၂၅)၊ ဧရိယာ (၅.၇၀)ဧက ယာမြေအားပိုင်ဆိုင်သူ ဦးဝင်းဆွေ (ဘ) ဦးလှစိန်(၉/တတဥ(နိုင်)၀၀၈၉၄၅)၏ ပုံစံ(၇)နှင့် ပုံစံ(၁၀၅)မူရင်းတို့မှာ (၁၃-၉-၂၀၂၄)ရက်နေ့တွင် သဘာဝဘေးရေကြီးရေလျှံမှုကြောင့် ပျက်စီးခဲ့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးဝင်းဆွေ
(၉/တတဥ(နိုင်)၀၀၈၉၄၅)

အဖိုးတန်ရေချိုကို ချွေတာပါ

ဖခင်အမည်မှန်

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ အထက(ဖ)၊ Grade-12 တွင် ပညာသင်ကြားနေသော မခိုင်မိုးဝေ၏ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးစန်းအေးဖြစ်ပါကြောင်း။

ဦးစန်းအေး(၉/ငဇန(နိုင်)၀၄၈၆၁၅)

သင့်သွေးဖြင့် အသက်ကယ်ပါ

"အဂတိပယ်ခွာ ပြည်သာယာ"
Remove Corruption, Promote Prosperity

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပထာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေဖျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဧရာဝတီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-စာ၀၃၃၄၄၇၊
၀၆၇-စာ၀၃၃၄၄၄
Email Address – accm@accm.gov.mm
Website Address – http://www.accm.gov.mm

❖ နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို ကာကွယ်ထိန်းသိမ်းရေးမှာ ပြည်ထောင်စုသားအားလုံး၏ မွေးရာပါတာဝန်ဖြစ်သောကြောင့် "နိုင်ငံသူ၊ နိုင်ငံသားအားလုံးတို့က စည်းလုံးညီညွတ်စွာဖြင့် ပြည်ထောင်စုစိတ်ဓာတ်အရင်းခံကာ နိုင်ငံတော်ကို ဝိုင်းဝန်းကာကွယ်စောင့်ရှောက်ထိန်းသိမ်းသွားကြပါရန်" အလေးအနက်တိုက်တွန်းအပ်ပါသည်။

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် ကျရောက်သော ၇၇ နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဟေလုံကျန်းပြည်နယ် ပါတီအတွင်းရေးမှူးနှင့် တွေ့ဆုံဆွေးနွေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဟေလုံကျန်းပြည်နယ် ပါတီအတွင်းရေးမှူး Mr. Xu Qin နှင့် တွေ့ဆုံဆွေးနွေးစဉ်။

နေပြည်တော် စက်တင်ဘာ ၄

တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ အလုပ်သဘောခရီး ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့ ဒေသစံတော်ချိန် ည ၆ နာရီတွင် ဟေလုံကျန်းပြည်နယ် ပါတီအတွင်းရေးမှူး Mr. Xu Qin နှင့် တွေ့ဆုံဆွေးနွေးသည်။

အဆိုပါတွေ့ဆုံပွဲသို့ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်အတူ ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီးတို့ တက်ရောက်ကြပြီး ဟေလုံကျန်းပြည်နယ် ပါတီအတွင်းရေးမှူးနှင့်အတူ

စာမျက်နှာ ၁၉ ကော်လံ ၄ ☆

အကြမ်းဖက်မှုပယောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊လူသတ်၊အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်၊ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၂၀၂၆ အာရှဖလားခြေစစ်ပွဲ ယူ-၂၃ အမျိုးသားဘောလုံးပြိုင်ပွဲ အုပ်စု(B) ခြေစစ်ပွဲစဉ် တိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် စက်တင်ဘာ ၄

၂၀၂۶ အာရှဖလားခြေစစ်ပွဲ ယူ-၂၃ အမျိုးသားဘောလုံးပြိုင်ပွဲ အုပ်စု(B) ခြေစစ်ပွဲစဉ်များကို စက်တင်ဘာ ၃ ရက်မှ ၉ ရက်ထိ ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်း၌ ကျင်းပလျက်ရှိရာ စက်တင်ဘာ ၆ ရက် ညနေ ၄ နာရီတွင် မြန်မာ့လက်ရွေးစင်ယူ-၂၃ အမျိုးသားဘောလုံးအသင်းနှင့် ဂျပန်အမျိုးသားဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

အဆိုပါပွဲစဉ်ကို ယင်းနေ့ညနေ ၃ နာရီ ၄၅ မိနစ်မှစတင်၍ MRTV HD Channel၊ MRTV Entertainment Channel နှင့် မြန်မာ့အသံရေဒီယိုတို့မှ တိုက်ရိုက်(Live) ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)